The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 13
တနင်္လာနေ့တိုင်းထုတ်ဝေသည်
March 30 , 2015

## မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခြင်း

|ပိုလ်ဇော်|

၂၀




### မြဝတီကုန်သွယ်ရေးဇုန်တွင် ဧပြီလ(၁)ရက်နေ့မှ စတင်၍ Weigh Bridge နှင့် X-Ray Machine အသုံးပြုတော့မည်

၁၈

### အာဆီယံရွှေပြတင်းက သင်းပျံ့တဲ့ရနံ့ လေညှင်းဆော်ကြရအောင်

၁၄

### မော်တော်ယာဉ်တင်သွင်းသူများနှင့် အရောင်းပြခန်းများတွင် ရောင်းချမည့်သူများအတွက် စည်းကမ်းချက်များထုတ်ပြန်

၁၅


TEREX
Brand New
GMP MOTORS
Brand New အသစ်စက်စက် 2013,2014 မော်တော်ယာဉ်များကိုဝယ်ယူရရှိနိုင်ပါသည်။
အသင့်ရောက်ရှိပြီး ဖြစ်သော Brand New ကားများကိုလည်း အမှတ် (၁၁ / ၉ )၊
ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်ရှိ Ga Mone Pwint (GMP) Motors တွင်လာရောက်ကြည့်ရှု
ဝယ်ယူ အားပေးနိုင်ပါသည်။ မိမိစိတ်ကြိုက် Japan, USA, England, Dubai နှင့်
Europe နိုင်ငံများမှ ထုတ်လုပ်သော မော်တော်ယာဉ် အသစ်အမျိုးမျိုး / တရုတ်နိုင်ငံမှ
တင်သွင်းသော SINO TRUCK Prime Mover , Dump Truck , Truck မျိုးစုံ /
Tanker Trailer များ CMIC Company မှ ထုတ်လုပ်သော အရည်အသွေးမြင့် နောက်တွဲ
ယာဉ်မျိုးစုံ / ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ် အမျိုးမျိုး ရရှိနိုင်ပါသည်။
GMP
GAMONEPWINT
No . 11/9 , Ywarma Kaung Street,
Hlaing Township, Yangon,Myanmar.
Ph: 01 516031, 516160,516162
Website : www.gmpmotor.net
Facebook : facebook.com/pages/Ga-Mone-Pwint-GMP-Motors

# မြန်မာနိုင်ငံ အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်သည့်အခမ်းအနားကျင်းပ




မြန်မာနိုင်ငံ အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစတင်သည့် အခမ်းအနားကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂) (MICC-II) ၌ မတ် ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းတက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူး Ms.Arancha Gonzalez ၊ဂျာမနီ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(GIZ)မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Petra Schill ၊ ကမ္ဘာ့ဘဏ်မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Ulrich Zachau နှင့်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပမှကုန်သည်အသင်းအဖွဲ့များ၊ စီးပွားရေးပညာရှင်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများနှင့် မီဒီယာများတက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမျိုးသား ပို့ကုန် မဟာဗျူဟာအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အရေးကြီးတဲ့ အချိန်ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ဒါကြောင့် အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်နေတဲ့ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပါဝင်ပတ်သက်သူများအားလုံးလုပ်ငန်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့်လုပ်ငန်းစဉ်တစ်လျှောက် တက်ကြွစွာ ဆောင်ရွက်ကြရန်လိုပါကြောင်း အစိုးရနှင့် ပုဂ္ဂလိကတို့အကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချက်မှရရှိခဲ့တဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာမှ တစ်ဆင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာကို ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှု လျှော့ကျရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် တစ်မျိုးသားလုံးအချိုး ကျတိုးတက်ရေး ဆိုတဲ့ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်များကိုရရှိမယ်လို့ယုံကြည်ပါကြောင်း၊ ထိုမှတစ်ဆင့် **"မြန်မာနိုင်ငံသည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝမှု ဆီသို့"** ဆိုတဲ့မျှော်မှန်းချက်ကို အောင်မြင်စွာရောက်ရှိမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာအမျိုးသားပို့ကုန်မဟာဗျူဟာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူး Ms.Arancha Gonzalez ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဂျာမနီ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(GIZ) မှဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms.Petra Schill နှင့် ကမ္ဘာ့ဘဏ်မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Ulrich Zachau တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက မြန်မာနိုင်ငံအမျိုးသား ပို့ကုန်မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းများတွင် ကူညီပံ့ပိုးပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံအမျိုးသားပို့ကုန်မဟာဗျူဟာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ ဝန်ကြီးဌာနများမှ ဝန်ထမ်းများအားဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ နံနက် ၁၁း၀၀ နာရီတွင် အမျိုးသားပို့ကုန်မဟာဗျူဟာနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်အား MICC-II သတင်းစာ ရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ပြီး နေ့လယ် ၁၄း၀၀ နာရီတွင် မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ပထမအကြိမ်အစည်းအဝေးအား ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

**ခင်မောင်မောင်အုန်း**

## မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ (Myanmar Trade Development Committee- MTDC) ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာအမှတ်(၂) (MICC-2) တွင် မတ်လ ၂၅ ရက်နေ့ ၁၃း၀၀နာရီအချိန်၌ မြန်မာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ (Myanmar Trade Development Committee- MTDC) ပထမအကြိမ် အစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ရာ ကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

➲ စာမျက်နှာ ၂၁ သို့



Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.13 Monday March 30 2015

## မတ်လအတွင်းမှာ ဆန်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းမှ မတ်လ ၁၄ ရက်မှ ၂၀ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၈ ဒသမ ၉၀၉ သန်းဖိုးရှိ ဆန် ၂၄၂၂၆ တန်ကျော်တင်ပို့ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်ကထက် ၁၆၂၅ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့နိုင်မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၃၀၅၀ တန်၊ ဧည့်မထ ၈၁၇၆ တန်နဲ့ လွယ်ဂျယ်စခန်းမှ တန် ၃၀၀၀ ဖြစ်ပါတယ်။ ဆန်အပြင် ဆန်ကွဲကိုလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကန်ဒေါ်လာ ၂ ဒသမ ၇၉၀ သန်းဖိုးရှိ ဆန်ကွဲ ၈၅၉၉ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်ထက် ၈၀၁ တန်ပိုမိုတင်ပို့နိုင်ပါတယ်။မူဆယ်(၁၀၅)မိုင်မှ ဆန်ကွဲ ၇၅၉၉ တန်နဲ့ လွယ်ဂျယ်မှ တန် ၁၀၀၀ တင်ပို့တာဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းတင်ပို့မှုမှ ဆန်ဖြူများဖြစ်တဲ့ ဧည့်မထ ၅ မှတ်၊ ၁၀ မှတ်၊ ၁၅ မှတ်၊ ၂၅ မှတ်နဲ့ ငစိန် ၅ မှတ်၊ ၂၅ မှတ်၊ ပေါ်ဆန်း ၁၅ မှတ်ဆန်များကို မတ်လ တတိယပတ်ထိ ကန်ဒေါ်လာ ၁၄ ဒသမ ၉၅၃ သန်းဖိုးရှိ ဆန်တန်ချိန် ၃၉၆၃၂ တန်နဲ့ ကန်ဒေါ်လာ ၁ ဒသမ ၂၀၇ သန်းဖိုးရှိ ပေါင်းဆန် ၂၇၇၅ တန် တင်ပို့ထားခဲ့ပြီးဖြစ်ပါတယ်။ပင်လယ်ရေကြောင်းမှ ဖေဖော်ဝါရီလ တစ်လလုံးမှာ ဆန်တန်ချိန် ၂၈၀၀၀ ကျော်သာ တင်ပို့ခဲ့တဲ့အတွက် မတ်လ ၂၀ ရက်ထိ ဆန်တင်ပို့မှုမှာ ဖေဖော်ဝါရီလထက် ပိုမိုနေပြီ ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

## နယ်စပ်ဖြတ်ကျော်ဆန်တင်ပို့မှုဆိုင်ရာ စည်းမျဉ်းဥပဒေများကို ဗီယက်နမ်ပြင်ဆင်

ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များ တွေ့ကြုံနိုင်မယ့် ဆုံးရှုံးနိုင်ခြေရှိစွန့်စားမှုတွေကို လျှော့ချနိုင်ဖို့အတွက် နယ်စပ်ဖြတ်ကျော်ဆန်တင်ပို့မှုကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ဖို့ ဗီယက်နမ်ကြီးကြပ်ရေးအဖွဲ့အစည်းများက ကြိုးပမ်းမှုအဖြစ် လယ်ယာထွက်ကုန်တင်ပို့မှုဖွံ့ဖြိုးရေး မဟာဗျူဟာမူကြမ်းကို ရေးဆွဲနိုင်ရန် ကြိုးစားလျက်ရှိကြပါတယ်။

တရုတ်နိုင်ငံအစိုးရကလည်း နယ်စပ်ဂိတ်များမှတစ်ဆင့် ဆန်တင်သွင်းမှု ခွဲတမ်းများကို စီးပွားရေးလုပ်ငန်းရှင်များအား ခွင့်ပြုပေးထားပါတယ်။

ဗီယက်နမ် အစားအစာအသင်း (Vietnam Food Association-VFA) ၏ အဆိုအရ ဗီယက်နမ်က ၂၀၁၄ ခုနှစ်အတွင်း တန် ၃ ဒသမ ၆ သန်းတင်ပို့ခဲ့ရာ တန်ဖိုးအားဖြင့် ဒေါ်လာ ၃ ဘီလီယံရှိခဲ့ပါတယ်။ သို့ဖြစ်ရာ တရုတ်နိုင်ငံသို့ တရားဝင်လမ်းကြောင်းမှ ၃၀ ရာခိုင်နှုန်း တင်ပို့နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီပမာဏအနက် ဆန်နှစ်တန်ကို နယ်စပ်ဂိတ်တွေကနေတစ်ဆင့် ဈေးကွက်တွေထဲကို တင်ပို့မှာဖြစ်ပါတယ်။

ဧပြီလမှာ အပ်ကုန်စနစ်နဲ့ တင်ပို့ နိုင်ဖို့အတွက် တရုတ်စီးပွားရေးလုပ်ငန်းတွေနဲ့ စေ့စပ်ညှိနှိုင်းမှုတွေဆောင်ရွက်နေကြောင်း အန်ဂျန်းအခြေစိုက်ပို့ကုန်ကုမ္ပဏီတစ်ခုရဲ့ ဒါရိုက်တာတစ်ဦးက ပြောပါတယ်။ တရုတ်နိုင်ငံက ကုန်ကျစရိတ်လျှော့ချချင်တဲ့အတွက် နယ်စပ်ကနေဖြတ်ကျော်ပြီး တရားဝင်မဟုတ်တဲ့လမ်းကြောင်းကနေ တင်ပို့ရတာကို ပိုမိုသဘောကျတယ်လို့ သူကပြောပါတယ်။

ဆန်ကိုတရားဝင်လမ်းကြောင်းကနေဝယ်ယူရင် ခွဲတမ်းကြေးတစ်တန် ကိုဒေါ်လာ ၈၀၊ တန်ဖိုးမြှင့်ခွန်နဲ့ သွင်းကုန်ခွန်စတာတွေပေးရမှာဖြစ်ပြီး စုစုပေါင်း ဒေါ်လာ ၁၆၀ လောက်ကုန်ကျနိုင်ပါတယ်။ သို့ဖြစ်ရာ ဗီယက်နမ် ၅ မှတ်ဆန်ကိုဝယ်ရင် တစ်တန်ကို ဒေါ်လာ ၄၆၀ နဲ့ ရောင်းတဲ့အတွက် တစ်တန်ကို ဒေါ်လာ ၆၂၀ ပေးဝယ်ရမှာ ဖြစ်ပါတယ်။

ပြည်တွင်းဝယ်လိုအား မြင့်တက်မှုနဲ့ တရုတ်နိုင်ငံမှာ ဆန်ဈေးတွေ မြင့်တက်လာမှုတွေကြောင့် နယ်စပ်ဖြတ်ကျော်တဲ့ တရုတ်ဝယ်လိုအားက မြင့်တက်လျက်ရှိပါတယ်။ တရုတ်နိုင်ငံက အရည်အသွေးနည်းတဲ့ထုတ်ကုန်တွေကို လက်ခံတဲ့အတွက် ဗီယက်နမ်ကလည်း တရုတ်နိုင်ငံကိုဆန်တင်သွင်းချင်တဲ့ဆန္ဒရှိပါတယ်။ ဒါပေမယ့် ဒီဈေးကွက်ကို တင်ပို့ရတာက စွန့်ပြီးလုပ်ရတာဖြစ်ကြောင်း Southern Agriculture Science & Technique Institute မှ ဟိုကောင်ဗီယက်က ပြောပါတယ်။

အများအားဖြင့် အပ်ကုန်စနစ်နဲ့ ရောင်းရင် တရုတ်စီးပွားရေးလုပ်ငန်းတွေက အပ်ကုန်တန်ဖိုးရဲ့ ၂၀ ရာခိုင်နှုန်းကိုသာ ကြိုတင်ငွေအဖြစ်ပေးပြီး ကုန်ပစ္စည်းတွေ လက်ခံပြီးမှသာ ကျန်တဲ့ငွေကို ပေးချေပါတယ်။ ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေရင်ဆိုင်ရတဲ့ စွန့်စားမှုတွေက များလွန်းတယ်လို့ ဗီယက်က ပြောပါတယ်။

**ဉာဏ်တင်**



## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၃-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၁၂ | ၄၁၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၃ | ၄၀၁ | ▽ | ၃၅၅ | ၃၆၀ | △ | ၃၉၀ | ၃၉၀ | □ | ၃၄၅ | ၃၆၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၆ | ၃၇၆ | □ | ၃၄၀ | ၃၄၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၁၀ | ၃၃၀ | △ |
| ပေါင်းဆန် | ၃၇၅ | ၃၇၅ | □ | - | - | - | ၃၇၀ | ၃၇၀ | □ | ၃၇၀ | ၃၇၅ | △ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၃-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၀ | ၄၇၀ | □ | ၅၇၀ | ၅၇၀ | □ | ၅၇၀ | ၅၇၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၆-၃-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၄၄၀ | □ | ၃၁၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၇၅၀၀ | △ | ၆၅၇၁ | □ | ၃၁၀၀၀ | △ |
| ပဲခူး | ၃၇၀၀ | □ | ၁၆၀၀၀ | □ | ၅၉၀၀ | △ | ၂၆၅၀၀ | △ |
| ရွှေဘို | ၄၇၀၀ | □ | ၁၇၅၀၀ | △ | ၉၃၀၀ | △ | ၃၂၀၀၀ | △ |
| စစ်တွေ | ၃၇၀၀ | □ | ၁၅၀၀၀ | □ | ၆၅၀၀ | □ | ၂၄၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၅၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၆၅၀ | □ | ၁၇၅၀၀ | □ | - | - | ၃၂၅၀၀ | □ |
| မန္တလေး | ၅၀၀၀ | □ | ၁၉၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၅၀၀ | □ | ၁၈၅၀၀ | △ | - | - | ၃၆၀၀၀ | △ |
| မော်လမြိုင် | ၃၇၀၀ | △ | ၁၆၀၀၀ | □ | ၆၆၀၀ | △ | ၂၄၅၀၀ | △ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၇၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၄၀၀၀ | △ |
| ဘားအံ | ၃၇၀၀ | □ | ၁၈၀၀၀ | △ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၅၀၀ | □ | - | - | ၃၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## မူဆယ်ဈေးကွက်မှာ ပုံမှန်ဈေးနဲ့ အရောင်းအဝယ်ကြောင့် ဈေးငြိမ်နေတဲ့ ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ မတ်လ ၂၆ ရက်ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၃၀၀၀ ကျပ်၊ ထိပ်စ ၃၄၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်း လတ်စ ၃၄၅၀၀ ကျပ်၊ ထိပ်စ ၃၅၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ ၃၂၅၀၀ ကျပ်၊ ထိပ်စ ၃၃၅၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းဈေး ၃၇၅၀၀ ကျပ်မှ ၃၈၅၀၀ ကျပ် အသီးသီးဖြစ်လို့ ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာလည်း မတ်လ ၂၆ ရက်ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ်ကို ၁၄၄-၁၄၆ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ်ကို ၁၃၉ ယွမ်၊ ငစိန် ၁၀ မှတ် တစ်အိတ် ၁၃၄-၁၃၆ ယွမ်၊ B 1,2 တစ်အိတ် ၁၀၅-၁၀၇ ယွမ်၊ B Extra တစ်အိတ် ၁၀၈-၁၁၁ ယွမ်ဖြစ်ခဲ့ပြီး၊ မတ်လ ၂၆ ရက် မူဆယ်ရှိငွေလဲနှုန်းမှာ တစ်ယွမ် ၁၇၁ ဒသမ ၈၂ ကျပ်ဖြစ်ခဲ့လို့ ယခင်အပတ်နဲ့ ယှဉ်ရင် ဈေးအပြောင်းအလဲ သိပ်မရှိဘူးလို့ ဆိုရမှာ ဖြစ်ပါတယ်။

ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်တန်ချိန် ၂၁၉၀၀ ခန့်ဝင်ရောက်ခဲ့တာကြောင့် ဝင်ရောက်မှုကလည်း ယခင်တစ်ပတ်ဝင်ရောက်မှု ၂၁၄၇၀ ခန့်နဲ့ နှိုင်းယှဉ်ရင် ပုံမှန်ဖြစ်နေသလို မြန်မာ့ဆန်၊ ဆန်ကွဲ တင်ပို့မှုမှာလည်း ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မတ်လ ၂၀ ရက်ထိ တန်ချိန် ၁၇ ဒသမ ၂၀ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၆၁၅ ရရှိနေပါတယ်။ ယခင်နှစ်ကာလတူက တန်ချိန် ၁၁ ဒသမ ၆၅ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၄၃၄ ရရှိခဲ့တာကြောင့် ယခုနှစ် တင်ပို့မှုပိုမိုနေပါတယ်။

**MIRT- DTP**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၃-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀/၃ | ၂၆/၃ | ပြောင်းလဲမှု | ၂၀/၃ | ၂၆/၃ | ပြောင်းလဲမှု | ၂၀/၃ | ၂၆/၃ | ပြောင်းလဲမှု | ၂၀/၃ | ၂၆/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၆၃ | ၁၅၃၃ | ▼ | ၁၄၈၃ | ၁၄၆၇ | ▼ | ၁၄၈၅ | ၁၄၆၅ | ▼ | ၁၄၅၀ | ၁၄၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၁၅၂၇ | ၁၅၀၄ | ▼ | ၁၄၈၃ | ၁၄၅၃ | ▼ | ၁၄၇၀ | ၁၄၄၅ | ▼ | ၁၄၈၅ | ၁၄၆၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၇၃၀ | ၁၇၁၅ | ▼ | - | - | - | - | - | - | ၁၆၃၂ | ၁၆၃၂ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၁၁၅၀ | ၁၁၂၀ | ▼ | - | - | - | - | - | - | ၉၀၀ | ၈၈၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၂၃၀ | ၁၂၁၅ | ▼ | ၉၅၀ | ၁၀၀၀ | ▲ | - | - | - | ၇၆၃ | ၇၆၃ | ■ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၃၅ | ▼ | ၁၂၈၉ | ၁၂၄၄ | ▼ | ၈၆၈ | ၇၈၉ | ▼ | ၈၆၃ | ၈၇၆ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၆-၃-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွန်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉/၃ | ၂၅/၃ | ပြောင်းလဲမှု | ၁၉/၃ | ၂၅/၃ | ပြောင်းလဲမှု | ၁၉/၃ | ၂၅/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၉၂၀ | ၉၁၀ | ▼ | ၁၀၀၁ | ၉၉၅ | ▼ | ၉၉၃ | ၉၉၅ | ▲ |
| ၂ | ပဲစင်းငုံ | ၈၉၀ | ၈၈၀ | ▼ | ၉၄၅ | ၉၃၄ | ▼ | ၉၅၃ | ၉၅၉ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၁၇၈ | ၁၁၉၅ | ▲ | ၁၂၉၈ | ၁၂၈၃ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၈၅ | ၅၈၅ | ■ | ၅၅၃ | ၅၅၇ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၄.၃.၁၅)ထိ | ယခုတစ်ပတ် (၂၁.၃.၁၅)ထိ | (၁.၄.၁၄) မှ (၂၁.၃.၁၅) ထိ |
| မတ်ပဲ | ၁၇၂၁၆ | ၁၁၇၃၂ | ၅၀၁၁၃၀ |
| ပဲတီစိမ်း | ၁၅၈၀၉ | ၁၅၃၄၉ | ၁၈၄၄၄၄၇ |
| ပဲစင်းငုံ | ၁၇၇၉၂ | ၇၇၇၄ | ၂၃၅၈၁၅ |
| ကုလားပဲ | ၂၆၁ | ၂၉၁ | ၁၁၈၀၄ |
| ပဲလွန်းဖြူ | ၁၅၆၅ | ၂၃၃၃ | ၃၈၁၂၁ |
| မြေထောက်ပဲ | ၉၇၃ | ၅၃၃ | ၁၀၂၄၄ |

## ပြည်ပဲနီပြား ပဲအဝင်များလာလို့ ပဲဈေးကျ

ပြည်ပဲနီပြားသီးနှံများ ဈေးကွက်အတွင်းသို့ ရွှေတောင်၊ ကျီးသဲ၊ ညောင်စာရေးဘက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်မှာ အိတ် ၂၀၀ ကျော်ထိ အဝင်များလာခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ၁၈၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် ၅၀၀ ကျပ်ခန့် ဈေးလျော့သွားခဲ့ပါတယ်။ အခြားတိုင်းသို့ တင်ပို့ရောင်းချခြင်းမရှိဘဲ ဒေသတွင်း လက်လီသမားများ နေ့စဉ်ဝယ်ယူမှုရှိရာ တစ်ခါတစ်ရံ လျှောင်သမားများလည်း ဝယ်ယူခဲ့ကြတာကို တွေ့ရပါတယ်။ ယခုလို ပဲထွက်ရှိချိန်တွင်သာ ပဲနီပြားသီးနှံက ဈေးကွက်မှာ လက်လီရောလက်ကားပါ အရောင်းအဝယ်ဖြစ်နေပေမယ့် ပဲအဝင်ပါးသည့် ကာလများမှာတော့ ပွဲရုံများရှိ ပဲလက်ကျန်များသာ လက်လီသမားများဖြင့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# မန်းကုန်စည်ဒိုင်မှာ အများဆုံးအရောင်းအဝယ်ပြုလုပ်တဲ့ ပဲစင်းငုံ၊ ကုလားပဲနဲ့ ပဲတီစိမ်းတို့ရဲ့အရောင်းအဝယ်ဖြစ်မှုနဲ့ဈေးနှုန်း

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များကထိန်တော်အသင်း) မှာ နေ့စဉ် အရောင်းအဝယ်ဖြစ်တဲ့အဓိက မန္တလေးကုန်သည်ပွဲစားများ အများဆုံးသိုလှောင်ဖြန့်ဖြူးနိုင်သည့် ပဲများမှာ ပဲစင်းငုံ၊ ကုလားပဲနှင့် ပဲတီစိမ်းတို့ဖြစ်ပါတယ်။

တစ်နှစ်လျှင် ပျမ်းမျှပဲစင်းငုံတန်ချိန် ၁၅၀၀၀၀ ကျော်၊ ကုလားပဲတန်ချိန် ၆၀၀၀၀ ကျော်၊ ပဲတီစိမ်း တန်ချိန် ၁၂၀၀၀၀ ကျော်နှစ်စဉ် ဝယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။ ပဲစင်းငုံနဲ့ ကုလားပဲများကို ရန်ကုန်မြို့မှ ဝယ်လက်ဝယ်ယူပြီး ၎င်းမှတစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချကြောင်း သိရပါတယ်။

မတ်လ စတုတ္ထအပတ်မှာ ပဲစင်းငုံနီ တစ်ပိဿာ ၁၄၇၅ ကျပ် (တစ်တန် ၉၀၃၂၇၅ ကျပ်)၊ ပဲစင်းငုံ(ရွှေ) တစ်ပိဿာ ၁၄၉၂ ကျပ် (တစ်တန် ၉၁၃၆၈၆ ကျပ်) နဲ့ နေ့စဉ် နှစ်မျိုးပေါင်း သုံးတင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခင်နှစ်ကာလတူ ဈေးနှုန်းနှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်သလို အရောင်းအဝယ်ဖြစ်မှုမှာလည်း သွက်လက်လျက်ရှိကြောင်း သိရပါတယ်။

ကုလားပဲဖြူကြီး တစ်ပိဿာ ၉၀၀ ကျပ် (တစ်တန် ၅၅၁၁၅၁ ကျပ်)၊ ကုလားပဲ ထိုင်ဝမ် တစ်ပိဿာ ၈၈၀ ကျပ် (တစ်တန် ၅၃၈၉၀၃ ကျပ်)နဲ့ အဆိုပါ ပဲနှစ်မျိုးနေ့စဉ် သုံးတင်းဝင် အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခင်နှစ် ကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ကွာဟမှု ကျဉ်းမြောင်းကြောင်း သိရပါတယ်။ ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်တို့မှာ ပြည်တွင်း ပဲခွဲစက်များ၊ လှောင်လက်များနှင့် ရန်ကုန်ဝယ်လက်ကိုသာ အားပြုပြီး ရောင်းဝယ်နေရကြောင်း သိရပါတယ်။

ယခုနှစ်အတွင်း အရောင်းအဝယ်ဖြစ်မှု အများဆုံးပဲတစ်ခုဖြစ်တဲ့ ပဲတီစိမ်းကြီးမှာ တရုတ်ဝယ်လက်မှ ပုံမှန်ဝယ်ယူမှုရှိသလို ဈေးနှုန်းမှာလည်း ယခင်နှစ်ကာလတူ ဈေးနှုန်းအထက်မှာရှိကြောင်း သိရပါတယ်။ ယခုမတ်လ စတုတ္ထပတ်မှာ ပဲတီစိမ်း တစ်ပိဿာ ၁၈၆၇ ကျပ် (တစ်တန် ၁၁၄၃၃၃၂ ကျပ်)၊ ပဲတီစိမ်းရွှေဝါ တစ်ပိဿာ ၂၁၁၆ ကျပ် (တစ်တန် ၁၂၉၅၈၁၇ ကျပ်)နဲ့ ပဲတီစိမ်းနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၆၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# သင်္ကြန်ကာလနီးလာလို့ ပဲဈေးမြောက်

သင်္ကြန်ကာလနီးလာတာကြောင့် ပဲမျိုးစုံဈေးတွေ ယခင်သီတင်းပတ်ကထက် ပိုမိုမြင့်တက်လာခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော် နယ်စပ်စခန်းနဲ့ လွယ်ဂျယ်နယ်စပ် တွေကနေ မတ်လ တတိယပတ်မှာ ကန်ဒေါ်လာ ၁၅ ဒသမ ၉၈၆ သန်းတန်ဖိုးရှိတဲ့ ပဲတီစိမ်း(လုံးပြည့်)၊ ပဲတီစိမ်း (လုံးခြမ်း)၊ ပဲလွန်းဖြူ ပဲယင်း၊ ပဲပုပ်စေ့၊ ပဲကြီး၊ ပဲနီကြား၊ မြေပဲ၊ နိုင်လွန်ပဲ၊ မြေထောက်ပဲ၊ ထောပတ်ပဲနဲ့ စွန်တာပြာပဲတွေကို တန်ချိန် ၁၇၁၉၂ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ ၂၃၃၉၅၇ တန်ဖိုးရှိ မြေပဲဆန် ၂၁၂ တန်ခွဲနဲ့ ကန်ဒေါ်လာ ၅၀၀၆၄ တန်ဖိုးရှိ မြေပဲဆန် (အခွံပါ) ၇၁ တန်ခွဲ တင်ပို့ခဲ့တာတွေ့ရပါတယ်။ ပဲအဝယ်များတဲ့ အိန္ဒိယနိုင်ငံမှ သင်္ကြန်မတိုင်မီ ပဲတွေကို ရတဲ့ဈေးနဲ့ ရသလောက် အကုန်ဝယ်ယူနေကြတာကြောင့်လည်း ယခုလိုပဲဈေးတွေ မြင့်တက်လာရခြင်းဖြစ်တယ်လို့ ပဲမျိုးစုံရောင်းဝယ်ရေးကုမ္ပဏီတစ်ခုထံက သိရပါတယ်။ ယခင်သီတင်းပတ်နဲ့ ယခုသီတင်းပတ်ပဲ ဈေးနှုန်းများကို မိမိဘက်ပေါက်ဈေးနဲ့ တစ်ဘက်နိုင်ငံဈေးများ နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်ပေါက်ဈေး | | တစ်ဖက်နိုင်ငံဈေး | |
|---|---|---|---|---|
| | ယခုသီတင်းပတ် | ယခင်သီတင်းပတ် | ယခုသီတင်းပတ် | ယခင်သီတင်းပတ် |
| | (တန်/ကျပ်) | | (တန်/ဒေါ်လာ) | |
| ပဲတီစိမ်း | ၁၃၄၈၄၆၄ | ၁၃၄၁၅၉၆ | ၁၂၅၃ | ၁၂၆၀ |
| ပဲယင်း | ၆၃၆၇၇၅ | ၆၃၃၅၃၁ | ၅၉၂ | ၅၉၅ |
| ပဲပုပ်စေ့ | ၆၂၈၂၄၂ | ၆၂၅၀၄၂ | ၅၈၄ | ၅၈၇ |
| ပဲလွန်းဖြူ | ၇၇၃၂၉၄ | ၇၆၉၃၅၅ | ၇၁၉ | ၇၂၂ |
| မြေထောက်ပဲ | ၇၇၃၂၉၄ | ၇၆၉၃၅၅ | ၇၁၉ | ၇၂၂ |
| ပဲကြီး | ၇၇၃၂၉၄ | ၇၆၉၃၅၅ | ၇၁၉ | ၇၂၂ |
| ထောပတ်ပဲ | ၇၈၁၈၂၆ | ၇၇၇၈၄၄ | ၇၂၇ | ၇၃၀ |
| ပဲနီကြား | ၆၁၂၈၈၄ | ၆၀၉၇၆၂ | ၅၇၀ | ၅၇၃ |
| မြေပဲ | ၁၃၃၆၄၃၃ | ၁၃၂၉၆၂၆ | ၁၂၄၂ | ၁၂၄၈ |

**မော်မော်အောင် MIRT (DCCA)**

# ဝယ်လိုအားကောင်းတဲ့ စစ်ကိုင်းငုံနီ

မုံရွာကုန်စည်ဒိုင်သို့ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ဘုတလင်၊ ချောင်းဦးမြို့နယ်များမှ ပဲစင်းငုံနီများ ဝင်ရောက်မှု မတ်လကုန်ပတ်မှာ အနည်းငယ်လျော့နည်းခဲ့ရာ တစ်ရက်တင်း ၃၀၀၊ ၄၀၀ ခန့်သာ ဝင်ရောက် ပါတယ်။

ရန်ကုန်ဝယ်လက် Export ရှိလို့ ပဲစင်းငုံနီကို ဝယ်လိုအားကောင်းနေပြီး၊ မုံရွာကုန်စည်ဒိုင်မှ ရောင်းလိုအား နည်းနေကြောင်း၊ လှောင်လက်သမားများကလည်း ထုတ်ရောင်းနေလို့ မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ် အကောင်းဆုံးနေ့မှာ ပဲစင်းငုံ တင်း ၁၀၀၀ ကျော်၊ အရောင်းအဝယ်အေးတဲ့နေ့မှာ အနည်းဆုံး တင်း ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်ကသိရပါတယ်။

ပဲစင်းငုံဈေး အတက်အကျမှာ မွမ်ဘိုင်းဈေး အတက်အကျပေါ် မူတည်နေလို့ ဈေးအတက်အကျ အမြဲဖြစ်နေပါတယ်။ မတ်လအတွင်း ပဲစင်းငုံနီတစ်တင်းပေါက်ဈေး အနိမ့်၊ အမြင့်မှာ ၂၈၅၀၀ ကျပ်၊ ၂၉၆၀၀ ကျပ်ဈေးရှိပါတယ်။ ယခင်နှစ်ကာလတူ ပေါက်ဈေးမှာ ၁၇၈၀၀ ကျပ်၊ ၁၉၆၀၀ ကျပ် ဈေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

Vol: 15, No.13 Monday March 30 2015

# မတ်လနောက်ဆုံးပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲဈေးအားလုံးဈေးလျော့အရောင်းအဝယ်ဖြစ်နေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ယခုမတ်လနောက်ဆုံးပတ်အတွင်း ပဲဈေးအားလုံးနီးပါး ဈေးလျော့သွားခဲ့ပြီး ပဲလွန်းဖြူနဲ့ ပဲပုပ်ဈေးနှုန်းများကတော့ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲနှင့်ကုလားပဲသီးနှံများ ဈေးကွက်မှာ အရောင်းအဝယ် သွက်နေသလို ပဲထွက်ရှိမှုလှိုင်လာလို့ ပဲဝင်ရောက်မှုမှာလည်း တစ်ရက် အိတ် ၇၀၀ ကျော် ၈၀၀ မှ ၁၀၀၀ ခန့်အထိ ဝင်ရောက်ခဲ့ကြတာကို တွေ့ရပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းဘက်မှ ပြည်ဈေးကွက်သို့ မတ်ပဲသီးနှံများ အဓိကထားဝင်ရောက်နေသလိုပေါင်းတလည်၊ နတ်တလင်းဘက်မှ ပဲများကတော့ ရန်ကုန်သို့ တိုက်ရိုက်တင်ပို့ရောင်းချခဲ့ကြပါတယ်။ပြည်ဈေးကွက်မှ ဝင်ရောက်လာတဲ့ ပဲများကိုလည်း ရန်ကုန်ဝယ်လက်မှ နေ့စဉ်ဝယ်ယူမှုရှိတာကြောင့် အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးကတော့ အနည်းငယ်လျော့သွားခဲ့လို့တစ်တင်း ၃၀၅၀၀ ကျပ်နဲ့ဝယ်ယူနေကြပါတယ်။ ပဲစိုက်တောင်သူများမှလည်း ယခင်နှစ်ထက် ဈေးပိုရလာလို့ ထွက်ရှိလာသမျှပဲများကို မျိုးပဲလောက်သာချန်ပြီး ရောင်းချလာခဲ့ကြသလို အချို့တောင်သူများကလည်း ဆက်လက်သိုလှောင်ပြီး ဈေးကောင်းဆက်မျှော်နေကြတယ်လို့ သိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ မတ်ပဲကဲ့သို့ စိုက်ပျိုးမှု မများတာကြောင့် ပဲအဝင်မရှိတော့ဘဲ ဈေးကွက်မှာ အရောင်းအဝယ်ပါးသွားပြီဖြစ်ပါတယ်။ ပဲစင်းငုံသီးနှံမှာ ပဲထွက်ရှိချိန် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင်သာ အရောင်းအဝယ်သွက်ခဲ့ပြီး မတ်လအတွင်းမှာတော့ ပဲလက်ကျန်လောက်သာ ဈေးကွက်သို့ဝင်ရောက်တော့တဲ့ အတွက် တစ်ရက်အိတ် ၁၅၀ ကျော်ခန့်သာ ဝင်ရောက်ခဲ့ပြီး လက်လီသမားသာ နေ့စဉ်အဝယ်ရှိသော်လည်း ရန်ကုန် ဝယ်လက်ကတော့ ရက်ခြားလောက်သာ အဝယ်ရှိတယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံကတော့ မတ်ပဲကဲ့သို့ အဝင်များလာတဲ့အတွက် အိတ် ၁၀၀၀ ကျော်အထိ အုတ်ဖို၊ မင်းလှ၊ ပန်းတောင်း၊ ကံမဘက်မှ နေ့စဉ်ဝင်ရောက်ခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးမှာ ပဲအဝင်များလို့ ဈေးလျော့သွားပြီး တစ်တင်း ၁၇၆၀၀ ကျပ်နဲ့ ဈေးလျော့သွားသော်လည်း၊ ယခင်နှစ်က ပဲဈေးထက်တော့ ဈေးပိုရရှိခဲ့လို့ နောက်ပိုင်းမှာလည်း ဈေးလျော့ သွားနိုင်ခြင်း မရှိဘူးလို့ ခန့်မှန်း နေကြကာ အချို့ ပဲစိုက်တောင်သူများမှ လှောင်ပဲအဖြစ် ဆက်လက်ထားရှိနေခဲ့ကြပါတယ်။ ဝယ်လက်ကတော့ ခွဲစက်ရော၊ လှောင်သမားများပါနေ့စဉ်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

ပဲကြီးသီးနှံမှာလည်း ယခုတစ်ပတ်မှာ အိတ် ၁၅၀၀ ကျော်ထိ အဝင်များလို့ ဈေးကွက်မှာ အရောင်းအဝယ်အသွက်ဆုံးပဲဖြစ်ခဲ့ပါတယ်။ ရွှေတောင်၊ ကျီးသဲ၊ ညောင်စာရေးနဲ့ပြည်၊ အောင်လံကြားမြို့နယ်များမှလည်း ဝင်ရောက်လျက်ရှိပြီး ဝယ်ယူသည့် ပမာဏမှာလည်း လှောင်သမားနဲ့ ပဲကြော်သမားများဝယ်ယူလို့ ဝင်ရောက်သမျှ ပဲများအရောင်းအဝယ်သွက်နေခဲ့ပြီး (ရွှေကျွန်း) တစ်တင်း ၂၄၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၁၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးလျော့အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းဖြူနဲ့ ပဲပုပ်သီးနှံကတော့ ဈေးလည်း ငြိမ်နေသလို အရောင်းအဝယ်လည်း လက်လီသမားများဖြင့်သာ အရောင်းအဝယ်ဖြစ်လို့ ဈေးငြိမ် အရောင်းအဝယ်အေးခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## အမယ်သစ်အဖြစ် ဘိုစားပဲတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အကြော အမျှင်မဲ့ တိုင်ထောင် ဘိုစားပဲ(အစို) များကို ၁ ကီလိုလျှင် ၂၀၀ ကျပ်နှုန်းဖြင့် အမယ်သစ်အဖြစ်တင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ဒုတိယပတ်ကတန် ၅၀ စတင်တင်ပို့ ခဲ့ပြီး ယခု မတ်လတတိယပတ်မှာတော့ တန် ၁၀၀ ကို ကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်းဖိုး ထပ်မံတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ပြည်စားတော်ပဲ ဈေးမြင့်လာပြီး အဝယ်လိုက်နေ

ပြည်ပဲဈေးကွက်မှာ ယခုမတ်လနောက်ဆုံးပတ်အတွင်း အခြားပဲများ ဈေးလျော့သွားပေမယ့် စားတော်ပဲသီးနှံဈေးကတော့ တစ်တင်း ၅၀၀ ကျပ်ခန့် ဈေးမြင့်လာတာကို တွေ့ရပါတယ်။ ပဲအဝင်မှာ ကံမဘက်မှ တစ်ရက်အိတ် ၁၅၀ ကျော်ထိ ဝင်ရောက်လာပြီး လက်လီသမားများ နေ့စဉ်အဝယ်ရှိနေသလို လှောင်သမားများမှလည်း ဝယ်ယူခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၅၀၀၀ ကျပ် ခန့်ဖြင့် အိတ် ၁၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ကြကာ လှောင်သမားများမှ တက်ဈေးမျှော်ပြီး ဝယ်ယူသိုလှောင်ကြတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ်ဈေးငြိမ်နေပြီး ရန်ကုန်ဝယ်လက်အဝယ်ရှိနေ

ပြည်ပဲဈေးကွက်မှာ ယခုတစ်ပတ်အတွင်း ဘိုကိတ်ပဲသစ်များ အဝင်ဆက်တိုက်ရှိခဲ့လို့ ပန်းတောင်းမြို့နယ်မှ အိတ် ၁၀၀ ကျော်ခန့် နေ့စဉ်အဝင်ရှိနေခဲ့ပါတယ်။ ဝယ်လက်အနေဖြင့် ရန်ကုန်ဝယ်လက်လည်း အဝင်ရှိသလို ဒေသတွင်းမှာလည်း လက်လီသမားများ ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးမှာ ယခင်တစ်ပတ်အတိုင်း တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ပြီး အရောင်းအဝယ်ဖြစ်မှု ပမာဏမှာလည်း အိတ် ၁၀၀ ဝန်းကျင်နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ကယားပြည်နယ်အခြေပြုခရီးသွားလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် ကြီးကြပ်မှုကော်မတီ (Project Steering Committee) ပထမအကြိမ်အစည်းအဝေးကျင်းပ

ပြည်ပပို့ကုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့်မားလာရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် မြန်မာနိုင်ငံ၏ အမျိုးသား ပို့ကုန်မဟာဗျူဟာကိုရေးဆွဲခဲ့ရာ ဦးစားပေးဆောင်ရွက်မည့် ကဏ္ဍခုနစ်ရပ်အနက် တစ်ရပ်ဖြစ်သည့် ခရီးသွား လုပ်ငန်းကဏ္ဍတွင်ပါဝင်သည့် ကယားပြည်နယ်အခြေပြု ခရီးသွားလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (Inclusive tourism focusing on Kayah State 2014 - 2017) ကို အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ (၂၈/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးမှ အတည်ပြုချက်ဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် စတင်အကောင်အထည်ဖော်လျက်ရှိသည်။

ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပုဂ္ဂလိက အသင်းအဖွဲ့မှ တာဝန်ရှိသူများအပါအဝင်စုစုပေါင်း ၂၄ ဦး ပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက်ကြီးကြပ်မှုကော်မတီ (Project Steering Committee) ကို အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ (၃၂/၂၀၁၄) ကြိမ်မြောက်အစည်းအဝေးမှလမ်းညွှန်ချက်အရ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၄)ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၅) ဆုံးဖြတ်ချက် အပိုဒ် (၄၈) အရ အနီးကပ်လမ်းညွှန်ကြီးကြပ်နိုင်ရန် ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်၍ အဖွဲ့ဝင် ၁၁ ဦးပါဝင်သော ဒေသတွင်းလုပ်ငန်းကြီးကြပ်မှုအဖွဲ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ထပ်မံဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ယခုအခါ ကယားပြည်နယ်အခြေပြု ခရီးသွားလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် ကြီးကြပ်မှုကော်မတီ (Project Steering Committee) ပထမအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကယားပြည်နယ်အခြေပြု ခရီးသွားလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံ ချက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှ ညွှန်ကြားရေးမှူး Mr.Anders Aeroe ဦးဆောင်သောအဖွဲ့၊ နယ်သာလန်နိုင်ငံသွင်းကုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (CBI) မှတာဝန်ရှိသူများ၊ ကယားပြည်နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကယားပြည်နယ်ဦးစီးမှူးများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြသည်။

ပထမဦးစွာ ကော်မတီဥက္ကဋ္ဌဖြစ်သည့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးအောင်စိုးက လုပ်ငန်းစီမံချက်ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းရခြင်းအကြောင်းရင်းနှင့် ၎င်း၏ လုပ်ငန်းတာဝန်များဖြစ်သည့် မဟာဗျူဟာလမ်းညွှန်ချက်ပေးခြင်း၊ စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း၊ မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊ အခြားမိတ်ဖက်အဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတင်း အချက်အလက်မျှဝေပေးခြင်း၊ လုပ်ငန်းစီမံချက်အား စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ သည်။

ထို့နောက် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ Mr.Anders Aeroe လုပ်ငန်းစီမံချက်ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်က လက်ရှိဆောင်ရွက်နေမှုများ စီမံကိန်းအကောင်အထည်ဖော်ခြင်းအတွက် ဆက်လက်ပံ့ပိုးမှုအစီအစဉ်များနှင့် အသေးစိတ်အစီအစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနမှ စီမံကိန်းမန်နေဂျာ Marie Claude Frauenrath က ကယားပြည်နယ်အခြေပြု ခရီးသွားလုပ်ငန်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက် အကောင်အထည် ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ သင်တန်းများနှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်နေမှုတို့ကို အသေးစိတ် အစီရင်ခံတင်ပြခဲ့ပြီး တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြသည်။

ဆက်လက်၍ ၂၀၁၅ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးအတည်ပြုကြပြီး အစည်းအဝေးကို ညနေ ၃း၃၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။

**မြတ်မြတ်စိုးမိုး (DOTP)**

## နနွင်း



### နနွင်းတက် ၆၅ တန်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နနွင်းတက် ၄၀ ဒသမ ၃ တန် ကန်ဒေါ်လာ ၂၃၀၀၀ ဖိုး တင်ပို့နိုင်ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၄၀၀၀ တန်ဖိုးရှိ နနွင်းတက် ၂၅ တန် တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က မူဆယ်စခန်းမှ နနွင်းတက် ၉၅ တန် တင်ပို့ခဲ့လို့ ယခုသီတင်းပတ်ရဲ့ နနွင်းတက် တင်ပို့မှု လျော့နည်းတယ်လို့ဆိုရပါမယ်။စစ်တွေစခန်းကတော့ ယခင်သီတင်းပတ်က နနွင်းတက် ၈ တန်သာ တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာတော့ နနွင်းတက် ၁၇ တန် ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ **တင်တင်ထွန်း MIRT (DCCA)**

### နနွင်းတန်ချိန်နှစ်ရာ့လေးဆယ်ကျော်ထိ တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ မတ်လ ၁၅ ရက်မှ ၂၁ ရက်အတွင်း နနွင်း ၂၂၄ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၇၁၆၈၀ တန်ဖိုးရှိ နနွင်း ၁၂၈ တန်ကို ဗီယက်နမ်နိုင်ငံကို လည်းကောင်း၊ ကန်ဒေါ်လာ ၆၆၉၈၇ ဒသမ ၅ တန်ဖိုးရှိ နနွင်း ၁၁၆ ဒသမ ၅ တန်ကို စင်ကာပူနိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံကို နနွင်း ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၂၈ ဒသမ ၅၁ တန်တင်ပို့မှုပိုခဲ့ပါတယ်။ **သီတာဝင်း(DOT)**

### ချင်းရော နနွင်းပါ အဝယ်လိုက်

ရှမ်းနနွင်းလည်း အဝင်နည်းနေပါတယ်။ ဒီနှစ်တော့ ချင်းတစ်မျိုးတည်းတင် အရောင်းအဝယ်ဖြစ်ရုံမကဘဲ နနွင်းပါလိုက်ပြီး အရောင်းအဝယ်ဖြစ်လာပါတယ်။ အောင်ပန်းဈေးကွက်က နနွင်းကို မူဆယ်ဝယ်လက်တွေကပဲ ဝယ်ယူနေပါတယ်။ နနွင်းကလည်း ပုံမှန်ခန့်သာ အဝင်ရှိနေပြီး အသစ်တွေကတော့ ဝင်တာနည်းနေပါသေးတယ်။

အရင်ကထက် ဈေးတက်လာတော့ နနွင်းကို ထိန်းပြီး ရောင်းနေကြပါတယ်။ အသစ်တွေက များများမဝင်သေးတော့ အဟောင်းတွေကို အသစ်နဲ့မျှပြီး ရောင်းနေတယ်လို့ သိရပါတယ်။ ဈေးတစ်ပတ်ကို ပိဿာချိန် ၁၂၀၀-၁၅၀၀ ခန့်သာ အဝင်ရှိနေပါသေးတယ်။ နနွင်းဈေးကလည်း အမျိုးမျိုးရှိနေပါတယ်။ အနီ၊ အဝါ၊ အစိမ်းဆိုပြီး ခွဲထားတာ။ အဲဒီအနက်က အနီရောင်ဆိုရင်ဈေးကလည်း ပိုရပါတယ်။ မူဆယ်ဝယ်လက်တွေကတော့ ဆင်တောင်နနွင်းကို ပိုကြိုက်ပြီး ပိုဝယ်ယူနေပါတယ်။ ဈေးကြိုက်တဲ့ကုန်သည်တွေ တောင်သူတွေကတော့ ထုတ်ရောင်းနေပေမယ့် များသောအားဖြင့် အရောင်းနည်းနေလို့ ဈေးကွက်မှာ ပစ္စည်းက များများစားစားမရှိသေးပါဘူး။ သင်္ကြန်မတိုင်မီ တောင်သူတွေက ငွေလိုရင်တော့ ထုတ်ရောင်းကြမယ်ထင်တယ်လို့လည်း သုံးသပ်နေကြပါတယ်။ မူဆယ်ဝယ်လက်က ဆင်တောင် နနွင်းကို ဝယ်ယူပြီး ဈေးပတ်သမားတွေကတော့ တောင်ပို့လနနွင်းကို အဆွဲများနေပါတယ်။ ဆင်တောင်နနွင်းအသစ်က တစ်ပိဿာကို ၁၇၀၀ ကျပ်-၁၈၀၀ ကျပ်ဈေးရှိပြီး၊ ဆင်တောင်အဟောင်းက ၂၀၀၀ ကျပ်-၂၅၀၀ ကျပ် ဈေးရှိပါတယ်။ တောင်ပို့လနနွင်းက ၁၃၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဈေးရှိပြီး၊ ပင်လောင်းနနွင်းက ၁၁၀၀ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။ **ဧခိုင်-တောင်ကြီး**

## သီဟိုဠ်

### ကော့သောင်းနယ်စပ်မှ မတ်လ ၂၀ ရက်အတွင်း သီဟိုဠ်စေ့ ၁၄ တန်ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ်လ ၁ ရက်မှ ၂၀ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၁၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုသီတင်းပတ်မှာ မြဝတီကုန်သွယ်ရးဇုန်ကတော့ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။ **ခင်မြနွယ် MIRT (DCCA)**

## ချင်း

### အောင်ပန်းချင်းဈေးကွက်မှာ မျိုးအတွက်အောင်ပန်းချင်းထိပ်စ အဝယ်လိုက်

အောင်ပန်းချင်းဈေးကွက်မှာ ဒီတစ်ပတ်လည်း ချင်းစိုက ပုံမှန်သာအဝင်ရှိနေပါတယ်။ ခြံရှင်တွေကလည်း ဒီထက်ဈေးကောင်းရချင်တာကြောင့် သိပ်ပြီးမဖော်ကြသေးပါဘူး၊ မနှစ်ကတော့ ဒီအချိန်မှာ ပြည်ပဝယ်လက်တွေ အတော်များများ ဝယ်ယူနေပေမယ့် ဒီနှစ်တော့ Export က အခုထိ မရှိသေးဘူးလို့လည်း သိရပါတယ်။ အခုတစ်ပတ် မှာလည်း ချင်းစိုက ၅ ရက်တစ်ဈေးကို ပိဿာချိန် ရှစ်ထောင်၊ ကိုးထောင်ခန့်သာအဝင်ရှိနေပါသေးတယ်။ အောင်ပန်းချင်းတွေကိုတော့ မူဆယ်ဝယ်လက်တွေက တရုတ်ကိုတင်ပို့ဖို့အတွက် ဝယ်ယူနေပါတယ်။ တရုတ် ဝယ်လက်တွေက မျိုးအဖြစ်စိုက်ဖို့အတွက် အောင်ပန်းချင်းထိပ်စ အခက်ကြီး၊ အခက်လှတွေကို အဓိကထားပြီး ဝယ်ယူနေပါတယ်။ အသေးစနဲ့ လတ်စတွေကိုတော့ ပြည်တွင်းသုံးဈေးပတ်သမားတွေက ဝယ်ယူကြတယ်လို့ သိရပါတယ်။ မူဆယ်ဝယ်လက်တွေကတော့ တစ်ခါဝယ်ရင် ပိဿာချိန် ခြောက်ထောင်၊ ခုနစ်ထောင်ခန့် ဝယ်ယူနေတယ်လို့လည်း ဈေးကွက်က သိရှိရပါတယ်။ ပြည်ပဝယ်လက်တွေက အမေးတော့ရှိနေပါတယ်။ ပယ်ချင်းနဲ့ ထိုးချင်းစတွေကိုသာ လိုချင်ပြီး ထိပ်စတွေကိုတော့ ဈေးမလိုက်နိုင်လို့ သိပ်ပြီးတော့ စိတ်မဝင်စားကြပါဘူး။ သင်္ကြန်မတိုင်မီမှာ အဝင်များလာမလားဆိုတာကိုတော့ စောင့်ကြည့်ရအုံးမယ်လို့ ပွဲရုံတွေကဆိုပါတယ်။ အချို့တောင်သူတွေက ချင်းကိုမဖော်ကြသေးပေမယ့် အချို့တောင်သူတွေကတော့ ပြန်စိုက်နေကြပါတယ်။

သီတင်းကျွတ်မှာ ဥမကို ဖော်ချင်ကြတာကြောင့် ပြန်စိုက်နေတယ်လို့လည်း သိရပါတယ်။ ချင်းစိုက တစ်ပိဿာကို ၄၀၀ ကျပ်မှ ၁၁၀၀ ကျပ်ဈေးအထိ ဈေးပေါက်နေပါတယ်။ ချင်းခြောက်ကတော့ ပုံမှန်အဝင်မရှိတော့ပါဘူး။ ၅ ရက်တစ်ဈေးကို ပိဿာချိန် ၃၀ မှ ၅၀ ခန့်သာ အဝင်ရှိနေပြီး ဈေးနှုန်းကတော့ ၁၈၀၀ ကျပ်မှ ၂၀၀၀ ကျပ်ဈေးရှိပြီး ရှယ်စကတော့ တစ်ပိဿာ ၂၃၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်က သိရှိရပါတယ်။ **ဧခိုင်-တောင်ကြီး**

### ချင်းစို၊ ချင်းခြောက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ်လ တတိယပတ်တွင် ကန်ဒေါ်လာ ၇၀၉၀၂ တန်ဖိုးရှိ ချင်းခြောက် ၃၆ တန်နဲ့ မြန်မာ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၄၄၄၀ တန်ဖိုးရှိ ချင်းစို ၁၉ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က စစ်တွေစခန်းမှ ချင်းစို ၇ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်နယ်စပ်စခန်းမှ ချင်းစို၊ ချင်းခြောက်တင်ပို့မှု ပိုမိုလာတာ တွေ့ရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### အဝယ်လိုက်လို့ ဈေးအနည်းငယ်ပြန်မြင့်လာတဲ့ ပြည်ချင်းဈေးကွက်

ယခုမတ်လကုန် ရက်သတ္တပတ်မှာ ချင်းဈေးအနည်းငယ်ပြန်တက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ ပြည်ဈေးကွက်သို့ ချင်းအဝင်မှာတစ်နေ့ကို ပိဿာ ၃၀ ဝင် အိတ် ၁၅ အိတ်ခန့်သာ အဝင်ရှိပြီး ရခိုင်ဝယ်လက်များရှိလို့ ဈေးအနည်းငယ်မြင့်လာပါတယ်။

အရောင်းအဝယ်အားဖြင့် ယခုအချိန်သည် ရှင်ပြုအလှူပွဲရာသီဖြစ်တဲ့အတွက် လက်လီ၊ လက်ကားဝယ်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့မှုအပါအဝင် ချင်းပိဿာချိန် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းမှာ ချင်းတစ်ပိဿာ (ရှယ်) ၉၀၀ ကျပ်-၁၀၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်-၈၀၀ ကျပ်ဈေးနှုန်းအသီးသီးရောင်းဝယ် လျက်ရှိကြောင်း သိရှိရပါတယ်။ **ဝင်းဝင်းခိုင်-ပြည်**



## ကြက်သွန်နီ

### ကြက်သွန်နီ ပုံမှန်တင်ပို့

မတ်လ တတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၄၅၈၇ တန်ဖိုးရှိတဲ့ ကြက်သွန်နီ တန် ၁၄၀ နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၆၈၃၂ တန်ဖိုးရှိ ကြက်သွန်နီ ၄၇၄ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၂၄၂ တန်ခွဲနဲ့ မြဝတီ မှ ၅၂၅ တန်ခွဲတင်ပို့နိုင်လို့ ယခုတစ်ပတ်ကြက်သွန်တင်ပို့မှု လျော့နည်းခဲ့ပေမယ့် နယ်စပ်တွေကနေ ကြက်သွန်နီတင်ပို့မှုဟာ ပုံမှန်ရှိနေပါတယ်။ မြန်မာ-တရုတ် နယ်စပ်မှာ ကြက်သွန်နီတစ်တန်ကို ကန်ဒေါ်လာ ၁၇၅ ဝန်းကျင်ခန့်ရရှိပေမယ့် မြန်မာ-ထိုင်း နယ်စပ်မှာတော့ တစ်တန်ကို ဒေါ်လာ ၂၆၀-၂၆၅ ဈေးရတယ်လို့ ကုန်စည်ဒိုင်သတင်းများအရ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## မန်ကျည်း



### တစ်ပတ်ထက်တစ်ပတ် မန်ကျည်း ပိုမိုတင်ပို့

မတ် ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၂၆၂၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၉၂ တန်၊ ပြင်သစ်နိုင်ငံကို ၂၄ တန်၊ အိန္ဒိယနိုင်ငံကို ၈၄ တန်၊ မလေးရှားနိုင်ငံကို ၁၄၃၈ တန်၊ ပါကစ္စတန်နိုင်ငံကို ၅၈၃ တန်နဲ့ စင်ကာပူနိုင်ငံကို ၁၆၆ တန်တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မလေးရှားနဲ့ ပါကစ္စတန်နိုင်ငံကို အများဆုံးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၅၉၁ ဒသမ ၀၅ တန်တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။

မန်ကျည်း တစ်တန်ကို FOB ဈေးက ပျမ်းမျှ ကန်ဒေါ်လာ ၃၂၀ ဝန်းကျင်ရရှိခဲ့တယ်လို့သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၈၃၉၉၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**




# ဒုက္ခရောက် ကမ္ဘာကျော်ဘဏ်များ

| ခင်မောင်ညို (ဘောဂဗေဒ) |

မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ကိုးခုကို လုပ်ငန်းလိုင်စင်ချပေး ခဲ့ရာ ပြည်တွင်းဘဏ်များအကြား အတော်လေးလှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ကြသည်။ ယခုတစ်ပတ်ဖတ်ရသော Economist အပတ်စဉ်စာစောင်တွင် ကမ္ဘာတစ်ဝန်း လည်ပတ်လွှမ်းမိုးနေသော ဘဏ်ကြီးများအကြောင်းကို ဖတ်ရသောအခါ သူတို့မှာလည်း "သူ့ဒုက္ခနဲ့ သူကိုး" ဟု မှတ်ချက်ချမိ သည်။ ကမ္ဘာဆန်သည့် လမ်းကြောင်းကို ပွေ့ဖက်လက်ခံရာတွင် ဘဏ်များသည် ပေါ့ပ်ဂီတနှင့် ညစ်ညမ်းစာပေတွေကို မမီဟုပင် နှိုင်းယှဉ်မှတ်ချက်ချထားသည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာပေါ်၌ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်း သုံးမျိုးပေါ်ပေါက်လာခဲ့သည်။ ချမ်းသာသူလူတစ်စုအတွက် ဆောင်ရွက်ပေးသည့် ရင်းနှီးမြှုပ်နှံမှု ဘဏ်များနှင့် ရောက်ရာအရပ်တို့ရှိ မိမိနိုင်ငံသားများအတွက် ဆောင်ရွက်ပေးရန် ဖွင့်လှစ်သည့် ဘဏ်များလည်း ပါဝင်သည်။ အထူးခြားဆုံးမှာ ကမ္ဘာတစ်ဝန်း ကွန်ရက်ဖြန့်ကျက်ပြီး၊ ငွေချေးသည့်ကိစ္စ၊ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေအတွက် ငွေလွှဲသည့်ကိစ္စ၊ ငွေချေးစာချုပ်ရောင်းဝယ်သည့်ကိစ္စ၊ မော်တော်ကားဝယ်ရန် အပေါင်ခံငွေချေးသည့် ကိစ္စစသည်ဖြင့် အစစအရာရာလုပ်ကိုင်သည့် ဆယ်ဂဏန်းပင်မပြည့်သော၊ ကမ္ဘာတစ်ဝန်းရှိ မိုးမျှော်တိုက် ကြီးများတွင် ရှိကြသော ဘဏ်ကြီးများဖြစ်သည်။

အလှမ်းကျယ်သော ထိုဘဏ်ကြီးများသည် ၂၀၀၈-၂၀၀၉ ခန့်က အတန်အသင့်မျှသော အကျပ်အတည်းကိုသာ ရင်ဆိုင်ခဲ့ရသော်လည်း ယခုပိုပြီး ဒုက္ခရောက်မည့်ကိန်းနှင့် ကြုံတွေ့နေရသည်။ ဘဏ်ကို ဖျက်သိမ်းရန် ကြံသူကကြံသည်။ ဘဏ္ဍာရေးရည်မှန်းချက်တွေ အတိုင်းဖြစ်မလာသည့် ဘဏ်လည်းရှိသည်။ ဗဟိုဘဏ်၏စီရင်ချက်ကို စောင့်ဆိုင်းနေရသော ဘဏ်လည်းရှိသည်။ လုပ်ငန်းကြီးဘဏ်တွေ အပြောင်းအလဲ လုပ်ကြသည်။

ထိုကမ္ဘာကျော်ဘဏ်ကြီးတွေနှင့် နှိုင်းယှဉ်လျှင် ပြည်တွင်းဘဏ်တွေ၊ ဒေသခံတွေက အခြေအနေပိုကောင်း နေကြပြန်သည်။ ဗြိတိန်မှာရော အမေရိကန်မှာပါ ဒေသခံဘဏ်တွေ၊ အလတ်တန်းဘဏ်တွေက အခြေအနေကောင်းနေသည်။

ကမ္ဘာကျော်ဘဏ်တွေက ၎င်းတို့ ရင်းနှီးထားသောအရင်းအနှီးနှင့် နှိုင်းယှဉ်လျှင် ပြန်လည်ရရှိသော အကျိုးအမြတ်က ထင်သလောက်မများ။ ဆယ်ရာခိုင်နှုန်းအောက်မှာသာ အများအားဖြင့် ရရှိကြသည်။ ထိုအခါ ရင်းနှီး မြှုပ်နှံသူတွေက မဟာဗျူဟာမြောက် အမှားအယွင်း တစ်စုံတစ်ရာရှိနေလေရော့သလားဟု စိုးရိမ်မကင်း ဖြစ်ကြသည်။ ကမ္ဘာအနှံ့ ဖြန့်ကြက်ရေးကြိုးစားရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ စည်းမျဉ်းစည်းကမ်းတွေကို ဖြည့်ဆည်းရန် အလုပ်တွေရှုပ်ရသော စရိတ်စကသည် ရရှိမည့် အကျိုးအမြတ်ထက်နည်း နေမည်လောဟု တွက်ဆလာကြသည်။

လွန်ခဲ့သော အနှစ် ၂၀ ခန့်ကတော့ယခုထက် အခြေအနေကောင်းသယောင်ရှိသည်။

> ကမ္ဘာဆန်လာသောလမ်းကြောင်းတွင် ကုန်သွယ်မှုနှင့် အရင်းအနှီး စီးဆင်းမှု လှိုင်းလုံးတွေ ကြီးမားလာမည်ဟု တွက်ဆပြီး လက် တစ်ဆုပ်စာမျှသော လုပ်ငန်းတွေက ထိုအခွင့်အရေးကို အရအမိ ဆုပ်ကိုင်ခဲ့ကြသည်။

ကမ္ဘာဆန်လာသောလမ်းကြောင်းတွင် ကုန်သွယ်မှုနှင့် အရင်းအနှီး စီးဆင်းမှုလှိုင်းလုံးတွေ ကြီးမားလာမည်ဟု တွက်ဆပြီး လက်တစ်ဆုပ်စာမျှသော လုပ်ငန်းတွေက ထိုအခွင့်အရေးကိုအရ အမိ ဆုပ်ကိုင်ခဲ့ကြသည်။ အချို့လုပ်ငန်းများက မူလကတည်းကပင် ကမ္ဘာအနှံ့ဖြန့်ကြက်ထားသည့် ကွန်ရက်များ ရှိပြီးဖြစ်သည်။ နိုင်ငံခြားဘဏ်ခွဲတွေ ဖြန့်ကြက်ထားပြီးဖြစ်သည်။

၁၉၉၀ နှင့် ၂၀၀၀ ပြည့်လွန်နှစ်များတွင် အဆိုပါ ဘဏ်ကြီးများက နိုင်ငံစုံစီးပွားရေးလုပ်ငန်းကြီးများ၏ ကုန်သွယ်ရေးအတွက် ငွေချေးခြင်း၊ နိုင်ငံခြားငွေ အရောင်းအဝယ်လုပ်ပေးခြင်း၊ ငွေသားအဝင်အထွက် စီမံခန့်ခွဲခြင်းတို့ကို လုပ်ပေးသည်။ သို့သော် ထိုလုပ်ငန်းများ၌သာ ရပ်မနေ၊ အခြားလုပ်ငန်းတွေကိုလည်း ခြဲ့ထွင်လုပ်လာကြသည်။ ရင်းနှီးမြှုပ်နှံမှုဘဏ်၏ လုပ်ငန်းတွေကိုလုပ်သည်။ လက်လီဘဏ်လုပ်ငန်းတွေကိုလည်း လုပ်သည်။ အခြားဘဏ်များကို ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်းပြုလုပ်ကာ နေရာတိုင်းရှိ လူတိုင်းကိုဝန်ဆောင်မှုပေးရန် ကြိုးစားကြသည်။ အိန္ဒိယကအစ အမေရိကန်အဆုံး နေရာတကာရောက်ကြသည်။ ထိုမျှအရှိန်အဟုန်နှင့် လုပ်ငန်းနယ်ပယ်တွေ ကြီးမားလာခြင်းကြောင့်ပင် ဒုက္ခရောက်ရခြင်းဖြစ်သည်။

ပထမဦးစွာ လုပ်ငန်းများ ကြီးလာသဖြင့် စီမံခန့်ခွဲရန် ခက်သည်။ လုပ်ငန်းခွဲတွေက ဘုံအိုင်တီစနစ်တစ်ခုကို လက်ခံကျင့်သုံးရန် မလွယ်ကူ။ ဘုံယဉ်ကျေးမှုအလေ့အထတစ်ခုတည်ဆောက်ရန်ဆိုလျှင် ပို၍ခက်ခဲသည်။ လုပ်ငန်းတွေကို ကမ္ဘာအနှံ့ ချဲ့နေရသော်လည်း ဝင်ငွေထက်စရိတ်က ပိုကြီး မားသည်။ ဒေသခံဘဏ်များထက်ပင် စရိတ်ကြီးနေသည်။ စရိတ်ကြီးသဖြင့် ဆူလွယ်နပ်လွယ်၊ ငွေအလွယ်တကူရသည့် လုပ်ငန်းတွေကိုလုပ်ရသည်။ ဒေသခံသူဌေးကြီးတွေကို ငွေချေးသည့် အလုပ်မျိုးတွေလုပ်ရသည်။

ဒုတိယအချက်အနေဖြင့် ပြိုင်ပွဲက ထင်သည်ထက် ပိုကြီးသည်ကိုတွေ့ရသည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် ဒုတိယတန်းစားဘဏ်တွေက ကမ္ဘာအနှံ့ခြေဆန့်ကြရာ အမြတ်ဝေစုတွေ လျော့ကုန်သည်။ ပြိုင်ဖက်တွေကို လိုက်ဝယ်ပြီး၊ ပေါင်းစည်းရန် ကြိုးစားတိုင်းလည်း အဆင်မပြေ။ အာရှဒေသခံ ဘဏ်တွေကိုမပြိုင်နိုင်။ တရုတ်၊ ဘရာဇီးနှင့် အိန္ဒိယဘဏ်တွေကလည်း ကမ္ဘာအနှံ့ ဖြန့်ကြက်လာကြသည်။

တတိယအချက်အနေဖြင့် ကမ္ဘာအနှံ့ ခြေဆန့်ကြသော ဘဏ်ကြီးများသည် ကမ္ဘာအနှံ့ နိုင်ငံအမျိုးမျိုးတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီအောင် ကြိုးစားကြရသည်။ အမေရိကန်အစိုးရက ငွေကြေးခဝါချမှု၊ အခွန်ရှောင်မှု၊ စီးပွားရေးပိတ်ဆို့မှုတို့နှင့် ပတ်သက်၍ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရာ ဘဏ်များအနေဖြင့် ကိုယ့်ဖောက်သည် ဘယ်သူဘယ်ဝါဆိုသည်ကို သိရုံဖြင့်မပြီး ထိုဖောက်သည်၏ ဖောက်သည်များအကြောင်းကိုပါ သေသေချာချာသိရန် လိုအပ်သည်။ ဒေါ်လာသုံးပြီး လုပ်ငန်းလည်ပတ်နေသောကုမ္ပဏီကြီးများ၊ ဘဏ်ကြီးများသည် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သဖြင့် ဒဏ်ကြေးငွေ နင့်နေအောင် ပေးဆောင်ကြရသည်။

ဒေသခံဘဏ်များထက် ကမ္ဘာအနှံ့ဖြန့်ဘဏ်တွေကို အရင်းအနှီး လိုအပ်ချက်နှင့် ပတ်သက်၍ ချမှတ်သော စည်းမျဉ်းစည်းကမ်းတွေက ပို၍ပင် မြင့်မားသေးသည်။ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းတွေ လိုက်နာရသလို သက်ဆိုင်ရာ နိုင်ငံအလိုက် ချမှတ်ထားသော စည်းမျဉ်းတွေကိုလည်း လိုက်နာရသည်။ ဒေသခံဘဏ်တွေ ၁၀ ရာခိုင်နှုန်းခန့် အန္တရာယ်ရှိပိုင်ဆိုင်မှုများအတွက် ငွေချန်ထားရချိန်တွင် ကမ္ဘာကျော်ဘဏ်တွေက ၁၂ ရာခိုင် နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ သီးသန့်ဖယ်ထားကြသည်။ ထို့ပြင် ဒေသအတွင်းရှိ ဘဏ်လုပ်ငန်းတွေကိုလည်း လုပ်ချင်သလိုလုပ်၍မရ။ ကိုယ့်ငွေဆိုပြီးကမ္ဘာအနှံ့ ရွှေ့ချင်သလိုရွှေ့၍မရ။ သက်ဆိုင်ရာ နိုင်ငံအလိုက်၊ စည်းမျဉ်း စည်းကမ်းတွေ ကိုက်ညီအောင် လုပ်ရသောအလုပ်မှာ စရိတ်ကြီးမားသည်။ တစ်နှစ်တစ်နှစ်လျှင် ဒေါ်လာသန်းထောင်ချီပြီး ကုန်သည်။

ထိုထိုသောစရိတ်တွေအားလုံး ကျေပြီဆိုသည့် ကာလရောက်မှ အမြတ်ထွက်နိုင်သည်။ သို့သော် စည်းမျဉ်းအသစ်တွေက ထပ်တိုးတိုးနေသည်။ ထို့ကြောင့် ၁၀ ရာခိုင်နှုန်း မြတ်ရန်ပင်မလွယ်။

လုပ်ငန်းတွေ ကြီးလာသည့်အခါ မြတ်မည့် အမြတ်တွေကို စရိတ်တွေက စားသွားကြသည်။ လုပ်ငန်းကြီးတိုင်း စရိတ်မသက်သာ။ အခြေအနေမှန်တွေကိုသာ အမှန်တကယ် ထုတ်ပြကြမည်ဆိုလျှင် ယခုထက်ပင်ပို၍ အခြေအနေဆိုးနိုင်သည်။ ကိုယ်ကငွေထုတ် ချေးလိုက်တိုင်း ပြန်ဆပ်မည်ဟု အာမမခံနိုင်။

သို့သော်လည်း ခြေကျွံနေသော ကမ္ဘာကျော်ဘဏ်တွေကို နောက်ပြန် ဆုတ်ခိုင်းဖို့ခက်သည်။

မျှော်လင့်စရာတစ်ခုနှစ်ခုတော့ ရှိသည်။ အမေရိကန်နိုင်ငံတွင် အတိုးနှုန်းတွေ တက်ရိပ်ပြနေရာလာမည့် တစ်နှစ်၊ နှစ်နှစ်ဆိုလျှင် အမြတ်တွေ တိုးပွားလာစရာရှိသည်ဟု မျှော်လင့်ကြသည်။ အခြားအကြောင်းအရာတစ်ခုမှာ ပြိုင်ဆိုင်မှုတွေ လျော့သွားသဖြင့် ဝင်ငွေတွေ တက်လာနိုင်ခြင်းဖြစ်သည်။ နိုင်ငံပေါင်းငါးဆယ်ခန့်တွင် လည်ပတ်နေသော ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်မှု ဘဏ်လုပ်ငန်းတွေကို အချို့သောဘဏ်တွေက ဆယ်ဂဏန်းခန့်အထိ လျှော့ချကြမည့် အလားအလာရှိသည်။ တစ်ဘက်တွင် ပြိုင်ဘက်အသစ်တွေ ဝင်လာနိုင်သည်ကို လျှော့တွက်၍မရ။ ဂျပန်နှင့် တရုတ်ဘဏ်တွေက နယ်ပယ်သစ်တွေ ရှာနေကြပြီ။

ကမ္ဘာဆန်လာသည့်ဖြစ်စဉ် ကြောင့် ကမ္ဘာတစ်ဝန်းငွေတွေ အမြောက်အမြား လျှောက်ပြေးနေကြမည်မှာ မှန်သော်လည်း ထိုသို့ လျှောက်ပြေးနေသော ငွေတွေကိုဘဏ်တွေက မည်သို့ အသုံးချကာ ကြွယ်ဝချမ်းသာအောင် လုပ်ကြမည်ဆိုသည့် ပုစ္ဆာမှာအဖြေ မထွက်သေးပါ။

**(Global Banks : A world of pain )**

## ခါတ်ဆီ/ဒီဇယ်

### ယခင်တစ်ပတ်ထက် ဓာတ်ဆီရော ဒီဇယ်ပါအဝင်လျော့

မတ် ၁၅ ရက်မှ မတ် ၂၁ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၄၇၁၇၃၆ ဒသမ ၃၂ တန်ဖိုးရှိ ဓာတ်ဆီ ၃၄ ဒသမ ၂၆၈ တန်နဲ့ ကန်ဒေါ်လာ ၁၇၃၉၅၂၆၁ ဒသမ ၆၄ တန်ဖိုးရှိဒီဇယ် ၂၅၁ ဒသမ ၉၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီအဝင်နဲ့ ယှဉ်ရင် ၆၁ ဒသမ ၈၇၉ တန် အဝင်လျော့ခဲ့ပြီး ဒီဇယ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၆၂ ဒသမ ၂၈၄ တန်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ မတ်လ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ ရန်ကုန်နဲ့ မော်လမြိုင်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးငြိမ်နေပြီး ဒီဇယ်အနည်းငယ်ဈေးကျအရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်၊အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ကျပ်၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၆၂၀ ကျပ်၊ အဆင့်မြင့် ဒီဇယ်၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ်လ ၂၃ ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ကျပ် ၂၀၀၀ ဝန်းကျင်ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ မတ် ၂၃ ရက်မှာ ဝယ်ဈေး ၁၂၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၅ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၅၀၀၀ ကျပ်ဈေးပြန်မြင့်ခဲ့ကြောင်း သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓါတ်ဆီဈေးက ဝယ်ဈေး တစ်ဂါလန် ၃၁၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၀၀ ကျပ်ဝယ်ပြီး ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓါတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်ဈေး အနည်းငယ်ကျပြီး ဓာတ်ဆီနဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၇၀၀ ကျပ်၊ ဒီဇယ် ၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၅၀ ကျပ်နဲ့ ရောင်းချနေပါတယ်။

ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ မတ်လ ၂၃ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၅ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်စီ ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မတ် ၂၃ ရက်နေ့ ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၃၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ မတ်လအလယ်မှစပြီး ဒီတစ်ပတ်အထိ ဓာတ်ဆီဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၃၀၀ ကျပ်၊ ဓာတ်ဆီ ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်မှာ ဈေးငြိမ်ပြီး အောက်တိန်းဈေးနည်းနည်းမြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၅၀ ကျပ်၊ အောက်တိန်း ၃၀၆၀ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

### Energy NYMEX 27-3-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.55 | -0.88 | -1.71 |
| Brent Crude Futr (USD/bbl) | 58.21 | -0.98 | -1.66 |
| Gasoline Rbob Fut (Cent/gal) | 185.35 | -2.82 | -1.50 |
| Natural Gas Futr (USD/MMBtu) | 2.66 | 2.66 | -0.02 |
| Heating Oil Futr (Cent/gal) | 176.50 | -2.26 | -1.26 |

## ဒေါ်လာဈေးများ ထပ်မံမြင့်တက်လာပြီးနောက် ပြန်လည်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက မြင့်တက်လာခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ထပ်မံမြင့်တက်လာခဲ့ကာ ကျပ် ၁၁၀၀ နီးပါးသို့ ပင်ရောက်ရှိခဲ့သည်။ အမေရိကန်ဒေါ်လာအားကောင်းလာမှုကြောင့် ပြည်တွင်းငွေလဲဈေးကွက်အတွင်း ဈေးများ မြင့်တက်လာရခြင်းဖြစ်သကဲ့သို့ ပြည်တွင်းမှငွေဈေးကစားသူများကြောင့်လည်း ငွေလဲနှုန်းများမြင့်တက်လာရခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အစိုးရက ဝန်ထမ်းများအား လစာနှုန်းထားများ တိုးမြှင့်ပေးသည့် သတင်းများကြောင့်လည်း ငွေလဲနှုန်းများမြင့်တက်လာရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်း သုံးသပ်လျက်ရှိသည်။

"နိုင်ငံတကာမှာ အမေရိကန်ဒေါ်လာက အားကောင်းနေတယ်။ နောက်ပြီး ပြည်တွင်းဈေးကွက်မှာလည်း ဈေးကစားတဲ့သူတွေရှိနေတယ်။ အဲဒါတွေကြောင့် ဈေးက တစ်နေ့ပြီးတစ်နေ့မြင့်တက်လာရတာပါ။ နိုင်ငံတော်အစိုးရကလည်း နိုင်ငံ့ဝန်ထမ်းတွေကို လစာနှုန်းထားတွေတိုးပေးလိုက်တဲ့အတွက် ငွေလဲနှုန်းတွေမြင့်တက်လာရတာပါ။ ဒါပေမယ့် တစ်ပတ်အတွင်းဈေးပိတ်ရမယ့်နေ့ကျတော့ ဈေးက ပြန်ကျ သွားတယ်။ ဒီတစ်ပတ်ထဲမှာတော့ ဈေးအတက်အကျ တော်တော်လေးကို ကြမ်းတယ်လို့ပြောရမယ်။ ဈေးစဖွင့်တုန်းက ၁၀၇၉-၁၀၈၃ကျပ်ပဲရှိပေမယ့် မတ်လ ၂၄ရက်နေ့မှာတော့ ကျပ် ၁၀၈၆-၁၀၉၀ အထိတက်သွားတယ်။ နောက်နေ့လည်းကျရော ဈေးကတအိအိနဲ့ကျသွားတယ်။ ဒါကောင်းတဲ့လက္ခဏာမဟုတ်ဘူး။ အတက်အကျကြမ်းတဲ့အတွက် ကုန်သည်တွေ အထိနာနိုင်တယ်။ ဒီလိုဈေးကစားတာမျိုးက တော်တော်လေးကို ဆိုးလွန်းတယ်"ဟု ငွေလဲဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

သိမ်ဖြူငွေလဲဈေးကွက်တွင်မူ ဗဟိုဘဏ်မှသတ်မှတ်ပေးထားသည့် နှုန်းထားအတိုင်းသာ ရောင်းဝယ်နေသည်ဟုဆိုသော်လည်း အရောင်းအဝယ်ကိုမူ ပိတ်ထားလျက်ရှိကြောင်း သိရသည်။ ဗဟိုဘဏ်မှသတ်မှတ်ထား သည့်ရည်ညွှန်းငွေလဲနှုန်းမှာ ၁၀၂၆ကျပ်သာရှိကြောင်း ဗဟိုဘဏ်ဝက်ဘ်ဆိုက် မှသိရသည်။

ပြင်ပငွေဈေးကွက်တွင်မူ မတ် ၂၃ရက်က ရောင်းဈေး ၁၀၈၃ကျပ်၊ ဝယ်ဈေး ၁၀၇၉ကျပ်ရှိခဲ့ရာမှ မတ် ၂၄ရက်တွင် ရောင်းဈေး ၁၀၉၀ကျပ်၊ ဝယ်ဈေး ၁၀၈၆ ကျပ်ရှိခဲ့သည်။ မတ် ၂၆ရက်တွင် ရောင်းဈေး ၁၀၈၀ကျပ်၊ ဝယ်ဈေး ၁၀၇၅ ကျပ်ရှိခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## တစ်ပတ်အတွင်း မြန်မာရွှေဈေး ကျပ်ခြောက်ထောင်ခန့်ထပ်မံမြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျပ်ငါးထောင်ခန့်မြင့်တက်လာခဲ့သည့် မြန်မာရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ကျပ် ခြောက်ထောင်ခန့် ထပ်မံမြင့်တက်ခဲ့ကြောင်း သိရသည်။ ဈေးစဖွင့်သည့် နေ့တစ်နေ့တည်းမှာပင် ကျပ်ငါးထောင်ခန့်မြင့်တက်ခဲ့ပြီးနောက် ပြည်တွင်းငွေလွှဲနှုန်းများလည်း မြင့်တက်လာခဲ့သဖြင့် ယခုကဲ့သို့ ရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ပြည်တွင်းဈေးကွက်မှာ အဝယ်လိုက်လာတဲ့အပြင် ပြည်တွင်းငွေလဲနှုန်းကလည်း တက်လာတယ်။ အမေရိကန်ဒေါ်လာဈေးတွေ တက်လာတဲ့အချိန်မှာ ရွှေဈေးကျရမယ်ဆိုပေမယ့် စတော့ဈေးကွက်တွေရဲ့ ဈေးနှုန်းတွေ ကျဆင်းလာတာကြောင့် ရွှေဘက်ကဝယ်လိုအားတွေ ကောင်းလာတယ်။ အဲဒါကြောင့် ကမ္ဘာ့ရွှေဈေးတွေ မြင့်တက်လာရတာပါ။ ကမ္ဘာ့ရွှေဈေးတွေ မြင့်တက်လာတာကြောင့် မြန်မာ့ရွှေဈေးကလည်း လိုက်ပြီး မြင့်တက်လာတာပါ။ ပြည်တွင်းငွေလဲနှုန်းကလည်း ခုရက်ပိုင်းမှာ မြင့်တက်လာတာကြောင့် ရွှေဈေးတွေ မြင့်တက်လာတာပါ"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးကွက်တွင် ဈေးစဖွင့်သည့်ရက်တွင်သာ တစ်ရက်အတွင်း ဈေးမြင့်တက်ခဲ့သော်လည်း နောက်ပိုင်းရက်များတွင်မူ အမြင့်ဈေးဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"မြန်မာ့ရွှေဈေးကွက်မှာတော့ ဒီရက်ထဲမှာ ဈေးက အမြင့်ဈေးနဲ့ပဲ ဈေးငြိမ်နေတယ်။ ဈေးစဖွင့်တဲ့နေ့ကတော့ တစ်နေ့တည်းကို ဈေးက မြင့်တက်သွားတာ။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ဈေးက ငြိမ်နေတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် မတ်လ ၂၃ ရက်နေ့နံနက်ပိုင်းက ကျပ် ၆၇၄၀၀၀ ရှိရာမှ ညနေပိုင်းဈေးပိတ်ချိန်တွင် ကျပ် ၆၇၉၀၀၀ သို့ မြင့်တက်ခဲ့သည်။ ထို့နောက် မတ် ၂၄ရက်မှ ၂၆ရက်အထိ ကျပ် ၆၈၀၀၀၀ ဖြင့် ငြိမ်သက်လျက်ရှိသည်။

ကမ္ဘာ့ရွှေဈေးသည် မတ် ၂၃ ရက်က ၁၁၈၅ ဒေါ်လာရှိခဲ့ပြီး မတ် ၂၆ ရက်တွင် ၁၁၉၄ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

March 27, 2015

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.28 |
| BDT Bangladesh Taka | 78.59 |
| CAD Canada Dollars | 1.25 |
| CNY China Yuan Renminbi | 6.21 |
| EUR Euro | 0.92 |
| HKD Hong Kong Dollars | 7.75 |
| INR India Rupees | 62.68 |
| IDR Indonesia Rupiahs | 13071.56 |
| JPY Japan Yen | 119.45 |
| MYR Malaysia | 3.68 |
| PKR Pakistan Rupees | 101.92 |
| PHP Philippines Pesos | 44.82 |
| RUB Russia Rubles | 57.84 |
| SGD Singapore Dollars | 1.37 |
| KRW South Korea Won | 1106.28 |
| LKR Sri Lanka Rupe | 134.13 |
| THB Thailand Baht | 32.61 |
| GBP United Kingdom Pounds | 0.68 |
| VND Vietnam Dong | 21524.08 |

*Source : xe.com*

### World Gold Price

March, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1180 | 1182 | 1182 |
| 24 | 1184 | 1185 | 1186 |
| 25 | 1187 | 1187 | 1188 |
| 26 | 1199 | 1200 | 1200 |
| 27 | 1197 | 1189 | 1200 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-3- 2015 | 674.50 | 674.00 |
| 24-3- 2015 | 682.50 | 682.60 |
| 25-3- 2015 | 680.00 | 680.70 |
| 26-3- 2015 | 680.50 | 680.00 |
| 27-3- 2015 | - | - |

### နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 6 .21 | 32.53 | 77.77 | 62.27 |
| 24 | 6. 21 | 32.55 | 77.73 | 62.20 |
| 25 | 6 .21 | 32.56 | 77.25 | 62.34 |
| 26 | 6 .21 | 32.59 | 77.87 | 62.69 |
| 27 | 6.21 | 32.61 | 78.59 | 57.84 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23-March | 16.69 | 2063.94 | 1772.74 | 6162.24 | 1137.00 |
| 24-March | 16.92 | 2082.53 | 1770.72 | 6224.74 | 1141.00 |
| 25-March | 16.87 | 2082.08 | 1764.45 | 6202.56 | 1135.00 |
| 26-March | 17.07 | 2106.50 | 1756.38 | 6252.51 | 1148.00 |
| 27-March | 16.94 | 2277.50 | 1900.52 | 6757.34 | 1141.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေဆက်တိုက်ဝင်အားကောင်း

မတ် ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်းမှာ ကန်ဒေါ်လာ ၁၁၅၅၃၇၂၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၃၈၅၀၀ ဒသမ ၀၇၉ တန်ကို ပင်လယ် ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တရုတ်နိုင်ငံမှ ၆၀ ဒသမ ၃၉၅ တန်၊ မလေးရှားမှ ၁၈ ဒသမ ၁၂၈ တန်၊ စင်ကာပူမှ ၁၄၀၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၃၇၀၂၁ ဒသမ ၅၅၆ တန် တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းလာခဲ့ပါတယ်။ ဝင်လာခဲ့တဲ့ ဘိလပ်မြေများမှာ စိန်၊ ဆင်၊ RAMCO၊ Mountain တံဆိပ်များဖြစ် တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာလည်း တန်ချိန် တစ်သိန်းနှစ်သောင်း ကျော်ဝင်ခဲ့သလို ဒီတစ်ပတ်မှာလည်း တန်ချိန် တစ်သိန်းသုံးသောင်းကျော် ဝင်ခဲ့တာကြောင့် တစ်ပတ်ပြီး တစ်ပတ်အားကောင်း ကောင်းနဲ့ ဝင်လာခဲ့တယ်လို့ ဆိုရပါမယ်။

### အဝယ်လိုက်လာလို့ ဈေးအတက်အကျရှိလာတဲ့ ဘိလပ်မြေ

မတ်လ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင် တန်ချိန် ၁၃၈၅၀၀ ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၄၅၀၀ ကျော်ရှိခဲ့တာ ကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၁၃၉၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၂၃၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၂၈၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ မြင်းခေါင်းက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ အရောင်းသွက်ပေမယ့် ဈေးကငြိမ်နေတယ်လို့ ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင် (ထိုင်း) ၅၈၀၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၇၅၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်က လိုက်ပေမယ့် ဈေးက ငြိမ်နေတာများတယ်လို့ ဆိုပါတယ်။ တစ်ရာဝန်းကျင် ဈေးမြင့်တာက အေသုံးလုံးနဲ့ မြန်မာဆင်တို့ဖြစ်ပြီး ကျန်တံဆိပ်များက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၄၈၀၀ ကျပ်၊ မြန်မာဆင် ၄၇၀၀ ကျပ်၊ စိန်(ထိုင်း) ၆၉၀၀ ကျပ်၊ဆင်(ထိုင်း) ၆၉၀၀ ကျပ်၊ ဆင်မင်း ၄၆ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်နဲ့ မြင်းခေါင်း ၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဘိလပ်မြေက အရောင်းသွက်ပေမယ့် ဈေးကငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ စိန်(ထိုင်း) ၅၈၀၀ ကျပ်၊ ဆင် ၅၉၀၀ ကျပ်၊ ကြံ့နှစ်ကောင် (အနီ) ၅၂၀၀ ကျပ်၊ကြံ့နှစ်ကောင်(အစိမ်း) ၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် ၂၇၀၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ မတ် ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၃၂၃၇၄ တန်ဖိုးရှိ မြေဩဇာ ၂၇၀၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်ဂျပန်မှ ၁၀၅ တန်၊ စင်ကာပူမှ ၆၉၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၆၄၀ တန်တင်သွင်းခဲ့ပါတယ်။ ဝင်လာခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်းနဲ့ NPK တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၄၀၀ ကျော်သာ ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအဝယ်အေးနေသော်လည်း ဈေးအတက်အကျရှိနေတဲ့ မြေဩဇာ

မတ်လ ၁၅ ရက်မှ မတ်လ ၂၁ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ တန်ချိန် ၂၇၀၅ တန်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာ အဝင်မှာ တန်ချိန် ၁၄၀၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၂၃၇၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၆၀ ကျော်အဝင်လျော့ခဲ့ တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ လျော့ခဲ့တယ်လို့ သိရပါတယ်။

ပဲခူး၊ မကွေးမှာ မြေဩဇာဈေးငြိမ်ပြီး တောင်ကြီးမှာ ဈေးအတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ဒီတစ်ပတ်မြေဩဇာအရောင်းအေးလို့ ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ၁၉၃၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၈၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ်၊ တီစူပါ၁၆% (မြား ကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေး ပေမယ့် ဈေးနည်းနည်းတက်လာတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၀၀၀ ကျပ်၊ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၂၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၉၂၀၀ ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၀၂၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၈၀၀ ကျပ်၊တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၅၀၀၀ ကျပ်၊ ခါတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၀၀၀ ကျပ်၊(ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၇၈၀၀ ကျပ်၊ယူရီးယား (ပန်းဖူး-တရုတ်) ၁၈၀၀၀ ကျပ်၊ တီစူပါ (**GTSP**-၄၆% -တရုတ်) ၁၇၂၀၀ ကျပ်၊ တီစူပါ (**GSSP**-၁၆% -တရုတ်) ၉၀၀၀ ကျပ်၊ တီစူပါ (**GTSP**-၁၂% -တရုတ်) ၈၂၀၀ ကျပ်၊ ကွန်ပေါင်း(၁၀း၁၀း၅) ၁၂၀၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းအဝယ် ပုံမှန်ရှိပြီး ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွှက်လှေ-တရုတ်) ၂၀၅၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၁၉၅၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်)၁၉၈၀၀ ကျပ်၊ ကွန်ပေါင်း (၁၅း၁၅း၁၅) (နေရွှက်လှေ ) ၃၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### OK နဲ့ ဒွန်းနို့ဆီများဝင်

မတ် ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၈၄၀၄၄ တန်ဖိုးရှိ နို့ဆီ ၄၉၆ ဒသမ ၈၀ တန်ကို ရေလမ်းခရီးမှ တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ဒွန်းနို့ဆီ ၂၄၈ ဒသမ ၄၀ တန်နဲ့ OK နို့ဆီ ၂၄၈ ဒသမ ၄၀ တန်ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၂၈ ဒသမ ၅၁ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၂၅ တန်နဲ့ စင်ကာပူမှ ၂၅၈ ဒသမ ၃၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ၁၄၉ ဒသမ ၅၂ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဈေးကွက်အသီးသီးမှ နို့ဆီလက်လီဈေး

နို့ဆီအမျိုးမျိုးနဲ့ ပြည်တွင်းဖြစ်နို့ဆီတွေရဲ့ ဈေးကွက်အသီးသီး လက်လီဈေးတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

တစ်ဘူး/ကျပ်

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒွန်း (နို့ဆီ) | ၇၅၀ | ၇၆၀ |
| ဒွန်း (နို့စိမ်း) | ၆၇၀ | ၆၂၅ |
| ဝမ်းတီးနို့ဆီ | ၆၅၀ | ၆၆၀ |
| အိုကေ(နို့ဆီ) | ၆၇၀ | ၆၁၅ |
| အိုကေ(နို့စိမ်း) | ၆၇၀ | ၆၀၀ |




### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၄/၃ မှ ၂၀/၃ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၇/၃ မှ ၁၃/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၅၁၁.၂၄ | ၁၉၂၇.၅၀ | (+) | ၁၅၈၃.၇၄ |
| ၂။ | လွယ်ဂျယ် | ၁၀၅၆.၀၀ | ၆၈၂.၀၀ | (+) | ၃၇၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၀.၀၀ | ၂၀၀.၀၀ | | - |
| ၄။ | ကန်ပိုက်တီး | ၄၅၈၄.၅၀ | ၄၃၄၇.၂၀ | (+) | ၂၃၇.၃၀ |
| ၅။ | တာချီလိတ် | ၁၁၂၅၀.၀၀ | ၂၀၁၀.၀၀ | (+) | ၉၂၄၀.၀၀ |
| ၆။ | မြဝတီ | ၂၆၄၈.၀၀ | ၃၄၉၄.၂၆ | (-) | ၈၄၆.၂၆ |
| ၇။ | ကော့သောင်း | ၈၆၉၂.၃၀ | ၁၇၄၀၈.၅၀ | (-) | ၈၇၁၆.၂၀ |
| ၈။ | မြိတ် | ၄၃၅.၀၀ | ၂၆၃၀.၀၀ | (-) | ၂၁၉၅.၀၀ |
| ၉။ | မောင်တော | - | ၁၂၀.၀၀ | (-) | ၁၂၀.၀၀ |
| | စုစုပေါင်း | ၃၂၃၇၇.၀၄ | ၃၂၈၁၉.၄၆ | (-) | ၄၄၂.၄၂ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၄/၃ မှ ၂၀/၃ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၇/၃ မှ ၁၃/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၈၃၄.၇၀၀ | ၁၅၁၃၅.၉၀ | (-) | ၂၃၀၁.၂၀ |
| ၂။ | လွယ်ဂျယ် | - | ၃၀.၀၀ | (-) | ၃၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၇၇၈.၃၀၀ | ၉၉၈.၈၅ | (-) | ၂၂၀.၅၅ |
| ၆။ | ကော့သောင်း | ၃၉၆.၉၈၀ | ၁၀၈.၅၀ | (+) | ၂၈၈.၄၈ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | - | ၇၀၀.၀၀ | (-) | ၇၀၀.၀၀ |
| | စုစုပေါင်း | ၁၄၀၀၉.၉၈ | ၁၆၉၇၃.၂၅ | (-) | ၂၉၆၃.၂၇ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း



### မြဝတီနယ်စပ်မှ နှမ်းတင်ပို့

မတ်လ တတိယပတ်တွင် မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၇၀၄၀၀ တန်ဖိုးရှိ နှမ်းနက် ၃၂ တန်တင်ပို့ခဲ့ပါတယ်။ပုံမှန်တင်ပို့နေကျဖြစ်တဲ့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၃ ဒသမ ဝ၆ဝ သန်းတန်ဖိုးရှိတဲ့ နှမ်းရောင်စုံ ၁၇၄၆ တန်ကျော် တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

ယခင်သီ တင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ ၁၅၇၁ တန်ခွဲသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ နှမ်းတင်ပို့မှုပိုမိုလာခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူ တစ်တန် ၁၇၈၈၀၃၁ ကျပ်၊ နှမ်းနက် တစ်တန် ၁၉၂၃၈၅၄ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ နှမ်းဖြူဈေး ၁၇၉၇၁၈၄ ကျပ်နဲ့ နှမ်းနက်ဈေး ၁၉၃၃၇၀၃ ကျပ်သို့ ဈေးတွေထပ်မံမြင့်တက်လာတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။နှမ်းကိုပြည်ပသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းနဲ့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများနဲ့ တင်ပို့မှုရှိပြီး အဓိကအားဖြင့် ထိုင်း၊ တရုတ်၊ ကိုရီးယား၊ ဂျပန်နဲ့ စင်ကာပူနိုင်ငံတွေကို တင်ပို့လျက်ရှိပါတယ်။ ယခုတစ်ပတ်စခန်းအလိုက် တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကို ဖော်ပြ ပေးလိုက်ပါတယ်-

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ |
|---|---|---|---|
| နှမ်းဖြူ | ၁၁၈. ၅ | ၁၆၃ | - |
| နှမ်းနက် | ၂၁၆. ၆ | ၁၁၅၈ | ၃၂ |
| နှမ်းဖြူ (အခွံချွတ်) | ၉၀. ၀ | - | - |

မော်မော်အောင် MIRT (DCCA)

### နှမ်းနက်ဈေး အနည်းငယ် ပြန်မြင့်လာတဲ့ ပြည်ဈေးကွက်

ယခုမတ်လကုန် ရက်သတ္တပတ် နှမ်းနက်ဈေးအနည်းငယ်ပြန်တက်လာပြီး နှမ်းနီဈေးမှာ ယခင်တစ်ပတ်က အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ မိုးနှမ်းအဟောင်းလက်ကျန်မှာ အနည်းငယ်သာရှိပြီး ဆောင်းနှမ်းလက်ကျန်လည်း မများသဖြင့် ဈေးကွက်တွင် နှမ်းဈေးမငြိမ်ဘဲ တက်လိုက်ကျလိုက်ဖြစ်နေတာ တွေ့ရပါတယ်။ နှမ်းနက်ဈေး အတက်အကျမမှန်ခြင်းမှာ နိုင်ငံခြားသို့ တင်ပို့ရရင် ဝယ်လက်များက အဝယ်ရှိ၍ ဈေးတက်ပြီး အဝယ်မရှိရင် ဈေးအနည်းငယ်ပြန်အေးသွားတာ တွေ့ရပါတယ်။ နှမ်းနီဈေးကတော့ ပြည်တွင်းဆီစားသုံးသဖြင့် အဝယ်ပုံမှန်ရှိပြီး ဈေးမှန်နေကာ မိုးနှမ်းနီတစ်တင်းကို ကျပ် ၃၀၀၀၀၊ ဆောင်းနှမ်းနီ တစ်တင်း ကျပ် ၂၅၀၀၀ ဖြစ်ပြီး၊ ဆောင်းနှမ်းနက် တစ်တင်းကို ၃၀၀၀၀ ကျပ်၊ စမုံနက်နှမ်းတစ်တင်းကို ၃၅၀၀၀ ကျပ်ဈေးဖြင့် တစ်နေ့ကို နှမ်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဝေဝေမင်း-ပြည်

## စားအုန်းဆီ

# ရင်းဂစ်တန်ဖိုးမြင့်တက်မှု၊ ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် စားအုန်းဆီဈေးကျ

စာရင်းဇယားများဖြင့် တွက်ချက်မှုအရ အလားအလာကျဆင်းမှု၊ ရင်းဂစ်ငွေတန်ဖိုးမြင့်တက်မှုနဲ့ အဓိက ဝယ်လက်တွေရဲ့ ဝယ်လိုအားမှေးမှိန်နေမှုအတွက် စိုးရိမ်မှုများက မတ် ၂၄ ရက် စားအုန်းဆီကြိုရောင်းဈေးတွေ ကျဆင်းခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာဖော်ပြပါတယ်။

စားအုန်းဆီဈေးကွက်ပိတ်ချိန်မှာ ဘာဆာမလေးရှား စာချုပ်စာတမ်းရောင်းဝယ်ရေး အိတ်ချိန်းမှာ ဇွန်လအတွက် အခြေခံစံထားဈေးနှုန်းက ၁ ဒသမ ၃၇ ရာခိုင်နှုန်း ကျဆင်းကာ တစ်တန်ကို ၂၁၅၆ ရင်းဂစ် (၅၉၁ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။

စားအုန်းဆီအကြမ်း တင်ပို့မှုကို အခွန်ကောက်ခံရန် အင်ဒိုနီးရှားနိုင်ငံက စီစဉ်ဆောင်ရွက်မှုကြောင့် စားအုန်းဆီ အများဆုံးထုတ်လုပ်တဲ့နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားထံမှာ စားအုန်းဆီကြမ်း ဝယ်ယူမှုမြင့်တက်လာပြီးနောက်ပိုင်း စားအုန်းဆီဈေးက မတ် ၂၃ ရက်မှာ တစ်တန်ကို ၂၂၀၈ ရင်းဂစ်နှုန်းထိ မြင့်တက်လာတာကိုတွေ့ရပါတယ်။ ဒါပေမယ့် ဒီလိုမြင့်တက်မှုက ရေရှည်တော့မဖြစ်နိုင်ဘူးလို့ တချို့ကုန်သည်တွေက ပြောပါတယ်။

“ဈေးအဖွင့်မှာတော့ ဈေးနှုန်းကတော်တော်မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် မတ် ၂၄ ရက်လောက်ကတော့ ဆက်ပြီးတက်မလာသေးပါဘူး” လို့ မလေးရှားရှိ နိုင်ငံခြားကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းနဲ့ နီးစပ်သူ စားအုန်းဆီကုန်သည်တစ်ဦး ကပြောပါတယ်။

ကိန်းဂဏန်းအချက်အလက်တွေကိုအခြေခံပြီး ခန့်မှန်းမယ်ဆိုရင် ဈေးကွက်အပေါ် ဖိအားပေးမှုတွေရှိနေပြီး တစ်တန်ကို ရင်းဂစ် ၂၂၀၀ ထက်မကျော်နိုင်ကြောင်း သူက ပြောပါတယ်။

မတ် ၂၅ ရက်က စုစုပေါင်းရောင်းချခဲ့တဲ့ ပမာဏက ၂၅ တန်ရှိ အတွဲပေါင်း ၄၉၂၂၃ တွဲရှိခဲ့ပါတယ်။ ဒါကြောင့် ပျမ်းမျှရောင်းချရတဲ့အတွဲ ၃၅၀၀၀ နဲ့ အထက်များစွာ ပိုမိုနေတာကို တွေ့ရပါတယ်။

အင်ဒိုနီးရှားနိုင်ငံက ပို့ကုန်ခွန်သုညရာခိုင်နှုန်းနဲ့ တင်ပို့တဲ့ စားအုန်းဆီကြမ်း (Crude Palm Oil-CPO) တစ်တန်အတွက် ဒေါ်လာ ၅၀ ကောက်ခံသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီကောက်ခံငွေကို ဇီဝလောင်စာဆီအတွက် ထောက်ပံ့ကြေးပေးမယ့် ရန်ပုံငွေအဖြစ် ထားရှိသွားမှာဖြစ်ပါတယ်။ ဒီအစီအစဉ်ကို သမ္မတရဲ့ အတည်ပြုချက်ရယူဖို့လိုဦးမှာဖြစ်ပါတယ်။

အခွန် (Levy) ကောက်ခံငွေကြောင့် ရေတိုမှာစားအုန်းဆီကြမ်းဈေးကို မြင့်တက်စေမှာဖြစ်ကြောင်း၊ ပြည်တွင်းဇီဝလောင်စာဆီသုံးစွဲမှုကို ထိခိုက်စေနိုင်ကြောင်း လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

စားအုန်းဆီနဲ့ပြိုင်ဘက်သီးနှံဖြစ်တဲ့ ပဲပုပ်ဆီဈေးကွက်မှာ မေလအတွက် အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီစာချုပ်ဈေးက ၀ ဒသမ ၁၉ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ စက်တင်ဘာလအတွက် ပဲပုပ်ဆီဈေးက ၀ ဒသမ ၈၈ ရာခိုင်နှုန်းမြင့်တက်ပါတယ်။

ဉာဏ်တင်



### ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၃-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၄၀၀ | ၃၄၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၂၅ | ၁၃၃၀ | △ |
| မန္တလေး | ၃၈၀၀ | ၃၇၀၀ | ▽ | ၃၅၀၀ | ၃၅၀၀ | □ | ၁၄၅၀ | ၁၄၃၀ | ▽ |
| ပဲခူး | ၂၆၀၀ | ၂၆၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၄၀၀ | ၁၄၀၀ | □ |
| မကွေး | ၃၆၀၀ | ၃၆၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၇၀ | ၁၄၇၀ | □ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

### စားအုန်းဆီဈေးနှုန်းများ (၂၃-၃-၂၀၁၅ မှ ၂၆-၃-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၃-၃-၂၀၁၅ | ၆၇၅ |
| (၂) | ၂၄-၃-၂၀၁၅ | ၆၇၅ |
| (၃) | ၂၅-၃-၂၀၁၅ | ၆၇၀ |
| (၄) | ၂၆-၃-၂၀၁၅ | ၆၇၀ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၃-၂၀၁၅ US$/Ton

| အမျိုးအစား | မတ်လတတိယပတ် | မတ်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၈.၀၀ | ၆၁၈.၀၀ | □ |
| RBD P.Olein | ၆၂၉.၀၀ | ၆၂၉.၀၀ | □ |
| RBD P.Strarin | ၆၁၅.၅၀ | ၆၁၅.၅၀ | □ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆ - ၃ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၁၈၁. ၂၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၂.၉၅ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၅ ၉၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၈.၁၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅. ၂၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၁၄. ၂၉ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ (၂၆-၃-၂၀၁၅)နေ့(CIF ဈေး Cloud Point 8 ˚C Max ၆၇၀ ဒေါ်လာ၊ FOB ၆၄၅ ဒေါ်လာနှင့် Earning ဈေး ၁၀၇၉ ကျပ်)ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ (၂၆-၃-၂၀၁၅)နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၇၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 15, No.13 Monday March 30 2015

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# "Support to Civil Society Organizations (CSOs) in Myanmar" အစီအစဉ်အတွက် အဆိုပြုလွှာများတင်သွင်းရန်အီးယူက ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံရှိအရပ်ဘက်အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်နှင့် ဒေသတွင်း အုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် အရပ်ဘက်အဖွဲ့အစည်းများ စုစုစည်းစည်းဖြင့်တက်တက်ကြွကြွပါဝင်ဆောင်ရွက်နိုင်ရေးကိုကူညီထောက်ပံ့ရန်၊ အရပ်ဘက်အဖွဲ့အစည်းများ နှစ်ဦးနှစ်ဖက်နားလည်မှုတိုးတက်စေရန်နှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ခိုင်မာမှုရှိလာစေရန်အတွက် မီဒီယာ၊ တိုင်းဒေသကြီးပြည်နယ်လွှတ်တော်များနှင့် ဒေသအာဏာပိုင်များအကြား ဆက်ဆံရေးကိုမြှင့်တင်ဆောင်ရွက်ရန်ရည်ရွယ်လျက် "Support to Civil Society Organizations (CSOs) in Myanmar" အစီအစဉ်အတွက်ငွေကြေး ထောက်ပံ့မှု (Grants) ပေးနိုင်ရန် အဆိုပြုလွှာများတင်သွင်းရန် ဥရောပကော်မရှင်က ကြေညာချက်ထုတ်ပြန် ထားပါသည်။

"Support to Civil Society Organizations (CSOs) in Myanmar"အစီအစဉ်အရ လုပ်ငန်းစီမံချက်များအား အီးယူ၏ နေရာဒေသအလိုက် အစီအစဉ်များ (Geographic Programmes) အရငွေကြေးထောက်ပံ့ပေးမည်ဖြစ်ပါသည်။ အဆိုပြုသော လုပ်ငန်းကဏ္ဍများသည်အီးယူ၏မြန်မာနိုင်ငံဆိုင်ရာ Multiannual Indicative Programme (2014-2020) တွင် သတ်မှတ်ထားသော အဓိကကဏ္ဍလေးရပ်ဖြစ်သည့်(က)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး/စိုက်ပျိုးရေး/ အစားအစာနှင့် အာဟာရဓာတ်ဖူလုံရေး၊ (ခ) ပညာရေး (ဂ) အုပ်ချုပ်မှုစနစ်၊ တရားဥပဒေစိုးမိုးမှုနှင့် စွမ်းဆောင်မှုမြှင့်တင်ရေးနှင့်(ဃ)ငြိမ်းချမ်းမှုတည်ဆောက်ရေးကို အထောက်အကူပြုရေးတို့အား အဓိကအားဖြင့် ဦးတည်ရမည်ဖြစ်သည်။ လုပ်ငန်းစီမံချက်များအား မြန်မာနိုင်ငံတွင်သာ အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

"Support to Civil Society Organizations (CSOs) in Myanmar" အစီအစဉ်အရ လျှောက်ထားနိုင်သော အဓိကအဖွဲ့အစည်းများမှာ မြန်မာနိုင်ငံ သို့မဟုတ် အီးယူအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် တည်ထောင်ထားသော အကျိုးအမြတ်မရှာသော တရားဝင်အရပ်ဖက်အဖွဲ့အစည်းများဖြစ်ပါသည်။

အီးယူသည်ယင်းအစီအစဉ်အတွက် ယူရို ၃ ဒသမ ၇သန်းထောက်ပံ့ရန် လျာထားပါသည်။ စီမံချက်တစ်ခုစီအတွက် အများဆုံး ထောက်ပံ့ငွေမှာယူရို ၂ သန်းဖြစ်ပြီး အနည်းဆုံးထောက်ပံ့ငွေမှာ ယူရို ၁ သန်းဖြစ်ပါသည်။ ခွင့်ပြုမည့်စရိတ်မှာ အနည်းဆုံးအားဖြင့် စီမံချက်ကုန်ကျငွေစုစုပေါင်း၏ ၅၀ရာခိုင်နှုန်းနှင့် အများဆုံးအားဖြင့်စီမံချက်ကုန်ကျငွေ စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းဖြစ်ပါသည်။ လျှောက်ထားသည့်အဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် တည်ထောင်ထားသော အရပ်ဘက်အဖွဲ့အစည်းဖြစ်ပါက စီမံချက် ကုန်ကျငွေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းအထိ ထောက်ပံ့ငွေရရှိနိုင်ပါသည်။

ပထမအဆင့် အနေဖြင့် EU Grants အားလျှောက်ထားလိုသည့် အရပ်ဘက် အဖွဲ့အစည်းများသည် ဥရောပကော်မရှင်၏ Website တစ်ခုဖြစ်သော (PADOR -http//ec.europa.eu/europeaid/work/onlineservices/pador/index_en.htm) တွင်ပထမဦးစွာမှတ်ပုံတင်ရပါမည်။ PADOR တွင် မှတ်ပုံတင်ခြင်းမပြုမီ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းပြထားသည့် လမ်းညွှန်ချက်များအား ဖတ်ရှုရပါမည်။ ထို့နောက် ကိုယ်ပိုင်စီမံချက်နှင့် သက်ဆိုင်သည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Concept Note ၊ Concept Note အတွက် Checklist ၊ Concept Note အတွက်လျှောက်ထားသူ၏ကြေညာ ချက်တို့အား (မူရင်း၁စောင်၊ မိတ္တူ ၃စောင်၊ CD- Rom with the Concept Note in Electronic Version ) စာအိတ်တွင်းထည့် ချိတ်ပိတ်လျက် အောက်ပါလိပ်စာသို့ မှတ်ပုံတင်စာအဖြစ်သော်လည်းကောင်း၊ ပုဂ္ဂလိကစာပို့ဝန်ဆောင်မှုဖြင့်သော်လည်းကောင်း၊ တိုက်ရိုက် လာရောက်၍သော်လည်းကောင်း ပေးပို့ရပါမည်-

Delegation of the European Union to Myanmar
Hledan Centre- Corner of Pyay Road and Hledan Road,
6th Floor
Kamayut Township
Yangon, Myanmar
Tel: +95 (0)12305650

စာအိတ်ပေါ်တွင် လျှောက်ထားသည့် အဖွဲ့အစည်း၏အမည်နှင့်လိပ်စာအပြည့်အစုံတို့နှင့်အတူ Call for Proposal ခေါင်းစဉ်နှင့် အညွှန်းနံပါတ်တို့အား ဖော်ပြထားရပါမည်။ ထို့အပြင် "Not to be opened before the opening session" စာသားကိုလည်း စာအိတ်ပေါ်တွင် ရေးသားဖော်ပြထားရပါမည်။

လျှောက်လွှာ (Concept Note တင်သွင်းရန်)ပိတ်ရက်နှင့်အချိန်မှာ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ရက်နေ့ဖြစ်ပါသည်။ စီမံချက်နှင့်ပတ်သက်သည့် အသေးစိတ်အား https://webgate.ec.europa. eu/europeaid/online -services/index.cfm?do=publi.welcome&nb PubliList=15 &orderby =upd&order byad= Desc&searchtype =RS&aofr= 136680&userlanguage= en တွင် ကြည့်ရှုနိုင်ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ရော်ဘာနှင့် ဆန်ရောင်းချမည့်အစီအစဉ်

ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံတို့ သည် ဆန်တန်ချိန် ၂ သန်းနှင့်ရော်ဘာ တန်ချိန် ၂ သိန်းရောင်းဝယ်ရန်အတွက် စာချုပ်နှစ်စောင်ကိုလာမည့် မေလ ၈ ရက်နေ့တွင် ပေကျင်း၌ လက်မှတ်ရေးထိုးရန် မတ်လ ၁၂ ရက်က သဘောတူခဲ့ကြပါသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ၌ လက်မှတ်ရေးထိုးခဲ့သော ဆန်တန်ချိန် ၂ သန်း ရောင်းဝယ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့်ပတ်သက်၍ ဆောင်ရွက်မှုကို လေ့လာသုံးသပ်ရန် ထိုင်း-တရုတ် အစည်းအဝေးကို ဗန်ကောက် မြို့၌ နှစ်ရက်ကြာ ကျင်းပခဲ့ပါသည်။ အစည်းအဝေးအပြီးတွင် ဆန်ကို FOB ဈေးနှုန်းဖြင့် ရောင်းဝယ်ရန် သဘောတူခဲ့ကြကြောင်း၊ တရုတ်နိုင်ငံဘက်မှ သင်္ဘောတင်အစီအစဉ်နှင့် တင်ပို့မည့် ပမာဏဆုံးဖြတ်ရန်အတွက် တာဝန်ရှိမည်ဖြစ်ကြောင်း၊ စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း အရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းရှိ/မရှိ စစ်ဆေးရန်အတွက် ပုဂ္ဂလိက(သီးခြား) စစ်ဆေးသူ ငှားရမ်းခွင့်ရှိကြောင်း၊ ကုန်တင်ပို့မှုကို ဇူလိုင်လတွင် စတင်မည်ဟု ခန့်မှန်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမှ ပြောကြားခဲ့ပါသည်။

ဆန်နှင့်ရော်ဘာများကို ယခုနှစ်နှင့် လာမည့်နှစ်အတွင်း တင်ပို့မည်ဖြစ်ပါသည်။ ဆန်အရောင်းအဝယ်စာချုပ်ကို တရုတ်အမျိုးသားနှံစားသီးနှံ၊ စားဆီနှင့် စားသောက်ကုန်ကော်ပိုရေးရှင်း (China National Cereals, Oils and Foodstuffs Corporation) နှင့်ချုပ်ဆိုမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံအစိုးရအနေဖြင့် ရော်ဘာအရောင်းအဝယ်အတွက် တရုတ်နိုင်ငံမှ အစိုးရပိုင် Sinochem နှင့် လက်မှတ်ရေးထိုးရန် Rubber Estate Orgnization အား တာဝန်ပေးအပ်ထားကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကိုရီးယား-ဂျပန် ကုန်သွယ်မှု သုံးနှစ် ဆက်တိုက်ကျဆင်းနေ

၂၀၁၄ခုနှစ်အတွင်း ကိုရီးယား-ဂျပန်ကုန်သွယ်မှုအခြေအနေသည် အမေရိကန်ဒေါ်လာ ၈၆ ဘီလီယံသာ ရှိခဲ့ပြီး ယခင်နှစ်ကထက် ၉ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု Korea International Trade Association (KITA)၏ မတ်လ၁၈ရက်နေ့က ထုတ်ပြန်သော စာရင်းဇယားများအရ သိရှိရသည်။ကိုရီးယားမှ ဂျပန်သို့ ပို့ကုန်သည်၇ရာခိုင်နှုန်း ဒေါ်လာ၃၂ဘီလီယံသို့ထိုးကျသွားပြီး၊ သွင်းကုန်သည်လည်း ၁၀ရာခိုင်နှုန်း ဒေါ်လာ ၅၄ ဘီလီယံသို့ကျဆင်းသွားခဲ့သည်။

ယင်းသို့ပို့ကုန်ရောသွင်းကုန်ပါ ကျဆင်းမှုသည်နှစ်နိုင်ငံကုန်သွယ်မှုဆက်တိုက်ကျဆင်းမှုသည် ၂၀၁၁ ခုနှစ်ကတည်းက ဖြစ်နေခဲ့ပြီး၊ယခုအခါသုံးနှစ်ဆက်တိုက်ကျဆင်းနေမှုဖြစ်သည်။ ၂၀၁၅ ခုနှစ်ပထမနှစ်လအတွင်းကြိုတင်စာရင်းများအရ နှစ်နိုင်ငံကုန်သွယ်မှုသည် ၁၄ ရာခိုင်နှုန်းကျဆင်းနေခဲ့ပြီဖြစ်ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၁၀ ဘီလီယံခန့်ဖြစ်ခဲ့သည်။ ယင်းကုန်သွယ်မှုပမာဏများ ကျဆင်းနေမှုသည် ဂျပန်ယန်းငွေတန်ဖိုး ကျဆင်းမှုကြောင့်လည်းဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဆိုးလ်မြို့**

# တောင်ကိုရီးယား လူငယ်အလုပ်လက်မဲ့အရေအတွက် ဖေဖော်ဝါရီတွင် အများဆုံးစံချိန်တင်

ဖေဖော်ဝါရီလတွင် အသက် ၁၅ နှစ်မှ ၂၉နှစ်ကြားတောင်ကိုရီးယားလူငယ် အလုပ်လက်မဲ့အရေအတွက်သည် ၁၅ နှစ်နှင့် ၇ လတာကာလအတွင်း အမြင့်ဆုံးအရေအတွက်သို့ ရောက်ရှိခဲ့သည်။ အမျိုးသားစာရင်းအင်းဌာနက မတ်လ ၁၈ ရက်နေ့က ထုတ်ပြန်သောစာရင်း ဇယားများအရ ၁၉၉၉ ခုနှစ် ဇူလိုင်လက အမြင့်ဆုံးအလုပ်လက်မဲ့နှုန်းထက်အနည်း ငယ်လျော့နည်းသည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ အလုပ်လက်မဲ့နှုန်းသည် ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ကြောင်းတွေ့ရပြီး ၂၀၁၄ခုနှစ်ဖေဖော်ဝါရီလက လူငယ်အလုပ်လက်မဲ့နှုန်းထက် သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

နိုင်ငံတွင်းအလုပ်လက်မဲ့နှုန်း သည် ၄ဒသမ၆ရာခိုင်နှုန်းရှိပြီး၊ယခင်နှစ် အလားတူကာလထက် သုည ဒသမ ၁ ရာခိုင်နှုန်း တက်ခဲ့သည်။ ၎င်းအလုပ် လက်မဲ့ရာခိုင်နှုန်းသည် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ အလုပ်လက်မဲ့နှုန်း ၄ ဒသမ ၉ ရာခိုင်နှုန်းထက် အနည်းငယ်သာ လျော့နည်းသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း အလုပ်ရှိသူအရေအတွက်သည် ၂၅ ဒသမ ၁၉ သန်းရှိပြီး၊ ယခင်နှစ်အလားတူကာလထက် ၃၆၇,၀၀၀ဦးသာပိုလာခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်း အလုပ်လက်မဲ့ အရေအတွက်သည် ၁,၂၀၃,၀၀၀ဦးရှိ၍ ယခင်နှစ်အလားတူ ကာလထက် ၂၄,၀၀၀ ဦးပိုသာခဲ့သည်။ အလုပ်အကိုင် ရှိသူအချိုးကိုကြည့်လျှင် ၅၈ ဒသမ ၈ ရာခိုင်နှုန်းရှိ၍ ယခင်နှစ်အလားတူ ကာလထက်သုည ဒသမ ၂ ရာခိုင်နှုန်း တိုးလာခဲ့သည်။ စီးပွားရေးလုပ်ငန်းများတွင်ပါဝင်ပတ်သက်လုပ်ကိုင်နေသော လူဦးရေအချိုးသည် ၆၁ ဒသမ၆ ရာခိုင်နှုန်းရှိ၍ယခင်နှစ်အလားတူ ကာလထက် သုည ဒသမ ၂ ရာခိုင်နှုန်း တိုးခဲ့သည်ကိုတွေ့ရသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဒေသခံကုမ္ပဏီများ ပြည်ပသို့ လုပ်ငန်းတိုးချဲ့ရာတွင် စင်ကာပူအစိုးရ၏ ကူညီထောက်ပံ့မှုများကို မြှင့်တင်မည်

စင်ကာပူနိုင်ငံ၏ စီးပွားရေးမဟာဗျူဟာ၌ အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်သော ဒေသခံကုမ္ပဏီလုပ်ငန်းရှင်များ၏ နိုင်ငံတကာသို့ စီးပွားရေးလုပ်ငန်း ဖြန့်ကြက်လုပ်ကိုင်မှုကို ကူညီထောက်ပံ့ခြင်းအား ယခုနှစ်အတွက် ဘဏ္ဍာငွေ အရအသုံးလျာထားချက် အစီအမံများနှင့်အညီပိုမိုမြှင့်တင် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စင်ကာပူအပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်း (IE Singapore) မှမတ်လ ၁၆ ရက်နေ့က ပြောကြားလိုက်သည်။

စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ IE Singapore အနေဖြင့်ဈေးကွက် အသင့်ဖြစ်စေရေး ထောက်ပံ့မှုအစီအစဉ် (Market Readiness Assistance -MRA) ကိုချမှတ်၍ ပြည်ပဈေးကွက်များသို့ လုပ်ငန်းစတင်ချဲ့ထွင်လုပ်ကိုင်သည့် စင်ကာပူဒေသခံကုမ္ပဏီများအား သတင်းအချက်အလက်ပံ့ပိုးမှု၊ လေ့ကျင့်သင်ကြားပို့ချမှုနှင့် ရန်ပုံငွေထောက်ပံ့မှုဟူ၍ ကဏ္ဍသုံးရပ်ခွဲခြားပြီး အထောက်အပံ့များပေးအပ်လျက်ရှိပါသည်။ နောက်ဆုံးစစ်ဆေးခဲ့သည့် စာရင်းစစ်အစီရင်ခံစာအရ နှစ်စဉ်လုပ်ငန်းလည်ပတ်မှုဝင်ငွေ ထွက်ငွေပမာဏ စင်ကာပူဒေါ်လာ သန်း ၁၀၀အောက်ရှိသော စင်ကာပူအခြေစိုက် SMEs လုပ်ငန်းများသည် ပြည်ပ၌ဈေးကွက်မြှင့်တင်မှု၊ ကုန်သွယ်မှုပြပွဲတွင် ပါဝင်ပြသမှုနှင့် e-commerce လုပ်ငန်းဆောင်ရွက်မှုများအတွက် ဈေးကွက်အရန်သင့်ဖြစ်စေ ရေးအထောက်အပံ့ (MRA Grant) ကို လည်းကောင်း၊ အစိုးရထံမှ အခြားသော အခွန်သက်သာခွင့်များကို ရယူထားခြင်း မရှိပါက ပြည်ပ၌ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးလုပ် ဆောင်ချက်များအပေါ် အခွန်နှစ်ဆ လျှော့ချခံစားခွင့် အစီအစဉ်ကိုလည်း ကောင်းလျှောက်ထားရယူခွင့်ရှိကြောင်း သိရသည်။

ထို့အပြင် IE Singapore သည် ပြည်ပ၌ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုရှိနှင့်ပြီးဖြစ်သော စင်ကာပူကုမ္ပဏီများ ၏ လုပ်ငန်းများပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန် အတွက် Global Company Partnership(GCP) ခေါ် နိုင်ငံတကာကုမ္ပဏီဖက်စပ်လုပ်ကိုင်မှု အစီအစဉ်ဖြင့် လည်းအထောက်အပံ့ များပေးအပ်လျက် ရှိပါသည်။ ဤအစီအစဉ်အရ စင်ကာပူ၌ ဌာနချုပ်ရုံးထားရှိပြီး အခြားနိုင်ငံများတွင် လုပ်ငန်းခွဲများဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော စင်ကာပူကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်မှု၊ ဈေးကွက်ဝင်ရောက်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်းများအတွက် နိုင်ငံတကာသို့ လုပ်ငန်းဖြန့်ကြက်ဆောင်ရွက်မှုရန်ပုံငွေအစီအစဉ် (Internationalisation Finance Scheme-IFS) မှချေးငွေများ ရယူနိုင်လျက်ရှိပါသည်။

စင်ကာပူအစိုးရသည် အသေးစား နှင့်အလတ်စားစီးပွားရေးလုပ်ငန်း (SMEs) များအတွက် MRA နှင့် GCP ခေါင်းစဉ်နှစ်ရပ်အောက်ရှိ ရန်ပုံ ငွေထောက်ပံ့မှုများကိုလာမည့် သုံးနှစ်တာကာလအတွင်း ၅၀ မှ ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပံ့ပိုးမည်ဖြစ်ရာ ပြင်ပ နိုင်ငံများ၌ လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည့် စင်ကာပူကုမ္ပဏီများ၏လုပ်ငန်း စီမံကိန်းပေါင်း ၇၀၀ ခန့်မှာအကျိုးခံစားရဖွယ်ရှိပါသည်။ စင်ကာပူ SMEs များ၏ ပြည်ပ၌ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်မှုတွင် ကုန်ကျသည့် စရိတ်များ၏ ၇၀ ရာခိုင်နှုန်းခန့်ကို MRA Grant များမှအထောက်အကူပြုမည်ဖြစ်ပြီးလာမည့် ၅ နှစ်တာအတွင်း စင်ကာပူဒေါ်လာသန်း ၂၄၀ ခန့်ပိုမိုထောက်ပံ့နိုင်မည်ဟု IE Singapore မှ ခန့်မှန်းထားပါသည်။

နိုင်ငံတကာသို့ သွားရောက်၍ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရာတွင် စီမံချက်များ စနစ်တကျရေးဆွဲချမှတ်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းရာဇဝင်မှတ်တမ်းကောင်းမွန်သည့် ကုမ္ပဏီများအတွက် ကုန်သွယ်လုပ်ငန်းအခွန် (Corporate tax) လျှော့ပေါ့ပေးဆောင်ခွင့်ရရှိနိုင်မည့် နိုင်ငံတကာလုပ်ငန်းတိုးတက်မှုအစီအစဉ် (International Growth Scheme, IGS) ကိုလည်း ၂၀၁၅ ခုနှစ်ဧပြီလမှစတင်ဆောင်ရွက် မည်ဖြစ်သည်။ IGS အကျိုးခံစားခွင့် ရရှိသည့် ကုမ္ပဏီသည် သတ်မှတ်ထားသည့် လုပ်ငန်း ဆောင်ရွက်မှုများမှ ရရှိသော နှစ်တိုးဝင်ငွေများအပေါ် ၅နှစ်ထက် မပိုစေဘဲအခွန်ကောက်ခံမှု ၁၀ ရာခိုင်နှုန်းဖြင့် လျှော့ပေါ့ပေးဆောင်ခွင့်ရှိမည်ဖြစ်သည်။ လက်ရှိကာလတွင် စင်ကာပူကုမ္ပဏီများအနေဖြင့် ကုန်သွယ်လုပ်ငန်းအခွန်ကို ၁၇ ရာခိုင်နှုန်း ပေးဆောင်ရလျက်ရှိပါသည်။

စင်ကာပူလုပ်ငန်းရှင်များအနေဖြင့် ပြည်ပနိုင်ငံများ၌ စီးပွားရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးမှာ မိမိတို့၏ စီးပွားရေးမဟာဗျူဟာတွင် တစ်စိတ်တစ်ပိုင်း ပါဝင်လျက်ရှိကြောင်း၊ အာရှဒေသရှိစားသုံးသူများ၏ ကုန်စည်နှင့် ဝန်ဆောင်မှုအမှတ်တံဆိပ် (Brands) အသစ်များအားလိုလားချက်မြင့်တက်လာမှုနှင့်အတူ မိမိတို့စင်ကာပူကုမ္ပဏီများသည်လည်း အာရှဒေသ၏ ခိုင်မာသော ကုန်အမှတ်တံဆိပ်တစ်ရပ်ကို ထူထောင်နိုင်ရေးမှာ အရေးကြီးကြောင်း၊ ယခုကဲ့သို့ အစိုးရ၏ထောက်ပံ့မှုအစီအမံများကို တိုးမြှင့်ခြင်းမှာ ဒေသခံ SMEs များအား ရှေ့လာမည့် လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အချက်ပြခြင်းပင်ဖြစ်ကြောင်း၊ စင်ကာပူကုမ္ပဏီများသည် ပြည်ပဈေးကွက်သို့တိုးချဲ့ရာတွင် အီး-ကောမာ့စ်နည်းဗျူဟာကို တိုးတက်အောင် လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ယဉ်ကျေးမှုနှင့် ပထဝီအနေအထားထိစပ်မှုတို့အရ အရှေ့တောင်အာရှဒေသသည်စင်ကာပူ SMEs များအဓိကရွေးချယ်လုပ်ကိုင်သည့် ပြင်ပဈေးကွက် ဖြစ်ကြောင်း၊ ထို့အပြင် တရုတ်နှင့် အိန္ဒိယ နိုင်ငံတို့၌လည်း စင်ကာပူ လုပ်ငန်းရှင်များအတွက်စီးပွားရေးအခွင့် အလမ်းများစွာရှိနေကြောင်း စသည်ဖြင့် IE Singapore ၏အမှုဆောင် အရာရှိချုပ် Mr.TeoEng Cheong ကပြော ဆိုပါသည်။

IE Singapore ၏ ဖော်ပြချက်များအရစင်ကာပူအစိုးရ၏ MRA နှင့် GCP ထောက်ပံ့ မှုအစီအမံများကို လျှောက်ထားရယူမှုမှာ ကုမ္ပဏီကြီးများထက် SMEs များကပိုမိုများပြားကြောင်း၊ ယခင်နှစ်၌ အဆိုပါကူညီ ထောက်ပံ့မှုများအားရယူသည့် ပြည်ပ ဈေးကွက်ချဲ့ထွင်သူလုပ်ငန်းပေါင်း ၂၈၀၀၀ ခန့်ရှိရာတွင် ၈၀ ရာခိုင်နှုန်းမှာ SMEs လုပ်ငန်းများဖြစ်ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## မြန်မာနိုင်ငံပညာရေးဝန်ဆောင်မှု နယ်ပယ်၌ စင်ကာပူလုပ်ငန်းရှင်များမှ ဖက်စပ်လုပ်ငန်းလုပ်ကိုင်

မြန်မာနိုင်ငံ၏ ပညာရေးဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်၌ စင်ကာပူကုမ္ပဏီများမှ ဖက်စပ်လုပ်ငန်းတည်ထောင်၍ စတင်ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း စင်ကာပူနိုင်ငံထုတ် နေ့စဉ်သတင်းစာများက ဖော်ပြခဲ့ကြပါသည်။ စင်ကာပူနိုင်ငံတွင် ဌာနချုပ်ရုံးဖွင့် လှစ်ထားရှိသည့် Modern Montessori International လီမိတက် (MMI) သည်မြန်မာနိုင်ငံ၌ စင်ကာပူပညာရေးလေ့ကျင့်မှုအကယ်ဒမီ (Singapore Education Training Academy Co., Ltd.) အမည်ဖြင့် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းလျက် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၌ မူလတန်းကြိုကျောင်း တစ်ခုကို မတ်လ ၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်လိုက်ပါသည်။ အဆိုပါ ဖက်စပ်လုပ်ငန်းကို စင်ကာပူဘက်မှ လုပ်ငန်းရှင် Mr.Kalimu-thuPonnusamy နှင့် မြန်မာဘက်မှ ဦးစိုးမြင့် (ခ) Mr.Singaroo တို့၏ ဦးဆောင်မှုဖြင့် အစုအစပ် ၅၀ ရာခိုင်နှုန်းစီထည့်ဝင်လျက် ကနဦးရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅ သိန်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ MMIမှပြောဆိုချက်အရလာမည့်ဧပြီလ မှစတင်၍ ဤမူလတန်းကြိုကျောင်း၌ သင်တန်းများဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ ပထမသုတ်အနေဖြင့် ကျောင်းသားဦးရေ ၁၀၀ ကိုလက်ခံမည်ဖြစ်ကြောင်း၊ စတင်လုပ်ကိုင်သည့် ပထမနှစ်အတွင်း လုပ်ငန်းလည်ပတ်မှုဝင်ငွေအမေရိကန် ဒေါ်လာ ၂ သိန်းကျော်ရရှိမည်ဟု ခန့်မှန်းထားရှိပြီး ဒုတိယနှစ်တွင် ဝင်ငွေလည်ပတ်မှုမှာ နှစ်ဆတိုးလာဖွယ်ရှိကြောင်း သိရှိရပါသည်။

စင်ကာပူရှိMMI လီမိတက်၏ အမှုဆောင်အရာရှိချုပ် Dr. T. Chandroo ကပြောကြားရာတွင် ၎င်းတို့အနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း အာရှဒေသရှိဖြစ်ထွန်းစဈေးကွက်များ၌ မူကြိုနှင့်ဆရာအတတ်သင်ကျောင်းပေါင်း ၂၀အထိ တိုးချဲ့ဖွင့်လှစ်ရန် လုပ်ငန်းလျာထားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ လုပ်ငန်းလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းကို လွန်ခဲ့သော နှစ်နှစ်ကျော်ကာလက ပင်စောင့်ဆိုင်းနေခဲ့ပြီး လုပ်ငန်းစတင် မှုပြုနိုင်ရန် စီမံချက်ချ ဆွေးနွေးပြင်ဆင်မှုများကို အချိန်တစ်နှစ်ခွဲခန့် ရယူဆောင်ရွက်ခဲ့ရကြောင်း၊ ယခုသင်တန်းကျောင်းမှာ ၎င်းတို့ကုမ္ပဏီ၏ ၂၅ နှစ်ပြည့် နှစ်ပတ်လည်ကာလနှင့် တိုက်ဆိုင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ လာမည့် ၄ နှစ် တာကာလအတွင်း ရန်ကုန်နှင့်မန္တလေးမြို့များ၌ သင်တန်းကျောင်း နှစ်ခုစီကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်းပြောဆိုပါသည်။ စင်ကာပူ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံသို့လာရောက်၍ ရင်းနှီးမြှုပ်နှံမှုမပြုမီ မိမိတို့ ရည်မှန်းထားသည့် လုပ်ငန်းနှင့်ပတ်သက်၍ သုတေသနပြုလေ့လာမှုနှင့် သင့်လျော်သည့် ဒေသခံစီးပွားဖက်လုပ်ငန်းရှင်များရှာဖွေဖော်ထုတ်ခြင်းတို့ ကို လုံလောက်စွာလုပ်ကိုင်ရန် လိုအပ်ကြောင်းဖြင့်လည်း Dr. Chandroo က အကြံပြုပြောဆိုပါသည်။

MMI လီမိတက်သည် အာရှနှင့် ပစိဖိတ်ဒေသအတွင်းဆရာအတတ်သင်ကျောင်းနှင့် မူလတန်းကြိုကျောင်းများအား ဖရန်ချိုက်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များပေးအပ်၍ပညာရေးဝန်ဆောင်မှုလုပ်ကိုင်လျက်ရှိရာ စင်ကာပူနိုင်ငံအတွင်း မူကြိုကျောင်း ၃၂ ခုဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ ၎င်းတို့ အနက် ဖရန်ချိုက်လိုင်စင်ပေးအပ်ထားသည့် မူကြိုကျောင်းမှာ ၈ ခုရှိပြီး ကျန်မူကြိုကျောင်းများမှာ ကိုယ်ပိုင်စီမံခန့်ခွဲ မှုဖြင့် လုပ်ကိုင်ခြင်းဖြစ်ပါသည်။

The Straits Times သတင်း ဌာန၏ ဖော်ပြချက်အရ MMI နှင့် စင်ကာပူပညာရေးလေ့ကျင့်မှု အကယ်ဒမီတို့သည် CSR ခေါ် ကုမ္ပဏီ များ၏ လူမှုပတ်ဝန်းကျင်အပေါ် တာဝန်ယူသည့်လုပ်ငန်းစဉ်အနေဖြင့်မြန်မာနိုင်ငံ၊ ကျေးလက်ဒေသများ၌ စာတတ်မြောက်မှုမြှင့်တင်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်း၊ ပညာသင်ဆုများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။ **နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

## ဗီယက်နမ်နိုင်ငံ၏ ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အီးယူက ယူရို သန်း ၁၀၀ ကျော်ထောက်ပံ့မည်

၂၀၁၅-၂၀၁၇ ခုနှစ်ကာလတွင် ဗီယက်နမ်နိုင်ငံတွင်အကောင်အထည်ဖော် ဆောင်ရွက်မည့်အီးယူကျန်းမာရေးကဏ္ဍမူဝါဒအထောက်အပံ့ ဒုတိယပိုင်းအစီအစဉ်အရ ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးနှင့် ဥရောပကော်မရှင်လက် အောက်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာနချုပ်မှညွှန်ကြားရေးမှူးတစ်ဦးဖြစ်သူ Mr. Amilhat Pierre တို့သည် သဘောတူစာချုပ်တစ်ရပ်အား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင်လက်မှတ်ရေး ထိုးခဲ့ပါသည်။အဆိုပါသဘောတူ စာချုပ်အရ အီးယူသည် ဗီယက်နမ်နိုင်ငံ၏ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရို၁၁၄သန်းခန့် ကူညီထောက်ပံ့မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**



# အာဆီယံရွှေပြတင်းက သင်းပျံ့တဲ့ရနံ့လေညှင်းဆော်ကြရအောင်

|မြင့်ဦး-ပခုက္ကူ|

လူရယ်လို့ဖြစ်လာကြရင် အဓိကထားကြိုးစားဆောင်ရွက်ရမယ့် တာဝန်သုံးရပ်ရှိတယ်ဆိုတာ မငြင်းနိုင်တဲ့ လောကသဘာဝတရားတစ်ခုပါ။ အဲဒါက စား၊ ဝတ်၊နေ၊ ရေး ဆိုတဲ့အရေး ၃ ပါး ပါ။ ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဆာလောင်မှုကိုဖြည့်ဆည်းပေးဖို့ စားရမယ်၊ သောက်ရမယ်။ ရာသီဥတုနဲ့လိုက်လျောညီထွေစွာ ဝတ်ဖို့ အဝတ်အစားဝတ်ကြရမယ်။ နောက်တစ်ခါ နားဖို့ နေဖို့ နေရာရှာ အဆောက်အအုံ ဆောက်ကြရမယ်။ တတ်နိုင်ရင် တတ်နိုင်သလို တိုက်တာအဆောက်အအုံမှသည် နေအိမ်တဲ အဆင်ပြေသလိုဆောက်လုပ်နေထိုင်ကြရမှာပေါ့ဗျာ။ ဒီတော့ လူရယ်လို့ဖြစ်လာကြရင် စား၊ ဝတ်၊ နေရေးဆိုတဲ့သံသရာမှာလည်နေကြရတာ မဆန်းတော့ပါဘူး။ တိုက်တာအဆောက်အအုံ၊ အိမ်၊ တဲ ဘယ်အဆောက်အအုံမှာမဆို ဝင်ဖို့ထွက်ဖို့ လုံခြုံဖို့တံခါးတို့၊ ပြတင်းပေါက် တို့ဆိုတာပါရပါလိမ့်မယ်၊ အိမ်ခေါင်းရင်းက ပြတင်းပေါက်ကိုဖွင့်လိုက်ရင် သန့်ရှင်းလတ်ဆတ်သောလေနုအေး ရဲ့ ညင်းညင်းညှံ့ညှံ့ပွတ်တိုက်ဆော့ကစား ချော့မြူမှုကိုခံစားရသလို ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်၊ပန်းမာန် တို့ရဲ့သင်းပျံ့တဲ့မွှေးရနံ့ရဲ့ "ကလူ၏သို့မြူ၏သို့"ဆွဲဆောင်မှုကိုခံစားကြရမှာပါ။ ယခုလိုနွေဦးရာသီအခါသမယမျိုးမှာဆို သစ်ပင်တွေရဲ့ရွက် ဟောင်းကြွေနေတဲ့ ပုံရိပ်တွေ တွေ့မြင်ရမှာခံစားရမှာဖြစ်သလို ရွက်ဟောင်းကြွေရွက်သစ်ဝေနေတဲ့ နုပျိုသစ်လွင်ငယ်ရုပ်ဆင်နေတဲ့ ရွက်စိမ်းစိမ်းတွေရဲ့ အလှသဘာဝ သာမကအဲဒီသစ်ပင်အပေါ်မှာ သူ့သဘာဝ မြူးတူးပျော်ပါးဆော့ကစားနေတဲ့ ကျေးငှက်တို့ရဲ့တီတီတာတာ ရွှင်မြူးဆော့ကစား တက်လိုက် ဆင်းလိုက် ကူးလိုက်ခုန်လိုက်ပြောင်းလိုက်ဆိုတဲ့ လောကကိုအလှဆင်နေကြတဲ့ ကျေးငှက်တို့ရဲ့ပျော်မြူးနေမှုဟာ ကိုယ့်ကိုကူးစက်ခံစားလို့ အပျော်စိတ်တွေဝင်နေတာကို ခံစားခဲ့ကြရပါလိမ့်မယ်။ တစ်ခါ ရာသီတစ်ခုရဲ့သင်္ကေတ အသံဖြစ်တဲ့ ပတ်ဝန်းကျင်ကသင်္ကြန်ပုံရိပ် တူးပို့သံလွှမ်းနေတဲ့မြန်မာလူမျိုးများနှစ်သက်ခဲ့တဲ့ သင်္ကြန်တေးသီချင်းရဲ့ တူးပို့သံနဲ့မြူးကြွလာမယ့် ရသဆိုတာလည်း ခံစားကြရမှာပေါ့ဗျာ။

ဒါပေမယ့် လောကဓမ္မတရားအရ အကြောင်းအကျိုးအကောင်းအဆိုးဆိုတာ ဒွန်တွဲနေတတ်လေတော့ အထက်ကဖော်ပြခဲ့တဲ့ ကောင်းသောအကြောင်းတွေ တွေ့မြင်ကြားသိ ခံစားရမှာဖြစ်သလို ဆိုးကျိုးဆိုတာလည်း မရှိနိုင်ဘူးလား။ ပတ်ဝန်းကျင်ရဲ့ဆူညံသောအသံ၊ ပတ်ဝန်းကျင်ရဲ့ဆိုးသွမ်းသောအနံ့၊ ဥပမာ- မြို့ မှာဆိုရင် မြောင်းပုပ်နံ့ဆိုတာမျိုးလိုပေါ့။ နယ်မှာဆိုရင်နွေဦးမှာလေရူးနဲ့အတူပါလာသော ဖုံ၊ သဲ၊ အရွက်ဆိုတာတွေ လည်းရှိနေမှာပေါ့ဗျာ။

ဘာတွေလဲ၊ ဘာကိုပြောနေတာလဲ၊ စားဝတ်နေရေးထဲကနေထိုင်ရတဲ့ အဆောက်အအုံက ပြတင်းပေါက်အကြောင်း ဘာ့ကြောင့်တင်စားနေတာလဲလို့ စိတ်အထင်မစောလိုက်ပါနဲ့ စာရူသူခင်ဗျား။ မတ်လ ၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ "အာဆီယံပြတင်းပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေမူဘောင် အခြေပြု စာချုပ်အား မြန်မာနိုင်ငံကပါဝင်လက်မှတ်ရေးထိုးရန် အတည်ပြု "ဆိုတဲ့သတင်းတစ်ပုဒ်ဖတ်မှတ်လိုက်ရလို့ပါဗျား။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို မွန်းလွဲ ၁၃း၃၀ နာရီတွင်နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့်အစည်းအဝေးတွင် **" နိုင်ငံတော်သမ္မတထံမှပေးပို့သော အာဆီယံပြတင်းပေါက်စနစ် အကောင် ထည်ဖော်မှုဆိုင်ရာ ဥပဒေမူဘောင်အခြေပြုစာချုပ်အား မြန်မာနိုင်ငံကပါဝင် လက်မှတ် ရေးထိုးရန်ကိစ္စ"** နှင့်စပ်လျဉ်းလို့ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ကအာဆီယံပြတင်းပေါက်စနစ်တည်ဆောက်ခြင်းနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက် (The Agreement to Establish and Implement the ASEAN Single Window ASW Agreement) အား ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်တွင်လည်းကောင်း၊ အာဆီယံပြတင်းပေါက်စနစ်တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ အခြေပြုစာချုပ် (The Protocol to Establish and Implement the ASEAN Single Window-ASW Protocol) အား ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ အာဆီယံပြတင်းပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေဘောင် အခြေပြုစာချုပ်အား လက်မှတ်ရေးထိုးပြီးမှသာ အာဆီယံဒေသအတွင်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဆိုင်ရာကိစ္စရပ်များ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အာဆီယံပြတင်းပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေမူဘောင် အခြေပြုစာချုပ်သည် ချုပ်ဆိုခဲ့ပြီးဖြစ်သည့် ASW Agreement နှင့် ASW Protocol တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်စပ်ယှက်နွယ်လျက်ရှိသည့် အချက်အလက်များအား ပိုမိုပြည့်စုံစွာ ထည့်သွင်း ဖော်ပြရေးဆွဲထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသအတွင်း နိုင်ငံများအားလုံးရဲ့ **ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များအား** သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ရေးကို များစွာ အထောက်အကူပြုစေသည့် ဥပဒေမူဘောင်အခြေပြုစာချုပ်တစ်ခုဖြစ်သောကြောင့် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနည်းတူ မြန်မာနိုင်ငံကလည်း ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားပြီး လွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး၊ အာဆီယံပြတင်းပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေမူဘောင် အခြေပြုစာချုပ်အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စကို အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

သတ္တမအကြိမ် ဒေလီဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနနှင့်အတူ အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာရေးဌာန၊ အိန္ဒိယနိုင်ငံ ကုန်သည်ကြီးများနှင့်စက်မှုလုပ်ငန်းရှင်များအသင်း၊ ကမ္ဘာ့ရေးရာ အိန္ဒိယကောင်စီ၊ စင်ကာပူနိုင်ငံရှိ အရှေ့တောင်အာရှလေ့လာရေးဌာန၊ SAEA သုတေသနအုပ်စု၊ ဂျကာတာရှိ အာဆီယံနှင့်အရှေ့တောင်အာရှဆိုင်ရာ စီးပွားရေးသုတေသနဌာန၊ မလေးရှားနိုင်ငံနှင့်ထိုင်းနိုင်ငံရှိ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးဌာန၊ နယူးဒေလီရှိ အာဆီယံ-အိန္ဒိယဗဟိုဌာန၊ ဂျကာတာရှိ အာဆီယံနဲ့ အရှေ့အာရှစီးပွားရေးသုတေသနဌာန၊ ထိုင်းနိုင်ငံရှိ လုံခြုံရေးနှင့်နိုင်ငံတကာလေ့လာရေးဌာနတို့မှ ကြီးမှူးကျင်းပခဲ့ပြီး နိုင်ငံတကာ စီးပွားရေးဆက်သွယ်မှုနှင့်စပ်လျဉ်းသည့် သုတေသနဆိုင်ရာ အိန္ဒိယကောင်စီ၊ အိန္ဒိယစက်မှု လုပ်ငန်းအသင်း၊ မွမ်ဘိုင်းနှင့် ကိုလ်ကတ္တားရှိကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်း ထောက်ပံ့မှုနှင့် ကျင်းပပြုလုပ်တဲ့အစည်းအဝေးမှာ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က "အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှုတည်ဆောက်ခြင်း" ခေါင်းစဉ်နဲ့ ပါဝင်ဆွေးနွေးရာမှာ "အာဆီယံ ပေါင်းစည်းဆက်သွယ်မှုသည် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင်ဖြစ်ပေါ်လာမည့် အာဆီယံအသိုင်းအဝိုင်းအတွက် အရေးကြီးသည့်ကဏ္ဍဖြစ်ကြောင်း **မြန်မာနိုင်ငံသည် တောင်အာရှသို့သွားရာ အာဆီယံတံခါးပေါက် ဖြစ်သကဲ့သို့ အာဆီယံသို့သွားရာ အိန္ဒိယတံခါးပေါက်သဖွယ်ဖြစ်ပါကြောင်း** အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ အမြန်လမ်းမကြီးအား ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နဲ့ ချိတ်ဆက်ရန် ချဲ့ထွင်ခြင်းအား ကြိုဆိုပါကြောင်း၊ ဒေသတွင်းပေါင်းစည်းဆက်သွယ်မှုသည် အာဆီယံအိန္ဒိယ စီးပွားရေးလုပ်ငန်းစဉ်များမြှင့်တင်ခြင်းရဲ့ အဓိကသော့ချက်ဖြစ်ပါကြောင်း နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရေးကိုရှေးရှု၍ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒမှ အရှေ့ ဆောင်ရွက်မှု မူဝါဒသို့ ပြောင်းလဲခြင်းမှာ အာဆီယံနှင့်အိန္ဒိယနိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူပြုပြီး မဟာဗျူဟာကျသည့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေမှာဖြစ်ကြောင်း ပါဝင်ဆွေးနွေးသွားတာကို ဖတ်မှတ်လိုက်ရပါတယ်။

လူဖြစ်တော့ စား၊ ဝတ်၊ နေရေး သုံး ပါးတာဝန်ထမ်းဆောင်ရသလို တစ်ဦးတည်းနေလို့မရတော့ လူ၊ လူချင်းပေါင်းစည်းဆက်နွယ်ဆက်သွယ်ကြရတယ်။ တစ်ခါ ကမ္ဘာ့ရွာလိုဖြစ်နေတဲ့ခေတ်ထဲမှာ နိုင်ငံအချင်းချင်း ဆက်သွယ်ပေါင်းစည်းကြရပါတယ်။ သူ့နိုင်ငံကထွက်ရှိတဲ့၊ ထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေ၊ သယံဇာတတွေရဲ့ ပိုမှုလိုမှုဆိုတာတွေကို အခြားတစ်ပါးသောနိုင်ငံများနှင့် ဆက်နွယ်မှု၊ ပေါင်းသင်းမှု၊ ရောင်းဝယ်မှု၊ တင်ပို့မှုဆိုတာတွေကို လုပ်ဆောင်ကြရမယ်ဆိုတာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်ရဲ့ ပါဝင်ဆွေးနွေးမှုမှာ တွေ့နေရပါတယ်။

ကောင်းပြီ။ အာဆီယံနိုင်ငံအချင်းချင်း ပေါင်းစည်းဆက်နွယ်ခဲ့လို့ ကမ္ဘာတစ်ဝှန်းက စောင့်ကြည့်ရတဲ့အထိ အောင်မြင်နေသော အသင်း နောက်တစ်ခါ ပထဝီ၊ စီးပွားရေး၊ နိုင်ငံရေးကအစ တဖြည်းဖြည်းဖြည့်ဆည်းပြီး ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်လာကြတော့ အိန္ဒိယလို နိုင်ငံကတောင် အရှေ့မျှော်မူဝါဒနဲ့ ပူးပေါင်းလာနေတဲ့ အခြေအနေမှာ အာဆီယံအပေါင်းနိုင်ငံများစွာဖြစ်လာတော့မှာပါ။ ဒီအခြေအနေမှာ အာဆီယံပြတင်းပေါက်စနစ် အကောင်အထည်ဖော်နေပြီဆိုတော့ စာစုအစမှာ တင်ပြထားသလို ပြတင်းဖွင့်ရာမှာ ကောင်းတာတွေရှိသလို မကောင်းတာတွေ ဆိုတာလည်းကြုံတွေ့လာရမှာပါ။ လောကဓမ္မ သဘာဝတရားအကြောင်းအကျိုး အကောင်းအဆိုးဆိုတာ ဒွန်တွဲနေ လေတော့ ယခုအာဆီယံပြတင်းပေါက်စနစ် အကောင်အထည်ဖော်ဆောင်နေချိန်မှာ ကျွန်တော်တို့တွေ လုပ်ဆောင်ကြရမှာက "အာဆီယံရွှေပြတင်းက သင်းပျံ့တဲ့ရနံ့လေညှင်းလေး ဆော်ကြရအောင်ပါလား ဗျာ". . . . . ။

■

## မော်တော်ယာဉ် အရောင်းပြခန်းများတွင်ရောင်းချရန် မော်တော်ယာဉ်တင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များထုတ်ပြန်

၂၀၁၅ ခုနှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ် အရောင်းပြခန်း(Show Room) တွင် ရောင်းချရန် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းလာသူများ လိုက်နာရမယ့် စည်းကမ်းချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ မတ်လ ၁၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ ၂၀/၂၀၁၅ ဖြင့်ထုတ်ပြန်လိုက်ကြောင်းသတင်းရရှိပါတယ်။

အဆိုပါအမိန့်ကြော်ငြာစာမှာ-

- မော်တော်ယာဉ်အရောင်းပြခန်း (Show Room)တွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ယာဉ်များသည် အသစ် (Brand New)ဖြစ်ရမည်။
- တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Yearသည် ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့်ပြီး (လက်ရှိကာလတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် မော်ဒယ်) အသုံးမပြုရသေးသော Brand New (ဘယ်စတီယာရင်)ယာဉ်ကိုသာ တင်သွင်းရမည်။
- အရောင်းပြခန်းဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီဖြင့်မှတ်ပုံတင်ရမည်ဖြစ်ပြီး ၎င်းကုမ္ပဏီသည် တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ Reagional Office မှဖြစ်စေ မော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရန် အရောင်းကိုယ်စားလှယ် Distributorship ဖြင့် တရားဝင်ခန့်အပ်ခြင်းခံရသူဖြစ်ရမည်။
- မော်တော်ယာဉ်အရောင်းပြခန်း (Show Room)ကို အဆင့်မီစွာ တည်ထောင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- တင်သွင်းသည့် မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ Spare Parts အပိုပစ္စည်းများ ရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ(After Sale Services) ကိုဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြခွင့်ပြုချက်ရရှိပြီးမှသာအရောင်းပြခန်း(Show Room)ဖွင့်လှစ်ဆောင်ရွက်ရမည်။
- မော်တော်ယာဉ်အရောင်းပြခန်း (Show Room)တွင် ပြသရောင်းချမည့် မော်တော်ယာဉ်များကို အပ်ကုန်(Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT(Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။
- မော်တော်ယာဉ်စီးရေ ၃၀၀ အထိတင်သွင်းနိုင်သည်။
- တင်သွင်းလာသော မော်တော်ယာဉ်များကို အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာထားရှိရမည်။ အရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်း၊ ဝယ်သူအား ရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။
- အရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ(Deposit)အဖြစ် အမေရိကန်ဒေါ်လာ (၁) သိန်းအား နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ထည့်သွင်းသိမ်းဆည်းထားရမည်။
- အပ်ကုန် (Consignment Basic )စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန် စာရင်းရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့် အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ(Deposit)ဒေါ်လာ (၁) သိန်းအား ပြန်လည်ထုတ်ယူနိုင်သည်။
- မော်တော်ယာဉ်အရောင်းပြခန်းလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ထားရှိရမည့် စာရွက်စာတမ်း၊ စာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနမှ တာဝန်လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဤသို့ဝင်ရောက် စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။
- အရောင်းပြခန်းလက်မှတ်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်တို့အား အနည်းဆုံးသက်တမ်း မကုန်မီ(၁) လကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

**ပန်**

## အပ်ကုန်စနစ်ဖြင့် မော်တော်ယာဉ် တင်သွင်းသူများအတွက် စည်းကမ်းချက်များထုတ်ပြန်

၂၀၁၅ ခုနှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ် အရောင်းစင်တာများတွင် ရောင်းချရန် အပ်ကုန်စနစ် (Consignment Basic ) ဖြင့်တင်သွင်းလာသူများ လိုက်နာရမယ့်စည်းကမ်းချက်များကို မတ်လ ၁၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/ ၂၀၁၅ ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်ပါတယ်။

အဆိုပါအမိန့်ကြော်ငြာစာတွင်ပါဝင်သည့် စည်းကမ်းချက်များမှာ-

- မော်တော်ယာဉ် အရောင်းစင်တာ (Sale Center) ဖွင့်လှစ်သည့် ကုမ္ပဏီများသည် စီးပွားရေးအကျိုးဆောင်တစ်ခုဖြင့်သာ ဆောင်ရွက်ရန်။
- သက်ဆိုင်ရာ တိုင်း/ပြည်နယ် ဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြခွင့်ပြုချက်ရရှိပြီးမှသာ မော်တော်ယာဉ်အရောင်းစင်တာ (Sale Center) အသစ်ဖွင့်လှစ်ဆောင်ရွက်ရန်။
- အရောင်းစင်တာ ဖွင့်လှစ်ဆောင်ရွက်မည့်ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် အမေရိကန်ဒေါ်လာ တစ်သိန်းအား နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ထည့်သွင်းသိမ်းဆည်းထားရန်။
- အပ်ကုန်စနစ် (Consignment Basic ) ဖြင့်တင်သွင်းခဲ့သည့် မော်တော်ယာဉ်များ ရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ (Deposit) ဒေါ်လာ တစ်သိန်းအား ပြန်လည်ထုတ်ရန်။
- LC/TTစနစ်ဖြင့် ငွေပေးချေမှုကို ပြောင်းလဲလုပ်ဆောင်လိုပါက လုပ်ဆောင်ရန်များ၊ ထားရှိရမယ့် လယ်ဂျာများ။
- လိုင်စင်သက်တမ်းကာလအတွင်း ရန်ကုန်ဆိပ်ကမ်းအရောက် တင်သွင်းရန်။
- တင်သွင်းလာသော မော်တော်ယာဉ်များကို ဆိပ်ကမ်းမှ ရွေးယူပြီးပါက သတ်မှတ်ခွင့်ပြုထားသော မော်တော်ယာဉ်အရောင်းစင်တာတွင်သာ ပြသရောင်းချရန်။
- တင်သွင်းလာသော မော်တော်ယာဉ်များကို အရောင်းစင်တာနဲ့ သိုလှောင်ရုံတွင်သာ ထားရှိရန်နှင့် အရောင်းစင်တာမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်း၊ ဝယ်ယူသူအား ရောင်းချခြင်း မပြုမီလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရန်။
- မော်တော်ယာဉ်အရောင်းစင်တာလုပ်ငန်းဆောင်ရွက်ချက်များနဲ့ ပတ်သက်၍ ထားရှိရမည့် စာရွက်စာတမ်း၊ စာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သူကဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာ လုပ်ငန်းရှင်မှ ခွင့်ပြုရန်။
- အရောင်းစင်တာလက်မှတ်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်တို့အား အနည်းဆုံးသက်တမ်း မကုန်မီ တစ်လကြိုတင် သက်တမ်းတိုးမြှင့်ခြင်းကို လျှောက်ထားရန်တို့ပါဝင်ပါတယ်။

ထို့အပြင် ပြုပြင်ပြီး (Reconditioned ) မော်တော်ယာဉ်များတင်သွင်းရာမှာ လိုက်နာရမည့်စည်းကမ်းများ ကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်-

- Engine tested and adjusted to complete condition including Replacement of necessary parts (လိုအပ်သော အစိတ် အပိုင်းများကို ပြန်လည်အစားထိုးခြင်း အပါအဝင် အကောင်း ပကတိ ပြည့်စုံကြောင်းစစ်ဆေးပြီး၊ တပ်ဆင်ပြီးသော အင်ဂျင် ဖြစ်ရန်)
- Under chassis including brakes , overhauled and repaired to complete safety condition including replacement of necessary parts (လိုအပ်သော အစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အပြည့်အဝဘေးအန္တရာယ် ကင်းရှင်းရန် ဘရိတ်များမှအစ အသေးစိတ်စစ်ဆေးပြီး ပြန်လည်ပြင်ဆင်ထားသည့် ယာဉ်အောက်ပိုင်းဖြစ်ရန်)
- Body repaired to complete condition and be painted (ပြီးပြည့်စုံသည့် အနေအထားသို့ ရောက်သည်အထိ ဆေးသုတ်ပြုပြင်ထားသော ယာဉ်ကိုယ်ထည်ဖြစ်ရန်)
- Room inside cleaned (ယာဉ်အတွင်းပိုင်းသန့်ရှင်းရန်)
- New battery and tyres (ဘက်ထရီနှင့် တာယာများ အသစ်ဖြစ်ရန်)
- Standards which are standardized by the relevant ministries (example such as ambulance, fire engine and taxi ) (သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီရန်) ( ဥပမာ-လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ အငှားယာဉ် တက္ကစီ)

အမိန့်ကြော်ငြာစာမှာ Sale Center အနေနဲ့ ယာဉ်အိုယာဉ်ဟောင်းအစီအစဉ်၊ တစ်ဦးချင်းအစီအစဉ်၊ အငှားယာဉ် စသည်ဖြင့် မော်တော်ယာဉ်အမျိုးအစားနှင့် Model Year သတ်မှတ်ချက်များလည်း ထည့်သွင်းဖော်ပြထားပါတယ်။ အသေးစိတ်အချက်အလက်များကို ရန်ကုန်နှင့် နေပြည်တော်ရှိ သွင်းကုန်ဌာနများမှာ စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးလိုက်ရပါတယ်။

**ပန်**

Commodity Exchange News
Vol: 15, No.13 Monday March 30 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃၀–၃– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးအနည်းငယ်ကျပေမယ့် အရောင်းအဝယ် ပုံမှန်ရှိနေ

ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးအနည်းငယ် ကျဆင်းလာကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရာသီဉတုမမှန်တာကြောင့် အထွက်နှုန်းနည်းခဲ့လို့ ပစ္စည်းကိုဝယ်လက်တွေက ဈေးကွက်မှာဈေးပေးအဝယ်ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ရောင်းသူကုန်သည်များအရောင်းများလို့ ဈေးအနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၉၆၁၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) ကို အိန္ဒိယဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၉၃၇၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

---

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ(ထိုင်ဝမ်)အဝင်များလို့ ဈေးကျ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီး(သစ်)နှင့် ကုလားပဲ(ထိုင်ဝမ်)သစ်တို့ ဈေးကွက်သို့အဝင်လှိုင်လာပေမယ့် ဒေသတွင်းပဲခွဲစက်နဲ့ အမှုန့်ကြိတ်စက်တွေရဲ့ ဝယ်လိုအားလျော့နေတာကြောင့် ဈေးကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး(သစ်) တစ်ပိဿာ ၉၀၅ ကျပ် (တစ်တန်ကို ၅၅၄၂၁၂ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၈၈၄ ကျပ်(တစ်တန်ကို ၅၄၁၃၅၂ ကျပ်) ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

---

## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံအနေဖြင့် နယ်စုံမှ ပုံမှန်ဝင်ရောက်နေသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိပြီး ဒေသတွင်းကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်လျော့လာပေမယ့် တရုတ်လိုင်းကတော့ ပုံမှန်အဝယ်ရှိခဲ့ကြောင်း၊ အရောင်း အဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၉၂ ယွမ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

---

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီအဝင်ပါး၊ ကုလားပဲ အုပ်စု အဝင်လှိုင်၊ မတ်ပဲကိုပဲခွဲစက်တွေ ဝယ်အားပုံမှန်ရှိ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီအနေဖြင့် နယ်အဝင် လျော့သွားပေမယ့် Export အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၇၀ ကျပ် (တစ်တန်ကို ၉၀၀၂၁၃ ကျပ်) ဈေးနဲ့ တစ်ရက်ကို အိတ် ၆၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး(သစ်) နဲ့ ကုလားပဲ(ထိုင်ဝမ်)သစ်က ဈေးကွက်သို့ ပစ္စည်းအဝင်လှိုင်လာပေမယ့် ပဲခွဲစက်၊ ကြာဆန်စက်နဲ့ အမှုန့်ကြိတ်စက်များကတော့ ဝယ်လိုအား မသွက်သေးတာကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး (သစ်) တစ်ပိဿာ ၉၂၀ ကျပ် (တစ်တန်ကို ၅၆၃၃၉၈ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၈၉၀ ကျပ်(တစ်တန်ကို ၅၄၅၀၂၇ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၅၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ မြို့ခံပဲခွဲစက်တွေသာ ဝယ်လို အားပုံမှန်ရှိခဲ့ပြီး ရန်ကုန်ဝယ်အားကတော့ အနည်းငယ်လျော့သွားကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၁၅ ကျပ်(တစ် တန်ကို ၉၂၇၇၇၀ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၄၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။



## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီဈေးအနည်းငယ်ကျ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရန်ကုန်အဝယ်လျော့သွားတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၄၈၅ ကျပ် (တစ်တန်ကို ၉၀၉၃၉၉ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်ကဝယ်လိုအား ပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များ အရောင်းများတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ကို ၁၄၆၅ ကျပ် (တစ်တန်ကို ၈၉၇၁၅၁ ကျပ်)ဈေးဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

---

## အောင်လံဈေးကွက်မှာ ကုလားပဲ(သစ်)တွေ ဈေးကွက်ထဲဆက်လက်ဝင် ရောက်၊ ပဲစင်းငုံနီ ပစ္စည်းလက်ကျန်နည်းပေမယ့် ရန်ကုန်အဝယ်ပုံမှန်ရှိနေ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ကုလားပဲ(သစ်)တွေ ဈေးကွက်ထဲဆက်လက်ဝင်ရောက်နေပြီး ဒေသတွင်းပဲခွဲစက်တွေ ဝယ်လိုအားပါးနေတာကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၈၆၅ကျပ်(တစ်တန်ကို ၅၂၉၇၁၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၅၀ နှင့် ၂၀၀ ကြားသာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ရောင်းသူကုန်သည်လက်ဝယ်ထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ ပုံမှန်အဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၇၅ ကျပ်(တစ်တန်ကို ၉၀၃၂၇၅ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။ ဒေသထွက် သိပ္ပံနှမ်းကိုတော့ ဝယ်လက်တွေက တစ်ပိဿာ ၄၃၃၅ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

---

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်ထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာ ၁၄၇၀ ကျပ် (တစ်တန်ကို ၉၀၀၂၁၃ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (သစ်)အနေဖြင့် ဈေးကွက်သို့ ပုံမှန်ဝင်ရောက်နေပေ မယ့်ပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်သာရှိကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၈၈၄ ကျပ်(တစ်တန်ကို ၅၄၁၃၅၂ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်အဝယ်ပုံမှန်ရှိ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့် ဈေးကွက်သို့ ပုံမှန်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၂၀ ကျပ်(တစ်တန်ကို ၉၃၀၈၃၂ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

---

## တောင်ကြီးဈေးကွက်မှာ ပြောင်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်-မန္တလေးနဲ့ ဒေသတွင်းအစာစပ်တွေ ဝယ်လိုအားပုံမှန်ရှိနေ

တောင်ကြီးဈေးကွက်မှာ ပြောင်းသီးနှံအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းလာပေမယ့် ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၅၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၃ သိန်းခန့်ဖြစ်ခဲ့ကြောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

---

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲကောင်းနေ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်အဆွဲကောင်းနေပြီး ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန် လျော့လာကြောင်း၊ တချို့ကုန်သည်တွေက ဈေးကောင်းရရင် ထုတ်ရောင်းမှုများပြီး ဈေးကျပါက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းပါးသွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၅ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

---

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို ရန်ကုန်ဝယ်အားပုံမှန်ထက်စာရင် အနည်းငယ်လျော့လာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့် ပစ္စည်းဝင်ရောက်မှုနည်းသွားသလို Export အတွက် အဓိကဝယ်ယူ နေတဲ့ ရန်ကုန် ဝယ်လက်ကလည်း ဝယ်လိုအားအနည်းငယ်လျော့သွားလို့ ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၅၂၅ ကျပ် (တစ်တန်ကို ၉၃၃၈၉၄ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာ ၁၄၇၅ ကျပ် (တစ်တန်ကို ၉၀၃၂၇၅ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ ကြောင်း သိရပါတယ်။

---

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(သစ်)ပုံမှန်ဝင်ရောက်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှကုလားပဲ (သစ်)တွေ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်တွေကလည်း တစ်ပိဿာ ၈၆၅ ကျပ် (တစ်တန်ကို ၅၂၉၇၁၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# ကုန်သွယ်မှုသင်တန်းနှင့် သူတို့စကားသံများ

## သိန်းမြင့်ဝေ စုစည်းတင်ပြသည်

ကုန်သွယ်မှုသင်တန်းကို ၂၀၁၂ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI) ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရုံးရှိရာ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်တွင် ဖွင့်လှစ်ထားရှိသည်။ အပြည်ပြည်ဆိုင် ရာ ကုန်သွယ်မှုအခြေခံသင်တန်းများ (International Trade Basic Courses) ကို လေးလတစ်ကြိမ် ဖွင့်လှစ်ခဲ့ရာ ၃ နှစ် ပြည့်မြောက်တော့မည့် ယခုအချိန်တွင် အပတ်စဉ် ၆ သင်တန်းကို ဖွင့်လှစ်ပို့ချ လျက်ရှိသည်။

TTI သည် ပုံမှန်သင်တန်းများ အပြင် ပြည်တွင်းပြည်ပအဖွဲ့အစည်း များ၊ ကုမ္ပဏီများအပြင် အေဂျင်စီများ နှင့်လည်း ပူးပေါင်း၍ ကာလတိုသင်တန်း များ (Short Courses) ကို ဖွင့်လှစ်ပို့ချ ပါသည်။ အထူးသဖြင့် ဂျပန်အပြည် ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့်အနီးကပ် ပူးပေါင်း ဆောင်ရွက်နေပါသည်။ ကာလတိုပို့ကုန် သွင်းကုန်သင်တန်းများနှင့်အတူ အထူး သင်တန်းများ (Special Courses) ကိုလည်း မကြာမီ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိ ကြောင်း သိရသည်။ အထူးသင်တန်း များသည် အပြည်ပြည်ဆိုင်ရာကုန်သွယ် မှုအခြေခံ သင်တန်း တက်ရောက်ပြီးသူ များအတွက် ရည်ရွယ်ကြောင်းလည်း သိရှိရပါသည်။ ပို့ကုန်သွင်းကုန်စီးပွား ရေးလုပ်ငန်း လုပ်ကိုင်လိုသူများနှင့် သင်တန်းကို စိတ်ဝင်စားသူများအတွက် သင်တန်းအကြောင်း တစ်စိတ်တစ်ပိုင်း သိရှိရန် ရည်ရွယ်လျက် သင်တန်းသား/ သူဟောင်းနှင့် ဆရာအချို့၏ ရင်တွင်း စကားသံများကို စုစည်းတင်ပြပေးလိုက် ပါသည်-

### (၁) ဒေါက်တာမောင်အောင်



ကျွန်တော်က ဒီသင်တန်းရဲ့ Program Director ဖြစ်ပါတယ်။ စီးပွားရေး နဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရဲ့ အကြံပေးပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။

အခုဆိုရင် မြန်မာနိုင်ငံဟာ အကောင်းဘက်က ပွင့်လင်းလာသလို ကမ္ဘာတစ်ဝန်းလုံးနဲ့ ပေါင်းစည်းမှုလည်း တိုးတက်နေပါတယ်။ ဒါ့အပြင် ကမ္ဘာ့ ဈေးကွက်တစ်ခုလုံးနဲ့လည်း ချိတ်ဆက် နေပါပြီ။ မကြာမီလည်း အာဆီယံစီးပွား ရေးအသိုက်အဝန်း (AEC) အကောင် အထည်ဖော်ပါတော့မယ်။ စီးပွားရေး ကျင့်ဝတ်ကောင်းပြီး အရည်အသွေး ပြည့်ဝတဲ့ Trade များပေါ်ပေါက် လာရေး အတွက် ကုန်သွယ်မှုသင်တန်း ကျောင်း (TTI) ဖွင့်ခဲ့တာ သုံးနှစ်ရှိပါပြီ။

လူအများရဲ့ စိတ်ဝင်စားမှုနဲ့ တောင်းဆိုမှုတွေအရ အထူးသင်တန်း တွေဖွင့်ဖို့ရှိပါတယ်။ လက်ရှိကုန်သွယ်မှု လုပ်မယ့်သူ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အနာဂတ်ရဲ့ စီးပွားရေးလုပ်ငန်းရှင်များ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ စီး ပွားရေးလုပ်ငန်းများ သိရှိနိုင်ရေး ထဲထဲ ဝင်ဝင်နားလည်နိုင်ရေးအတွက် ကုန် သွယ်မှုသင်တန်း TTI ကိုလာတက်ဖို့ ဖိတ်ခေါ်ပါတယ်။

### (၂) ဦးကျိုးဇက်



ပူအိုက်လှသည့် အခါသမယ၌ ချင်းတောင်ရိုးပေါ်ဝယ် အကြောင်း ကြောင်းကြောင့် ရေဆာလောင်နေ သည့်ဂျီကလေးတစ်ကောင်က အေးအေး စိမ့်စိမ့်စီးကျနေသည့် တောင်ပေါ်ရေ စမ်းကလေးတစ်စင်းကို သွားတိုးမိသည့် သဖွယ်ကမ္ဘာ့ကုန်သွယ်ရေး လောက ပညာရေဆာနေသော ကျွန်တော်သည် TTI ရွှေကျောင်းတော်ကြီးနှင့် ဆုံဆည်း ခွင့်ရခဲ့သည့် အတွက်ကြောင့် အတိုင်း ထက်အလွန် ဝမ်းသာခဲ့ရပါသည်။ အခြေခံနှင့် အဆင့်မြင့် သင်တန်း (Batch-1) ကို တက်ခွင့် ရခဲ့တာပါ။ နှလုံးသားအစစ်ဖြင့် ပျော်ရွှင်ခဲ့ရပါ သည်။

ဝါကြွားချင်လို့တော့မဟုတ်ဘဲ မျှဝေချင်လို့ ရင်ဖွင့်ပြောရရင်ဖြင့် စီးပွား ကူးသန်း (MOC) ၏ TTI ကျောင်း ပညာရည်ချွန်ဆုရခဲ့တဲ့ သုံးယောက် ထဲမှာ တစ်ယောက်အဖြစ်ပါဝင်ခွင့်ရခဲ့ ပါတယ်။ သူငယ်ချင်းမြင့်မိုရ်၊ ဥမ္မာနဲ့ ကျွန်တော်ရယ်ပေါ့။ နန်နင်းကုန်စည်ပြ ပွဲကြီးကို အခမဲ့လိုက်ပါ လေ့လာခွင့်ရခဲ့ တာပါ။

ဖင်းပွဲကြီးအတွင်း Myanmar booth ၌ ရက်တော်တော်များများ လုပ် အားပေးခွင့်ရခဲ့ပါတယ်။ အာဆီယံ အိမ် နီးချင်းနိုင်ငံများနှင့်တကွ ကမ္ဘာအနှံ့က စီးပွားရေးသမားများနှင့် တွေ့ဆုံခဲ့ရ တယ်။ Myanmar booth ကို လာရောက် ကြသည့် ပုဂ္ဂိုလ်တွေက မြန်မာနှင့် ကုန် သွယ်စီးပွားလုပ်ချင်ကြတော့ သူတို့ သိလိုသည့် မြန်မာကုန်သွယ်စီးပွား အချက်အလက်နှင့် အခြေ အနေများကို မေးမြန်းခဲ့ကြတယ်။ နေ့စဉ်နေ့တိုင်း တစ်နေကုန်ပါပဲ။ ပထမတော့ ကျွန်တော် လည်း ကြောင်တောင်တောင်ဖြစ်ခဲ့ရ လင့်ကစား သူတို့သိချင်တဲ့ အချက် အလက်တွေဟာ TTI ကျောင်းတော်ကြီး မှာ ကုန်သွယ်ရေး အတွေ့အကြုံရှိတဲ့ ဆရာ/ဆရာမကြီးများနှင့် နိုင်ငံခြား သားပညာရှင်တွေ ဆွေးနွေးသင်ကြားပို့ ချပေးခဲ့တဲ့ အရာတွေ ဖြစ်နေခဲ့ပါတယ်။ လက်တွေ့အသုံးတည့်တဲ့ အပြည်ပြည် ဆိုင်ရာ ကုန်သွယ်ရေး ပညာရပ်တွေပါ ပဲ။ လောကီပညာရပ်တွေ ဆယ်သက်မ က လေ့လာလည်း မကုန်နိုင်မခမ်းနိုင် မှန်း အားလုံးအသိပါ။ ဒါပေမဲ့ MOC ၏ TTI ကျောင်းတော်ကြီးမှာဖြင့် ဆိုင် ရာ လုပ်ငန်းလက်တွေ့အသုံးပြုလို့ရသည့် ကုန်သွယ်စီးပွားပညာရပ်ကို သင်ကြား ပို့ချသည့်သကာလ ပို့ကုန်သွင်းကုန်နှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလက်ရှိ လုပ်ကိုင်နေသူနှင့် လုပ်ချင်သည့်နိုင်ငံ သားများအတွက် ပညာရွှေသိုက်ကြီး လို့ပင်မှတ်ရပါတော့သည်။

### (၂) ဒေါ်ကေသွယ်ထွန်း



ကျွန်မကတော့ TTI Batch ၅ က ဒေါ်ကေသွယ်ထွန်းဖြစ်ပါတယ်။ “ဒီ သင်တန်းဟာ တကယ်တန်ဖိုးရှိတဲ့ သင် တန်းဖြစ်ပါတယ်။ ဆရာ/ဆရာမများ နဲ့ သင်တန်းမှ တာဝန်ရှိသူများကလည်း စေတနာအပြည့်နဲ့ နွေးထွေး စွာကူညီပါ တယ်။ သင်ကြားပေးမှု ဘာသာရပ်တစ်ခု ချင်းစီ၊ တစ်နေ့ချင်းစီအတွက် ဌာနဆိုင်ရာ အသီးသီးမှ တတ်ကျွမ်းနားလည်တဲ့ပညာ ရှင်တွေ လာရောက်သင်ကြားပေးတာ ဖြစ်လို့တစ်ရက်မှ လက်မလွှတ်နိုင်လောက် အောင် တန်ဖိုးရှိပါတယ်။ ဒါကြောင့်ကျွန်မ ကိုယ်တိုင်လည်း တစ်ရက်မပျက် တက် ရောက်ခဲ့ပါတယ်။ ထူးခြားချက်က သင်ကြား မှုပြီးတိုင်း ပြန်လည်ဆွေးနွေးလို့ရ အောင် အချိန်ပေးတဲ့အတွက် စာတွေ့ နှင့် လက်တွေ့မှာ ကွာခြားမှုလေး တွေရှိ ကြတယ်လို့ ဆိုကြပေမယ့်လည်း မိမိ တွေ့ကြုံရတဲ့ အခက်အခဲများ၊ မရှင်း လင်းသည်များကို ဆွေးနွေးခွင့် ရှိပါ တယ်။ ဒါဟာ ဒီသင်တန်းရဲ့ ထူးခြားမှု တစ်ခုပါ။ ဒီသင်တန်းကို တက်ရောက် သော သင်တန်းသား၊ သင်တန်းသူအား လုံး မိမိအလုပ်ခွင်ကိစ္စရပ်များ ပိုမိုအဆင် ပြေချောမွေ့လာပါလိမ့်မယ်လို့ မျှော် လင့်ပါတယ်ရှင်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

### (၃) ဒေါက်တာတင်စိန်



ကျွန်တော်က ဒေါက်တာတင်စိန် ပါ။ စီးပွားရေးပဲလုပ်တဲ့ ဆရာဝန်ဘွဲ့ရ ဆိုပါတော့။ ဆေးပညာအပြင် Master degree နှစ်ခု Post graduate diploma သုံးခုကိုလည်း တက်ရောက် သင်ကြားခဲ့ ပြီးပါပြီ။ TTI ကဖွင့်တဲ့ International trade ကိုတော့ သင်တန်းအပတ်စဉ် ၄ မှာတက်ရောက် သင်ကြားခဲ့ပါတယ်။ TTI သင်တန်းရဲ့ အခြေအနေကိုကျွန်တော် အရင်တက် ခဲ့ဖူးတဲ့ Australia နိုင်ငံက Curtin University မှာ သင်ကြားခဲ့တဲ့ အတွေ့အကြုံနဲ့ နှိုင်းယှဉ်ပြောပြချင် ပါတယ်။ ကျွန်တော်တက်ခဲ့တဲ့ Curtin University ဟာ Western Australia မှာဒုတိယ အကြီးဆုံးတက္ကသိုလ်ဖြစ်ပြီး တစ်နှစ်ကို ပြည်တွင်းပြည်ပကျောင်း သားပေါင်း ၄၀၀၀၀ ကျော်တက်ရောက် သင်ကြားကြပြီး တစ်နှစ်ကို ဒေါ်လာ သန်း ၈၀ လောက် အမြတ်ရနေတဲ့ တက္ကသိုလ်ကြီးဖြစ်ပါတယ်။ ဆရာ/ ဆရာမများလည်း တစ်နှစ်လျှင် ဒေါ်လာ သိန်းဂဏန်း လောက်ရကြပါတယ်။ ကျောင်းလခလည်း များတယ်ဆိုပါ တော့။ အခု TTI ကဖွင့်တဲ့ သင်တန်းမျိုး ဟာ သူတို့ဆီမှာ တစ်ယူနစ်ခွဲစာလောက် ရှိပါတယ်။ တစ်ဘာသာခွဲဆိုပါတော့။ ဒေါ်လာ ၂၅၀၀ လောက်လောက်ပေးရ ပါ တယ်။ တစ်ပတ်ကို နှစ်ချိန်၊ သုံးချိန် လောက်သင်ပြီး သုံးလလောက်ကြာပါ တယ်။ Core subject ဆိုရင်သေချာသင် ပါတယ်။ Elective ဆိုရင်တော့ . . အင်း. . . သိပ်သေသေချာတော့ မသင် ဘူးဆိုပါတော့။ သင်ထောက်ကူ ပစ္စည်း ကတော့ အတော်ပြည့်စုံပါတယ်။ နောက် တစ်ခုက တစ်ကမ္ဘာလုံးက Research paper တွေကို အလွယ်တကူ ဖတ်လို့ရ အောင်စီစဉ်ထားပေးပါတယ်။ TTI က တော့ ဝန်ကြီးဌာနက ဦးစီးပြီး JICA က ပံ့ပိုးမှုပေးထားတဲ့ non profit သင်တန်း ဆိုပါတော့။ ဝန်ကြီးဌာနက တာဝန်ရှိသူ တွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းများ programme director ဆရာ/ ဆရာမ တွေနဲ့ အခြားဝန်ထမ်းများဟာ သင်တန်းကို စေတနာနဲ့ ဝိုင်းဝန်းပံ့ပိုးပေးတာဟာ လည်း အံ့အားသင့်ရပါတယ်။ သင်တန်း ရဲ့ course contents ကိုကြည့် ရင်လည်း အတော်လေး ပြည့်ပြည့်စုံစုံရှိတာ တွေ့ ရပါတယ်။ တကယ်လက်တွေ့အသုံးချ တဲ့အခါ လိုတာအားလုံးပါအောင် စီစဉ် ထားသလို ပြင်ပက ကျွမ်းကျင်သူပညာ ရှင်များ နိုင်ငံတကာမှ ပညာရှင်များကို ပါ ဖိတ်ကြားဆွေးနွေးစေတာမျိုးတွေ လည်း တွေ့ရပါတယ်။ Field trips များ၊ Excursion.များကိုလည်း စီစဉ် ပေးတာ တွေ့ရပါတယ်။ သင်တန်းမှာ တက် ရောက်သင်ကြားပြီး နောက်ခံအခြေ အနေမတူညီတဲ့ သင်တန်းသူ သင်တန်း သားများနဲ့ Networking အဆက်အသွယ် သစ်များလည်း တိုးပွားရရှိပါတယ်။ သင်တန်းပြီးသွားတဲ့ သူတွေဟာလည်း ဆက်လက်ပြီး အချင်းချင်းသော်လည်း ကောင်း၊ သင်တန်းနဲ့သော်လည်းကောင်း အဆက်အသွယ်မပြတ် မိတ်ဆွေများ ဖြစ်သွားကြပါတယ်။ သင်တန်းရဲ့ နောက် ထူးခြားချက်တစ်ခုက နိုင်ငံတကာတက္က သိုလ်တွေလိုပဲ လွတ်လပ်စွာ ဆွေးနွေး ပြောဆိုခွင့်ဆန်းသစ်တီထွင်ပေးတာမျိုး ပဲဖြစ်ပါတယ်။ TTI သင်တန်းတက်ပြီး တော့ ပြည်တွင်းမှာပဲ တခြားသင်တန်း တွေ တက်ဖြစ်ပါသေးတယ်။ TTI က ပျော်စရာအကောင်းဆုံး မိသားစုလို့ ခံစားလို့ ရပါတယ်။

### (၄) ဦးသိန်းမြင့်ဝေ



ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း တွေနဲ့အတူ ကုန်သွယ်မှုနဲ့ ဆက်စပ်နေ တဲ့ဘာသာရပ်တွေကို အချိန်တိုအတွင်း တော်တော်စုံစုံလင်လင်နဲ့ တတ်မြောက် အောင် သင်ကြားပေးတာတွေ့ရပါတယ်။ လက်တွေ့ကို ဦးစားပေးတဲ့ အသက်မွေး ဝမ်းကျောင်းသင်တန်း (Vocational Training School) လို့ မြင်ပါတယ်။

➲စာမျက်နှာ ၁၉ သို့

Vol: 15, No.13 Monday March 30 2015

# စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး တမူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ခံများအားလာရောက်တွေ့ဆုံ

စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်မောင်းသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တမူးရုံးသို့ရောက်ရှိလာပြီး အစည်းအဝေးခန်းမတွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ကူးသန်းရောင်းဝယ်ရေးဌာန၊ သမဝါယမဌာန၊ ပညာရေးဌာန၊ စီမံကိန်းဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဌာနတို့မှ တာဝန်ခံများနဲ့ မတ်လ ၁၇ ရက် ၁၇း၃၀ ချိန်မှာ လာရောက်တွေ့ဆုံခဲ့ပါတယ်။

တွေ့ဆုံပွဲမှာ ဝန်ကြီးက ကုန်သွယ်မှုတိုးတက်လာတဲ့ အခြေအနေများ ၊ ITC ကတ်နဲ့လုပ်ငန်းဆောင်ရွက် နိုင်မှု၊ လုပ်ငန်းအခက်အခဲများ၊ ထပ်မံတိုးတက်၍ဆောင်ရွက်ရန်များနဲ့ သက်ဆိုင်တဲ့ မေးမြန်းချက်ကို တမူးကူးသန်း ရောင်းဝယ်ရေးစခန်း တာဝန်ခံက ဘဏ္ဍာနှစ်အလိုက် တိုးတက်ဆောင်ရွက်နိုင်မှုများ၊ ယခင် ဘဏ္ဍာနှစ်လျာထားချက်ကို ဆောင်ရွက်နိုင်မှုများ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်မှု ၊ မတ်လ လျာထားချက်ကို ဆောင်ရွက်နိုင်မှု၊ ပို့ကုန်ကွမ်းသီးများ ယခင်နှစ်ထက် ပိုမိုတင်ပို့နိုင်မှု၊ သွင်းကုန်မော်တော် ဆိုင်ကယ်ပိုမိုတင်သွင်းလာမှု၊ ဒေသအာဏာပိုင်များရဲ့ ကုန်သွယ်မှုလုပ်ငန်းများအပေါ် ပံ့ပိုးဆောင်ရွက်ပေးမှုများ၊ ကုန်သွယ်မှုလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ကုန်ပစ္စည်းများအပေါ် မူတည်၍ ကုန်စည်ဒိုင်နဲ့ယာယီသိုလှောင်ရုံများ ခွင့်ပြုပေးနိုင်ရေး၊ မိုရေး-အင်ဖာ ကုန်သွယ်မှုလမ်းကြောင်းအား လျှင်မြန်ချောမွေ့စေရေး၊ နှစ်နိုင်ငံကုန်ပစ္စည်းများ ဈေးနှုန်းအမှန်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ၊ လူဝင်လူထွက်ကို BORDER PASS / TEMPORARY BOR-DER PASS (BP/TBP) စနစ်နဲ့ခွင့်ပြုဆောင်ရွက်နိုင်ရေး၊တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်အောင် Mobile Team အဖွဲ့များ၊ စစ်ဆေးရေးဂိတ်များနဲ့ တားဆီးဆောင်ရွက်မှုများ ၊ ITCကတ်နဲ့ ယာဉ်ငယ်များ ကုန်သွယ်မှုဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးခဲ့တယ်လို့သိရပါတယ်။ဆက်လက်ပြီး တစ်ဖက်နိုင်ငံ Land Customs ဂိုဒေါင်များထပ်မံတိုးချဲ့ဆောင်ရွက်ရန်ကိစ္စ ၊ OSSအဖွဲ့နဲ့ FDAဌာနအား မိုရေးမြို့မှာ စီစဉ်ဆောင်ရွက်ရေးတို့ကို တင်ပြ ဆွေးနွေးခဲ့ရာ တစ်ဖက်နိုင်ငံ လိုအပ်ချက်များအား နှစ်ဖက်ဆွေးနွေးပွဲများမှာ ထည့်သွင်းဆွေးနွေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနဲ့ ခရိုင်၊ မြို့နယ်ဒေသအာဏာပိုင်များအား ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးကြရန် ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**စိုးနိုင်(တမူး)**

# တမူးကူးသန်းရောင်းဝယ်ရေးရုံးတွင် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပ

မတ်လအတွက် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို မတ်လ ၂၂ ရက် က တမူးကူးသန်းရောင်းဝယ်ရေးရုံးအစည်းအဝေးခန်းမမှာ ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ မြို့နယ်အကောက်ခွန်၊ တမူးကူးသန်းရောင်းဝယ်ရေး၊ OSS ဌာနတာဝန်ခံများ၊ FDA ရုံးခွဲ၊ အပင်ပိုးမွှား၊ ခရိုင်သစ်တော၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကုန်သည်အသင်း၊ ကုမ္ပဏီလုပ်ငန်းရှင်နဲ့ ITC ကတ်လုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းဂိတ်တာဝန်ခံများအပါအဝင်စုစုပေါင်း လူ ၃၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြတယ်လို့သိရပါတယ်။

အစည်းအဝေးမှာ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ မတ်လ လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများအား တရားဝင်လမ်းကြောင်းပေါ်မှ မှန်မှန်ကန်ကန်ဥပဒေ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ရန်၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ အခက်အခဲရှိပါက ဌာနဆိုင်ရာများ၊ ကုန်သည်အသင်း၊ ကုန်သည်လုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်း၍ ဥပဒေနဲ့ အညီ ဆောင်ရွက်ရန်၊ နိုင်ငံတော်မှ ဖြေလျှော့ပေးမှုများ၊ ဒေသအာဏာပိုင်များမှ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ကုန်သွယ်မှုပမာဏ တိုးတက်ရေး တစ်ဖက်နိုင်ငံနဲ့လည်း ဆွေးနွေးဆောင်ရွက်ရန် ကုန်သည်လုပ်ငန်းရှင်များက အားစိုက်ကြိုးပမ်းဆောင်ရွက်ရန် တို့ကို ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

**စိုးနိုင်(တမူး)**

# စခန်းစုံမှ ဖရဲသီးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ တတိယပတ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၂၁၃ သန်းတန်ဖိုးရှိ ဖရဲသီး ၉၅၅၀ တန်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ သုည ဒသမ ၀၅၅ သန်းတန်ဖိုးရှိ ဖရဲသီး ၄၂၅ တန်နဲ့ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်ကုန်သွယ်ရေးမှလည်း ကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းဖိုးရှိဖရဲသီး ၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ကလည်း မူဆယ်မှ ၂၂၃၀၀ တန်နဲ့ လွယ်ဂျယ်မှ ၂၅၅ တန်တင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကတော့ ပုံမှန်တင်ပို့နေကျဖြစ်တဲ့ သခွားမွှေး ၅၉၃၀ တန်၊စပျစ်သီး ၁၅ တန်နဲ့ အုန်းသီး ၅ တန်ကို ကန်ဒေါ်လာ ၁ ဒသမ ၂၁၃ သန်းဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးမှလည်း ယခုတစ်ပတ်တွင် ကန်ဒေါ်လာ ၅၄၅၂ တန်ဖိုးရှိ ရွှေဖရုံသီး တန် ၇၀ တင်ပို့ပါတယ်။ချင်းပြည်နယ်နဲ့ ကယားပြည်နယ်ကလွဲပြီး ဖရဲသခွားကို နိုင်ငံတစ်ဝန်းစိုက်ပျိုးကြပြီး စစ်ကိုင်း၊ မန္တလေးနဲ့ပဲခူးတိုင်းဒေသကြီးတို့တွင် စိုက်ဧကအများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံ ဖရဲသခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့မှသိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

# အနီးစပ်ဆုံးကာလနှင့်ရော ယမန်နှစ်ကာလတူထက်ပါ တမူးနယ်စပ်မှ ကုန်သွယ်မှုပိုမို

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသည် ဖေဖော်ဝါရီလတွင် ပို့ကုန် ကန်ဒေါ်လာ ၂ ဒသမ ၃၉၇ သန်း သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၉၁၀၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၃၀၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလဖြစ်တဲ့ ဇန်နဝါရီလနဲ့ နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၃၁၅ သန်းခန့်၊ ယမန်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါကကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၁၅၀ သန်းခန့် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယင်းသို့ပိုမိုရခြင်းမှာ တမူးနယ်စပ်ရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ကွမ်းသီးနဲ့ စီးကရက်တင်ပို့မှုပိုမိုလာခြင်းကြောင့် ဖြစ်တယ်လို့သိရပါတယ်။တမူးနယ်စပ်တွင် ဖေဖော်ဝါရီလအတွင်း ITC ကတ်အသစ် ထုတ်ပေးနိုင်မှုမရှိသော်လည်း ITC နဲ့လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် သွင်းကုန် ကျပ်သန်းပေါင်း ၅၀ ဒသမ ၈၂၈ သန်းဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။ ITC ကတ်နဲ့တင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ချည်ခင်၊ နိုင်လွန်ချည်၊ ရွှေရည်စိမ် လက်ကောက်၊ ပလတ်စတစ်လက်ကောက်၊ ဖန်စီပစ္စည်းမျိုးစုံနဲ့ ဖိနပ်မျိုးစုံတို့ တင်သွင်းနိုင်ခဲ့ပါတယ်။

**ခင်မိုးသူ MIRT (DCCA)**

# မြဝတီကုန်သွယ်ရေးဇုန်တွင် ဧပြီလ ၁ ရက်နေ့မှ စတင်၍ Weigh Bridge နှင့် X-Ray Machine အသုံးပြုတော့မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မြဝတီကုန်သွယ်ရေးဇုန်တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာလက တည်ဆောက်ခဲ့သော Weigh Bridge မှာ ပြီးစီးပြီဖြစ်၍ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ပြီး ချိန်တွယ်မှုလုပ်ငန်းများစတင်တော့မည်ဟု သတင်းရရှိသည်။

ဧပြီလ ၁ ရက်နေ့မှစ၍ Duty ဆောင်သောကားတိုင်း ကတ္တားတွင်ချိန်တွယ်ရမည်ဖြစ်ပါသည်။ ချိန်တွယ်ခနှုန်းထား များကို မတ်လ ၃ ရက်နေ့ကပြုလုပ်သော ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးမှ သဘောတူဆုံးဖြတ်ထားသော နှုန်းထားများမှာ ယာဉ်+ကုန် အလေးချိန် ၁၀ တန်အထိ ၁၀၀၀ကျပ်၊ ၁၁တန်မှ တန် ၂၀အထိ ၁၅၀၀ ကျပ်၊ ၂၁တန်မှ တန် ၃၀ အထိ ၂၀၀၀ ကျပ်၊ ၃၁ တန်မှ တန် ၅၀ အထိ ၂၅၀၀ ကျပ်နှင့် တန် ၅၀ အထက်ကို ၃၀၀၀ ကျပ်ဖြင့် အသီးသီးကောက်ခံသွားမည်ဟု သိရသည်။

Weigh Bridge မှ ကုန်စစ်စင်သို့ သွားရန်လမ်းအား မကြာမီ ဖောက်လုပ်တော့မှာ ဖြစ်တဲ့အတွက် ကုန်တင်ယာဉ်အနေနဲ့ ကတ္တားတက်ပြီး နောက်ပြန်ဆုတ်ပြီးမှ ကုန်စစ်စင်သို့ သွားရောက်ရမှာ ဖြစ်ရာ အခက်အခဲအနည်းငယ်တော့ ရှိနိုင်ကြောင်းနဲ့ လမ်းပြီးသွားပါက အဆင်ပြေသွားမှာဖြစ်ကြောင်း စခန်းတာဝန်ခံက မတ်လ ၂၁ ရက်က ကျင်းပတဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ Weigh Bridge နဲ့စပ်လျဉ်းပြီး အသိပေးခဲ့ကြောင်း သတင်းရရှိပါသည်။

အကောက်ခွန်ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးကလည်း X-ray machine ကို ဧပြီလ ၁ ရက်နေ့မှ စတင် လည်ပတ်တော့မည်ဖြစ်ကြောင်းနဲ့ X-ray စက်နဲ့ စတင်စစ်ဆေးစဉ် တင်ဆောင်လာသော ပစ္စည်းအပို/အလွဲများကို ဧပြီလ ၁၀ ရက်နေ့ထိ ပညာပေးကာလအဖြစ် သတ်မှတ်ပေးထားပြီး ပြန်လည် ဂျူတီဆောင်ခွင့်ပြုပေးမည်ဖြစ်သော်လည်း ဧပြီလ ၁၀ ရက်နောက်ပိုင်း အပို/ အလွဲများအား အရေးယူ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ၊ အပို/အလွဲများအား ရာခိုင်နှုန်းအလိုက် AV တန်ဖိုးသတ်မှတ်သွားမှာ ဖြစ်ကြောင်း၊ X-ray ချိန်တွယ်ရန် ဝင်ရောက်လာသော ကားများမှာအမြင့်ပေ ၄၀ ထိသာ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ တစ်နာရီကို အလုံး ၄၀၀ ခန့် စစ်ဆေးနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များသိရှိထားရန်မှာ ကားပေါ်မှ တင်ဆောင်လာသောပစ္စည်းများကို ကြေညာပြီးမှ အခွန်ဆောင်ရမှာဖြစ်ကြောင်း ကုန်သည်လုပ်ငန်းရှင်များအား အသိပေးပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT (DCCA )**

# မြဝတီ၊ ကော့သောင်းနဲ့ မြိတ်နယ်စပ်များမှ ရေထွက်ကုန် ကန်ဒေါ်လာ ၃ သန်းကျော်ဖိုးတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းများက မတ်လ၁၄ ရက်မှ ၂၀ ရက်တာကာလအတွင်း တန်ဖိုး ကန်ဒေါ်လာ ၃ ဒသမ ၇၆၄သန်း၊ တန်ချိန် ၂၈၁၇ တန် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းတစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်နိုင်မှုများမှာ မြဝတီကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၂၀၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၉၅ တန်နီးပါး၊ ကဏန်း တန် ၂၀ ကျော်၊ ပုစွန် ၄ တန်နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ သုည ဒသမ ၄၄၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၅၃၁ တန်ကျော်၊ ကင်းမွန် ၂၉ တန်ကျော်၊ ပုစွန် ၂ တန်ကျော်နဲ့ ရေဘဝဲအနည်းငယ် တင်ပို့နိုင်ခဲ့ပါတယ်။ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ ၃ ဒသမ ၁၁၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၄၈၂ တန်နီးပါး၊ ရေငန်ပုစွန် ၉၉ တန်ကျော်၊ ကင်းမွန် ၂၉ တန်ကျော်၊ ကဏန်းသေး(အသေ) ၂ တန်ကျော်၊ သဲကဏန်း ၁ တန် ကျော်၊ ငါးမှုန့် ၄၀၅ တန်၊ ပုစွန်ခြောက် ၁၀ တန်ကျော်၊ ငါးခြောက် ၄ တန်ကျော်၊ ကဏန်းနီ ၃၅ တန်ကျော်၊ ကဏန်းပျော့ ၆၅ တန်နဲ့ ကင်းမွန်ခြောက်အနည်းငယ် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## နောင်ချိုလရ-၁အဖွဲ့သို့ဝင်ရောက်စစ်ဆေးခဲ့သော ခြောက်ဘီးယာဉ် တစ်စီးပေါ်မှ အကောက်ခွန်မဲ့ စပိုင်ဝိုင်များသိမ်းဆည်း

မတ်လ ၃၀ ရက် နံနက် ၀၄း၃၀ ချိန်မှာ နောင်ချိုလရ-၁ အဖွဲ့သို့ဝင်ရောက်စစ်ဆေးခံသော ၆ ဘီးယာဉ် ပေါ်မှ အကောက်ခွန်မဲ့ တင်ဆောင်လာသော စပိုင်ဝိုင် ၂၅ ဖာအား ရှာဖွေတွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့ပြီး အကောက်ခွန်အမှုတွဲ ဖွင့်နိုင်ရေးဆောင်ရွက်နေတယ်လို့ ရှေ့ပြေးသတင်းရရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလထိ အရက်ဘီယာဝိုင်သိမ်းဆည်းရမိမှု ၃၇၂ မှုရှိပြီး ခန့်မှန်းတန်ဖိုး ကျပ် ၅၂၆ သန်းဖိုး ရှိပြီလို့သိရပါတယ်။ **DCCA**

## ပြည်ထောင်စု လမ်းမကြီးပေါ် ဒိုင်နာယာဉ်ပေါ်မှ သစ်နီမှုန့်အိတ်များ တွေ့ရှိသိမ်းဆည်း

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် မတ်လ ၂၃ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ် တွင် ဒိုင်နာယာဉ်အမှတ် ၈ဆ/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ (1 x 40 kg) ပါ သစ်နီမှုန့်အိတ်များကို စစ်ဆေးတွေ့ရှိတဲ့ အတွက်သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။ အဆိုပါသိမ်းဆည်းရမိသစ်နီမှုန့်အိတ်များကို သက်ဆိုင်ရာသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## လိုက်ထရပ်ယာဉ်ပေါ်မှ အေးခဲကြက်သားများ သိမ်းဆည်းရမိ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် စခန်းထုတ်နုတ်အင်အားဖြင့် ဒုတိယညွှန်ကြားရေးမှူး ဦးစီးတဲ့ Mobile Team အဖွဲ့သည် မတ်လ ၁၆ ရက်နေ့တွင် နမ်တောင်း-ဖာဖိတ်-ပန်ကျို-ခိုခေးဘုန်းကြီးကျောင်း ရှောင်ကွင်းလမ်းပေါ်မှာ မောင်းနှင်လာတဲ့လိုက်ထရပ် 8G/xxxx ယာဉ်ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ အေးခဲကြက်သား ၃၀ အိတ်ကို သိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါ အေးခဲကြက်သားများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၆၀ ဖိုးခန့်ဖြစ်ပြီး မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အကောက်ခွန် အမှုတွဲဖွင့်လှစ်ပြီးဖြစ်တယ်လို့ သိရပါတယ်။ **DCCA**

## ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်နဲ့ အခြားကျောက်များ Mobile Team မှ သိမ်းဆည်းရရှိမှု ခန့်မှန်းတန်ဖိုး ကျပ်သန်း ၃၅၉၉ ရှိ

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလထိ Mobile Team အဖွဲ့များမှ ခန့်မှန်းတန်ဖိုး ကျပ် ၃၅၉၉ သန်းတန်ဖိုးရှိ ကျောက်စိမ်းဟုယူဆရသော ကျောက်၊ အင်ကြင်းကျောက်၊ သလင်းကျောက်၊ စကျင်ကျောက်နှင့် သတ္တုကျောက်မှုန့်များကို ၇၆၅၀၂ ကီလိုကို အမှုတွဲ ၁၁၃ ခု ဖွင့်လှစ်အရေးယူထိန်းသိမ်းခဲ့ရတယ်လို့သတင်းရရှိပါတယ်-

| ပစ္စည်းအမယ် | အမှုတွဲ ခု | အရေတွက် ကီလို | ခန့်မှန်းတန်ဖိုး ကျပ်-သန်း |
|---|---|---|---|
| ကျောက်စိမ်း | ၇၄ | ၃၅၉၄၄ | ၂၉၃၉ |
| အင်ကြင်းကျောက် | ၅ | ၁၆၅၇၅ | ၃၃၂ |
| သလင်းကျောက် | ၈ | ၅၁၁၃ | ၂၅၆ |
| စကျင်ကျောက် | ၇ | ၅၆၉၂ | ၁၂ |
| သတ္တုကျောက်မှုန့် | ၁၉ | ၁၃၁၇၈ | ၆၀ |

## မန္တလေး-မူဆယ်ကုန်သွယ်မှုလမ်းပေါ်က ကျောက်စိမ်းဟု ယူဆရသော ကျောက်ပစ္စည်းမျိုးစုံသိမ်းဆည်းရမိ

မတ်လ ၁၈ ရက် နဲ့ ၂၀ ရက် နေ့များမှာ မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ လရ-၁ အဖွဲ့ရဲ့ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် တိုယိုတာမတ်တူး ယာဉ်ခေါင်းပိုင်းအင်ဂျင်ခန်းနဲ့ နောက်ခန်းများမှာ ကျောက်စိမ်းလို့ ယူဆရတဲ့ ပုတီးစေ့အရွယ်စုံ အထုပ် ၉၀ နဲ့ တိုယိုတာကရောင်းမဂျက်စတာ အင်ဂျင်ခန်းနဲ့ နောက်ခန်းမှာ ကျောက်စိမ်းလို့ယူဆရတဲ့ကျောက်တုံး ၄၀ တုံးပါ ၂ထုပ်၊ ကျောက်တုံး ၃၂ တုံးပါ ၁ ထုပ်၊ ကျောက်ပြား အပိုင်းစ ၇၂ ခုနဲ့ အဝိုင်းပြား ၄၅ ခုကို စစ်ဆေး တွေ့ရှိခဲ့ရတယ်လို့ ရှေ့ပြေးသတင်းရရှိပါတယ်။သိမ်းဆည်းရမိကျောက်စိမ်းများကို လုပ်ထုံးလုပ်နည်းများ နဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်အပ်နှံထားပြီး ခန့်မှန်းတန်ဖိုးများ ဆက်လက်တွက်ချက်နေတယ်လို့သိရပါတယ်။ **DCCA**

➡ စာမျက်နှာ ၁၇ ကုန်သွယ်မှုသင်တန်း ・ ・ ・မှ အဆက်

သင်တန်းရဲ့အားသာချက်တွေကို လုပ်ငန်းအဆင့်ရှုထောင့် (Micro-Level) နဲ့ နိုင်ငံအဆင့်ရှုထောင့် (Macro-Level) တွေကနေ သုံးသပ်ချင်ပါတယ်။ Micro ရှုထောင့်ကကြည့်ရင် ဒီသင်တန်းဟာ သင်တန်းသားတစ်ဦးချင်းရဲ့ ကျွမ်းကျင်မှုနဲ့ အရည်အသွေး တိုးတက်စေတာ တွေ့ရပါတယ်။ အလုပ် မရှိသေးတဲ့၊ အလုပ်ရှာနေတဲ့ သင်တန်းသားအတွက် အလုပ်အကိုင်မြန်မြန်ရရှိပြီး လုပ်ခလစာကောင်း ကောင်းရရှိနိုင်ပါတယ်။ အလုပ်ရှိပြီးသားသင်တန်း သားအတွက် လုပ်ခလစာတိုးတက်ရရှိတာ၊ တာဝန်ပိုမို ထမ်းဆောင်ရတာ၊ အဆင့်အတန်းပိုမြင့်လာတာ တွေ့ရပါတယ်။ ကုမ္ပဏီပိုင်ရှင်များနဲ့ ကိုယ်ပိုင် စီးပွားရေးလုပ်ကိုင်နေသူတွေအတွက် လုပ်ငန်းကို ပိုမိုပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်လာနိုင်ပါမယ်။ လုပ်ငန်းတိုး ချဲ့လာနိုင်ပါမယ်။ နိုင်ငံတကာနဲ့ ရင်ဘောင်တန်း လုပ်ဆောင်လာနိုင်ပါလိမ့်မယ်။

Macro ရှုထောင့်က ကြည့်ရင်တော့ တိုင်းပြည်ဝင်ငွေ (GDP) တိုး တက်ဖို့အတွက် ကုန်သွယ်မှုကို မြှင့်တင်ပေးတဲ့သင်တန်းကြီးလို့မြင်ပါတယ်။ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးရေး(Human Resource Development) အတွက်စွမ်းရည်တည်ဆောက်ပေးတဲ့ အစီအစဉ် (Capacity Building Program) ဖြစ်ပါ တယ်။ ကုန်ထုတ်လုပ်မှုစွမ်းအား (Prodctivity) ကိုမြှင့်တင်ပေးပြီး တိုင်းပြည်ရဲ့ ကုန်သွယ်မှုပမာဏ (Trade Volume) ကိုတိုးတက်စေနိုင်ပါတယ်။ မိမိနိုင်ငံရဲ့ ပုံရိပ် (Image) ကို မြှင့်တင်ပေးရာလည်း ရောက်တယ်လို့ ယူဆပါတယ်။ ကျွန်တော်က ဒီသင်တန်းက သင်တန်းဆရာတစ်ဦးဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## မြဝတီကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် သိမ်းဆည်းရမိသည့် ဘီယာချမ်းများအား ဖျက်ဆီး

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ Mobile Team ညောင်ခါးရှည်မှ အမှုတွဲ လေးတွဲ ဖွင့်သိမ်းဆည်းထားတဲ့ မတ်လ ၃ ရက်နဲ့ ၈ ရက်နေ့များမှာ မှန်လုံယာဉ်များပေါ်တွင် အကောက်ခွန်မဲ့ တင်ဆောင်လာသော ဘီယာချမ်းများနဲ့ မတ်လ ၅ ရက်နေ့က ရထားသံလမ်းအကျော် ညောင်ခါးရှည်ရွာ မရောက်မီ လယ်ယာကုန်ထုတ်လမ်းထိပ် ရှောင်ကွင်းလမ်းမှာ ပိုင်ရှင်မဲ့စုပုံထားတဲ့ ဘီယာချမ်းစုစုပေါင်း ၁၉၆ ဖာ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၇ ဒသမ ၁၅၀ တန်ဖိုးအား မတ်လ ၁၄ ရက် ၁၆း ၃၀ ချိန်က ညောင်ခါးရှည်မှာ ဘီယာဘူးများအား ခါးလည်မှ ပိုင်းဖြတ်၊ အရည်များသွန်ချပြီး ဘီယာဘူးများကို ထုပ်ပိုးထားတဲ့ စက္ကူဘူးခွံများအုပ်၍ မီးရှို့မြေမြှုပ်ဖျက်ဆီးမှုကို ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းက ရေထွက်ကုန်နဲ့လယ်ယာထွက်ကုန် တန်ချိန် ၃၀၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းက မတ်လ ၁၄ ရက်မှ ၂၀ ရက်ထိ သီတင်းပတ်အတွင်း ရေထွက်ကုန်နဲ့ လယ်ယာထွက်ကုန် တန်ချိန် ၃၀၀ ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၀၅၅ သန်းဖိုး တင်ပို့နိုင်ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၀၆၁ သန်းဖိုးပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းတွေကတော့ ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ငါးမြစ်ချင်း ၆၇ တန်၊ ငါးခေါင်းပွ ၃ တန်နဲ့ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ချင်း(အစို)၁၉ တန်၊ ဆီးသီးခြောက် ၅၂ တန်၊ မန်ကျည်းစေ့ ၁၄၆ တန်၊ နနွင်းတက် ၂ တန်ကျော်နဲ့ မန်ကျည်းဖတ် ၂ တန်တို့ဖြစ်ကြပါတယ်။ စက်မှုကုန်ချော ပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၁၂ တန်ကိုလည်း တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ **တင်တင်ထွန်း MIRT (DCCA)**

## မန္တလေးတိုင်းဒေသကြီး ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ (၂/၂၀၁၅)လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီ၏ (၂/၂၀၁၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၅ ရက်၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်ဌာနဆိုင်ရာ များနှင့် NGO အသင်းအဖွဲ့များ တက် ရောက်ခဲ့ကြပါသည်။ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် စားသုံးသူအကာအကွယ်ပေးရေးအတွက် လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်များကို ထုတ်လုပ်ရောင်းချရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များအား ပညာပေးစည်းရုံးသွားရန် (၁/၂၀၁၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ အကောင်အထည်ဖော်ရန်ဆုံးဖြတ်ခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်၍လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်ဌာနဆိုင်ရာနှင့် NGO အသင်း အဖွဲ့အသီးသီးမှ မိမိတို့သက်ဆိုင်ရာ နယ်ပယ်များအလိုက် အတူတကွပူးပေါင်းပါဝင်ပြီး စားသုံးသူအကာအကွယ်ပေးရေးတာဝန်များကို လုပ်ဆောင်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ **တင်ချစ်ကောင်း၊ စားသုံးသူ(မန္တလေး)**





# မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခြင်း

|ဗိုလ်ဇော်|

ပို့ကုန်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော် ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ရန် ရေးဆွဲခဲ့သော မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာစတင် အကောင်အထည်ဖော်ခြင်းအခမ်းအနားကို မတ်လ ၂၅ ရက်တွင် နေပြည်တော်ရှိ MICC-II ၌ ကျင်းပခဲ့ရာ နိုင်ငံတော် ဒုတိယသမ္မတ (၂) ဦးညဏ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) Executive Director Ms. Arancha Gonzalez တို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါမဟာဗျူဟာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) ၏နည်းပညာ အကူအညီ၊ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ရန်ပုံငွေအထောက်အပံ့နှင့် ဂျာမနီနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (GIZ) ၏ ပံ့ပိုးမှုတို့ဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ သည်မြန်မာနိုင်ငံအား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်သွယ်မှုကဏ္ဍ၏ လိုအပ်ချက်များ၊ ဦးစားပေး အစီအစဉ်များကို ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်မည့် လမ်းပြမြေပုံ ဖြစ်သည်။ "ထွန်းသစ်စမြန်မာနိုင်ငံအတွက် ပို့ကုန်ဦးဆောင်သောစဉ်ဆက်မပြတ်တိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့" ဟူသည့် မဟာဗျူဟာမျှော်မှန်းချက်ကို ပေါက်မြောက်အောင်မြင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ လုပ်ငန်းစီမံချက် (Action Plans) များတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းအားတိုးတက်ရေး၊ ရေရှည်ဆောင်ရွက်ရမည့်မူဝါဒနှင့် ဥပဒေရေးရာများ ပြုပြင်ပြောင်းလဲရေးတို့ကို ထည့်သွင်းရေးဆွဲထားသည်။

နိုင်ငံတော်တစ်ဝန်းလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကျဉ်းပေးမည့် အမျိုးသားပို့ကုန်မဟာဗျူဟာသည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား နက်နက်ရှိုင်းရှိုင်း စေ့စပ်ဆွေးနွေးညှိနှိုင်းမှုမှ ပေါ်ထွက်လာသည့် အကျိုးရလဒ်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြောကြားခဲ့သည်။

အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ဦးစားပေးရွေးချယ်ထားသည့် ကဏ္ဍများသည် ပြည်သူအများစု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးသက်ရောက်နိုင်ဆုံးဖြစ်မည့်ပို့ကုန် ကဏ္ဍများကို ဦးစားပေး ရွေးချယ်ထားခြင်းဖြစ်ကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်၏ အဓိကရည်မှန်းချက်များဖြစ်သော ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံဝင်ငွေတိုးမြှင့်ရရှိရေး တို့ကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝမှုကို အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်ဒုတိယသမ္မတကဖြည့်စွက်ပြောကြားခဲ့သည်။

## ပို့ကုန်အမျိုးအစားနှင့် ဈေးကွက် စုံလင်ကျယ်ပြန့်စေခြင်း

အမျိုးသားပို့ကုန် မဟာဗျူဟာသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပုံစံကို ပြောင်းလဲရန်နှင့် ကုန်သွယ်မှုအကျိုးရလဒ်များဖြင့် မြန်မာပြည်သူများအား ပိုမိုကြွယ်ဝမှုဆီသို့ ဆောင်ကြဉ်းပေးရန် ဖြစ်သည်။ မကြာသေးမီ ဆယ်စုနှစ်ကာလများအတွင်း နိုင်ငံတော်၏ပို့ကုန်ဖွဲ့စည်းမှုသည် သိသိသာသာ ပြောင်းလဲလာခဲ့သည်။ ပို့ကုန်အမျိုးအစား အနည်းငယ်အပေါ်သာ အားထားနေရပြီး အများစုမှာအဆင့်မြှင့်တင်ပြုပြင်ထုတ် လုပ်မှုမရှိသည့် သဘာဝသယံဇာတကုန်ကြမ်းပို့ကုန်များသာဖြစ်သည့်အပြင် ပို့ကုန်ဈေးကွက်မှာလည်း အကန့်အသတ်ရှိနေသည်။

ဈေးကွက်သစ်များနှင့် ပို့ကုန်အသစ်များသို့ တိုးချဲ့ကုန်သွယ်နိုင်ရန်အတွက် ဦးစားပေးကဏ္ဍများဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ငါးလုပ်ငန်း၊ သစ်တောထွက်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ ရော်ဘာ၊ ခရီးသွားလုပ်ငန်းတို့တွင် ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်ခြင်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အမျိုးသားပို့ကုန် မဟာဗျူဟာက ဆောင်ရွက်သည်။ ပို့ကုန်ကဏ္ဍအသီးသီးအတွက် မျှော်မှန်းထားသည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ထောက်ခံဖော်ထုတ်ပေးသည်။

ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အပြည့်အဝ ပါဝင်နိုင်ရန်အတွက် ပို့ကုန်အထောက်အကူပြု ကဏ္ဍများဖြစ်သော ဘဏ္ဍာငွေရရှိစေရေး၊ ကုန်သွယ်မှုသတင်းအချက်အလက် ရရှိရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ အရည်အသွေးစီမံခန့်ခွဲရေးစသည့် စီးပွားရေးပတ်ဝန်းကျင်တွင် တွေ့ကြုံနေရသည့် အဟန့်အတားများကို ဖြေရှင်းဆောင်ရွက်ရန်လည်း အမျိုးသားပို့ကုန် မဟာဗျူဟာက ဆောင်ရွက်မည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်မှု အထောက်အကူပြုအဖွဲ့ အစည်းများ၏ ဆန်းသစ်တီထွင်နိုင်မှုစွမ်းရည်များကို မြှင့်တင်ပေးနိုင်ရန် အမျိုးသားပို့ကုန်မဟာဗျူဟာက ရှာဖွေ ဖော်ထုတ်ပေးထားသည်။

## ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ဟန်ချက်ညီအောင်ထိန်းညှိပေးခြင်း

ကုန်သွယ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်ရေးအတွက် နိုင်ငံအဆင့် လမ်းညွှန်မြေပုံဖြစ်သည့် အမျိုးသားပို့ကုန် မဟာဗျူဟာသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းအသစ်များ ဖော်ဆောင်ပေးမည်ဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမျိုးသားပို့ကုန် မဟာဗျူဟာက အကောင်အထည်ဖော်မည့် လုပ်ငန်းများနှင့် ဆက်စပ်နေသော မိတ်ဖက်အဖွဲ့အစည်းအသီးသီးက ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန်လည်း ညှိနှိုင်း ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိသည်။

အချို့သော လုပ်ငန်းများကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ရာ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ Executive Director, Ms.Arancha Gonzalez က **အမျိုးသားပို့ကုန်မဟာ ဗျူဟာတွင် ထည့်သွင်းရေးဆွဲထားသော လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် အဓိကဈေးကွက်များဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် လုပ်သားများ ကမ္ဘာ့စီးပွားရေးထဲသို့ ပိုမိုပါဝင်လာနိုင်စေမည့် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (GIZ) မြန်မာရုံးမှ Head of Programme,Irina Scheffmann က အမျိုးသားပို့ကုန် မဟာဗျူဟာတွင် မြန်မာနိုင်ငံသည် ပို့ကုန်တိုးမြှင့်နိုင်မည့် အလားအလာ အလွန်ကြီးမားသော်လည်း အပြည့်အဝ ရယူခံစားနိုင်ရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း ဖော်ပြထားရာ အဓိကအရေးကြီးဆုံးအချက်မှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်လာရေးပင်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းအတွက် အပိုကုန်ကျစရိတ်များ လျှော့ချနိုင်ရေးကိုလည်း အမျိုးသားပို့ကုန် မဟာဗျူဟာက မှန်ကန်စွာဖော် ထုတ်ထားကြောင်း ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာကုန် သွယ်မှုဗဟိုဌာန (ITC) သည် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းကို စတင်အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံ၏ အရှေ့ပိုင်း၊ ကယားပြည်နယ်တွင် အလုံးစုံ လွှမ်းခြုံပါဝင်သော ခရီးသွားလုပ်ငန်းစီမံကိန်းတစ်ရပ်ကို စနစ်တကျလေ့လာ၍စတင်ဆောင်ရွက်နေပြီဖြစ်သည်။ နယ်သာလန်နိုင်ငံအစိုးရ၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်တင်သွင်းမှု မြှင့်တင်ရေးစင်တာ (CBI) ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် အဆိုပါစီမံကိန်းသည် ဒေသတွင်းမှ ကုန်စည်ထုတ်လုပ်သူများနှင့် ဝန်ဆောင်မှုဆောင်ရွက်သူများကို ခရီးသွားလုပ်ငန်းတန်ဖိုးကွင်းဆက်ဖြစ်စဉ်ထဲသို့ စုစည်းပါဝင်ခွင့်ရစေမည်ဖြစ်သလိုအားလုံးပါဝင်သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရေး မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များအတွက် အကူအညီရရှိမည်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လက်အောက်ရှိ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စံချိန်စံညွှန်းအဖွဲ့ (Standards and Trade Development Facility-STDF) ၏ ငွေကြေး ထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသည့် အခြားစီမံကိန်းတစ်ခုမှာ မြန်မာနိုင်ငံမှ ဆီထွက်သီးနှံတန်ဖိုးကွင်းဆက်၏ ယှဉ်ပြိုင်နိုင်မှု တိုးတက်ရေးကို ဆောင်ရွက်မည့် စီမံကိန်းဖြစ်သည်။ အစားအစာများ နိုင်ငံခြားဈေးကွက်များသို့ ဝင်ရောက်နိုင်ရန် ကြိုတင်လိုအပ်ချက်ဖြစ်သည့် အစားအစာများ၏လုံခြုံစိတ်ချရမှုနှင့် အရည်အသွေး စံချိန်စံနှုန်းများ ကိုက်ညီမှုကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဆီထွက်သီးနှံအများဆုံး ထုတ်လုပ်သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနသည် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်မှုနှင့် စီမံခန့်ခွဲမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစိုးရနှင့် ပုဂ္ဂလိကတို့မှတာဝန်ရှိ ဌာန/အဖွဲ့အစည်းများအား လာမည့်နှစ်များအတွင်း အကြံဉာဏ်များနှင့် အကူအညီများကို ဆက်လက်ပေးသွားမည် ဖြစ်သည်။

**မှတ်ချက်**

*နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ပူးတွဲအဖွဲ့အစည်း ဖြစ်သည်။ နိုင်ငံ တကာကုန်သွယ်မှုဗဟိုဌာနသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ကူညီပေးနေပြီး၊ ကုန်သွယ်မှုအတွက် အထောက်အပံ့အစီအစဉ် (Aid-for-Trade Agenda) နှင့် ထောင်စု နှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (Millennium Development Goals) မူဘောင်များအတွင်းမှ ဖွံ့ဖြိုးဆဲနှင့် အသွင်ကူးပြောင်းဆဲ နိုင်ငံများရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင် နိုင်စွမ်းကို တိုးတက်လာခြင်းဖြင့် စဉ်ဆက်မပြတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပေးလျက်ရှိပါသည်။ နိုင်ငံတကာကုန်သွယ် မှုဗဟိုဌာနသည် ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်နိုင်မှုစွမ်းအား ဆိုင်ရာလုပ်ငန်းများအစုအဖွဲ့ (United Nations Inter-Agency Cluster on Trade and Productive Capacity) နှင့် Enhanced Integrated Framework (EIF) တို့၏ တစ်စိတ် တစ်ပိုင်းဖြစ်ပြီး (United Nations Country Team -UNCT) နှင့် ပူးပေါင်းဆောင်ရွက်နေပြီး မြန်မာ့ Trade Sector Working Group ၏ အဖွဲ့ဝင်လည်းဖြစ်ပါသည်။*

# အဋ္ဌမအကြိမ် မြန်မာ- ဗီယက်နမ် ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေး အောင်မြင်စွာ ကျင်းပ




မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးပူးတွဲ ကော်မတီကို ၂၀၀၂ ခုနှစ်တွင် စတင် ဖွဲ့စည်းကာ အဆိုပါ ကော်မတီ၏ အစည်းအဝေးများကို ၂၀၀၂ ခုနှစ်မှ စ၍ကျင်းပခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေး ကုန်သွယ်မှုနှင့် ဆက်စပ်သည့်လုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရေး ညှိနှိုင်းဆွေးနွေးခဲ့ကြ ပါသည်။

အဆိုပါ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးများကို အပြန်အလှန် တစ်လှည့်စီ အိမ်ရှင်နိုင်ငံ အဖြစ်လက်ခံကျင်းပခဲ့ရာ ၂၀၁၃ ခုနှစ် တွင် သတ္တမအကြိမ် အစည်းအဝေးကို ဗီယက်နမ်နိုင်ငံ၌ အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ခဲ့ပါသည်။

မတ်လ ၂၅ ရက်နေ့ နံနက် ၁၁း၀၀ နာရီတွင် နေပြည်တော်၊ နိုင်ငံတော်ဧည့်ဂေဟာဇုန်ရှိ Horizon Lake View Resort ဟိုတယ် Tharaphi Villa ၌ အဋ္ဌမအကြိမ်မြောက် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေး ပူးတွဲကော်မတီအကြီးတန်းအရာရှိများ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် အသင်းအဖွဲ့များမှ စုစု ပေါင်းကိုယ်စားလှယ် ၄၀ ဦးနှင့် ဗီယက်နမ်နိုင်ငံဘက်မှ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Le An Hai ဦးဆောင်သော ကိုယ်စားလှယ် ၂၂ ဦး တို့ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် နှစ်ဘက် တက်ရောက်လာကြသူများမှ အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အပြန်အလှန် ဖလှယ်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ စွမ်းအင်ကိစ္စ၊ ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံတွင် စပါးမျိုးစေ့ထုတ်လုပ်ရေး စီမံကိန်းကိစ္စ၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်သည့် လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးကိစ္စ၊ လေကြောင်းလိုင်းလုပ်ငန်းပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စ၊ မြန်မာနိုင်ငံတွင် သင်္ဘောကျင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများဆောင်ရွက်ရန်ကိစ္စ၊ မြန်မာနိုင်ငံမှ တိရစ္ဆာန် ထွက်ကုန်ပစ္စည်းများ ဗီယက်နမ်နိုင်ငံသို့ တင်ပို့နိုင်ရေးကိစ္စ၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းများ၌ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ညနေ ၁၇း၃၀ နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

မတ်လ ၂၆ ရက်နေ့ နံနက် ၀၉း၀၀ နာရီတွင် အဋ္ဌမအကြိမ် မြန်မာ- ဗီယက်နမ် ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဗီယက်နမ် နိုင်ငံဘက်မှ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E.Mr. Nguyen Cam Tu တို့က ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုဖြေလျှော့ရေး၊ ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှု အသိပညာပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းဆွေးနွေးရေးတို့နှင့် ပတ်သက်၍ ကုန်သွယ်ရေးလုပ်ငန်း စဉ်များ ပွင့်လင်းမြင်သာမှုရှိစေရန် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့သည် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအကြား ကုန်သွယ်မှုများ ပိုမိုတိုးတက်လာနိုင် ရေးအတွက် အဋ္ဌမအကြိမ် မြန်မာ- ဗီယက်နမ်ကုန်သွယ်ရေးပူးတွဲ ကော်မတီအစည်းအဝေးကို ကျင်းပနိုင် ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ယခုနှစ် ၂၀၁၅ ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် အာဆီယံ စီးပွားရေး အသိုက်အဝန်း၏ အကျိုး စီးပွားကို ခံစားစေလိုပါကြောင်း၊ မြန်မာ-ဗီယက်နမ်ကုန်သွယ်မှု မြှင့်တင် ရေးအတွက် ပိုမိုနီးကပ်စွာပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Mr. Nguyen Cam Tu မှ မိမိတို့နှစ်နိုင်ငံအကြား နိုင်ငံအကြီးအကဲများ အပြန်အလှန် လည်ပတ်ခဲ့ကြကြောင်း၊ မြန်မာ-ဗီယက်နမ် သံတမန်ဆက်ဆံမှုသည် နှစ် (၄၀) ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးသည် ၂၀၁၅ ခုနှစ်တွင် ပိုမိုတိုးမြှင့်လာမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးမှ အလားအလာရှိသော နယ်ပယ်များတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယမန်နေ့က ကျင်းပခဲ့သည့် အကြီးတန်းအရာရှိအစည်းအဝေးမှ ရလဒ်ကောင်းများ ရရှိခဲ့သည့် အတွက် ဝမ်းမြောက်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက် အဝန်းကို စတင် အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့တွင် နိုင်ငံစုံပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍မတ်လ ၂၅ ရက်နေ့ ၌ ကျင်းပခဲ့သော အကြီးတန်းအရာရှိများအစည်းအဝေးမှ သဘောတူညီခဲ့သည့် အစည်းအဝေးမှတ်တမ်းကို မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းနှင့် ဗီယက်နမ်နိုင်ငံဘက်မှ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး H.E.Mr. Nguyen Cam Tu တို့မှ လက်မှတ်ရေးထိုးခဲ့ကြပြီး အဋ္ဌမ အကြိမ် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကို နံနက် ၁၀း၃၀ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

➲ စာမျက်နှာ ၃ - မြန်မာကုန်သွယ်မှု . . . မှ အဆက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ကော်မတီတွင်ပါဝင်သော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက အသင်း အဖွဲ့များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ကုန်သွယ်မှုကဏ္ဍလုပ်ငန်းအဖွဲ့မှ Trade Sector Working Group - TSWG မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် အမျိုးသား ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းစတင်ခြင်း အခမ်းအနားကို ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ကို ၂၀၁၃ ခုနှစ် မေလ ၂ ရက်နေ့မှ စတင်ပြီး အဆင့် လေးဆင့်ခွဲ၍ ဆောင်ရွက်ခဲ့ရာ ပထမပိုင်းသုံးဆင့် အောင်မြင်စွာပြီးစီးပြီဖြစ်၍ ယနေ့မှစတင်ပြီး စတုတ္ထအဆင့် အကောင်အထည်ဖော်ခြင်း အပိုင်းကိုဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း စီမံကိန်းကာလဟာ ၂၀၁၅-၂၀၁၆ ကနေ ၂၀၁၉-၂၀၂၀ ထိဖြစ်ပါကြောင်း၊ ဆက်လက်အကောင်အထည်ဖော်မှုအပိုင်းတွင် စီမံကိန်းလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်အကောင်အထည်ဖော်ရာတွင် မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MTDC) ကတာဝန်ယူဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာအတွက်သာမဟုတ်ဘဲ ကုန်သွယ်မှု ကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း၊ NES တွင် ဦးစားပေး ကဏ္ဍ(၇)ရပ်နဲ့ အထောက်အကူပြု ကဏ္ဍ (၄)ရပ်ကို ဦးစားပေးအကောင် အထည်ဖော်သလို ထပ်မံတိုးချဲ့ ဆောင်ရွက်သင့်သော ကဏ္ဍများ၊ ဈေးကွက်များ ထပ်မံတိုးချဲ့ဆောင်ရွက်သင့်တဲ့ကဏ္ဍများကိုလည်းတိုးချဲ့ဆောင် ရွက်သွားမှာ ဖြစ်ပါကြောင်း၊ ကော်မတီလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ အစိုးရဝန်ကြီးဌာနများနဲ့ ပုဂ္ဂလိက ကဏ္ဍမှ သက်ဆိုင်တဲ့ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်သကဲ့သို့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးမှာ အကောင်အထည်ဖော်မည့် လုပ်ငန်း အဖွဲ့များ ဖွဲ့စည်း၍ ဆုံးဖြတ်ပေးကြရန်လိုကြောင်း၊ ထို့ပြင် ဦးစားပေးအစီအစဉ်တွေကို စနစ်တကျရေးဆွဲရန် လိုအပ်ကြောင်း၊ အကောင်အထည် ဖော်ဆောင်ရွက်ရာမှာ အစိုးရဝန်ကြီးဌာနအလိုက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကူအညီရယူ၍ တာဝန်ရှိသူများနှင့် ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊ ပုဂ္ဂလိကမှ တာဝန်ယူလုပ်နိုင်သည့် အပိုင်းကို ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုပေးခြင်းဆိုသည့် နည်းလမ်းများနှင့် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ မြန်မာကုန်သွယ်မှု ဖွံ့ဖြိုးတိုး တက်ရေးကော်မတီ (MTDC) ၏ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု အောင်မြင်စွာအကောင်အထည်ဖော်မှုနှင့် ပို့ကုန်ဖွံ့ဖြိုးမှုမူချမှတ်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည် တည်တံ့အောင် ထိန်းသိမ်း ဆောင်ရွက်၍ ပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားသွားပါသည်။

ထို့နောက်တက်ရောက်လာသူများက လက်တွေ့အကောင်အထည် ဖော်ရေးအတွက် ကဏ္ဍများအလိုက် ဦးဆောင်တာဝန်ယူ အကောင်အထည်ဖော်မည့် ကော်မတီများအား ပုဂ္ဂလိကနှင့် အစိုးရဌာနများမှ ပါဝင်သင့်သူများ ဖြင့်ဖွဲ့စည်းနိုင်ရေး ရွေးချယ်ထားသည့် ထုတ်လုပ်ဝန်ဆောင်မှုကဏ္ဍတစ်ခုချင်း၏ ဦးစားပေးလုပ်ငန်းအစီအစဉ် ရွေးချယ်သတ်မှတ်ခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် မည့်လုပ်ငန်းအစီအစဉ်သတ်မှတ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်လည်တင်ပြအစီအရင်ခံခြင်းတို့အား ဝိုင်းဝန်းဆွေးနွေးပြီး၊ နောက်တစ်ကြိမ် အစည်းအဝေးကျင်းပရန် ရက်သတ်မှတ်လျာထားခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရှိရပါသည်။

## ပြောင်း

### ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်းတို့မှ မတ်လ တတိယပတ်တွင် ကန်ဒေါ်လာ ၉ ဒသမ ၀၉၆ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၃၂၄၂၀ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေကတော့ မူဆယ်မှ ၃၀၉၃၄ တန်ခွဲ၊ လွယ်ဂျယ်မှ ၁၂၄၀ တန်နဲ့ ကန်ပိုက်တီးမှ ၂၄၅တန်ခွဲဖြစ်ပါတယ်။ယခင်ရက်သတ္တပတ်က မူဆယ်၊ ချင်းရွှေဟော်နဲ့ကန်ပိုက်တီးစခန်းသုံးခုမှ ပြောင်းတန်ချိန် ၂၉၈၃၅ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု ၂၅၈၄ တန်ကျော် ပိုမိုလာတာ တွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၂၉၃၉၇၃ ကျပ်ရှိရာမှ ၂၉၅၄၇၈ ကျပ်သို့ ဈေးထပ်မံမြင့်တက်လာခဲ့ပါတယ်။ မန္တလေး-မူဆယ်ကုန်စည်သယ်ယူခ နှုန်းထားမှာလည်း ယခင်ရက်သတ္တပတ်က ပြောင်းတစ်ပိဿာကို ၉၆-၈၃ ကျပ်မှ ယခုတစ်ပတ်တွင် ၉၇-၉၈ ကျပ်သို့ ဈေးမြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### ပြောင်းကြိတ်ဖတ်မှုန့် တရုတ်ပြည်သို့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ တတိယပတ်အတွင်း ကန်ဒေါ်လာ ၁၀၅၁၆ တန်ဖိုးရှိ ပြောင်းကြိတ်ဖတ်မှုန့် ၁၀၈ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆ တန်ခွဲသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းကြိတ်ဖတ်တင်ပို့မှု ပိုမိုလာပါတယ်။ပြောင်းကြိတ်ဖတ်ကို တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုကြတာလို့သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ပရဆေး

### ပရဆေးအမယ်စုံ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ တတိယပတ်တွင် ကန်ဒေါ်လာ ၁ ဒသမ ၇၂၉ သန်း တန်ဖိုးရှိ ပရဆေးကုန် ကြမ်း တန်ချိန် ၁၁၈၇ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ပရဆေး အမယ် ၂၃ မျိုးကို ၉၀၁ တန်ကျော်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ၂၈၆ တန်ကျော် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

တင်ပို့ခဲ့တဲ့ အမယ်တွေကတော့ ချဉ်ပေါင်ဖာလာ(အခွံပါ။မပါ)၊ နေလဲစေ့၊ သီဟိုဠ်စေ့၊ မိချောင်းကွမ်းဖတ်စေ့၊ ကြက်ဆူစေ့၊ ကြောင်လျှာစေ့၊ကြောင်ပန်းစေ့၊ ခပေါင်းစေ့၊ဆီးဆံ၊ ဆီးသီးခြောက်၊ ဝဥခြောက်၊ ချင်းခြောက်၊ ဖန်ခါးသီးခြောက်၊ လက်ပံပွင့်ခြောက်၊ တောချင်း၊တောဂျူးမြစ်၊ ဒရင်ကောက်မြစ်၊ ကွမ်းသီးခွံ၊ ကွမ်းစား ဂမုန်း၊ မာလာဥ၊ မာလာဥခေါင်း၊ နနွင်းခေါင်း၊နနွင်းတက်၊ မန်ကျည်းသီးနဲ့ ရွှေးရွက် တို့ဖြစ်ပါတယ်။ မြန်မာ့ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ လိုအပ်သလို အသုံးပြုလို့ရတာကြောင့် ယခုလိုပုံမှန်တင်ပို့နေရတာဖြစ်ပါတယ်။

**မော်မော်အောင် MIRT (DCCA)**

**၂၃-၃-၂၀၁၅ မှ ၂၆-၃-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 148 | 6,999,481.587 |
| 2 | Form D | 66 | 5,762,988.840 |
| 3 | Form E | 69 | 3,664,236.370 |
| 4 | Korea GSP | 5 | 142,635.360 |
| 5 | Form AK | 39 | 1,935,553.710 |
| 6 | Form AJ | 4 | 70,307.070 |
| 7 | Form AI | 54 | 1,473,385.560 |
| 8 | AANZ | 1 | 4,209.000 |
| 9 | Form DFTP | 1 | 59,724.900 |
| **Grand Total** | | **387** | **20,113,522.397** |

## ရော်ဘာ

### ယခုသီတင်းပတ်မှာ မလေးရှားသို့သာ ရော်ဘာတန် ၉၀၀ ကျော် ပင်လယ်ရေကြောင်းမှတင်ပို့

မတ် ၁၅ ရက်မှ ၂၁ ရက်ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၁၇၈ သန်း တန်ဖိုးရှိ မြန်မာ့ရော်ဘာအဆင့်စုံ တန် ၉၂၀ ကျော်ကို မလေးရှားတစ်နိုင်ငံတည်းကို တင်ပို့ခဲ့ပါတယ်။ ရော်ဘာအဆင့်လိုက် တင်ပို့မှုတွေကတော့ RSS-3 ကို တန် ၆၁၀၊ MSR 20 ကို တန် ၂၅၀ ကျော်၊ MSR 50 ကို တန်၆၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခင်သီတင်းပတ်ကတင်ပို့ခဲ့တဲ့ စင်ကာပူနဲ့ ပါကစ္စတန် နိုင်ငံတွေကိုတော့ ယခုတစ်ပတ်မှာ တင်ပို့မှုမရှိခဲ့ပါဘူး၊ ယခုအချိန်ဟာ ရာသီဥတုပူပြင်းပြီး အရွက်ကြွေတဲ့ အချိန်လည်းဖြစ်လို့ အစေးထွက်ရှိမှု ယခင်ကထက် လျော့ကျနေပါတယ်။ ပြည်တွင်း ရော်ဘာဈေးကတော့မတ်လ ၂၅ ရက်နေ့ထိမှာ RSS-3 တစ်ပေါင်ကို ၅၇၀ မှ ၅၈၅ ကျပ်ဝန်းကျင်ရှိပါတယ်။

နိုင်ငံတကာ ရော်ဘာဈေးများကတော့ ယခုတစ်ပတ်မှာ အပြောင်းအလဲ သိပ်မရှိပါဘူး။ ဒါ့ကြောင့် ပြည်ပပို့မယ့် ရော်ဘာ FOB ဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ခဲ့ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |

**ယဉ်ယဉ်အေး MIRT (DCCA)**

## မူဆယ်ကုန်စည်ဒိုင်တွင် ရော်ဘာဈေးအနည်းငယ်မြင့်တက်

မတ် ၁၄ ရက်မှ ၂၀ ရက်အထိ ကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်း၊ မြန်မာ-ထိုင်း-နယ်စပ်ရှိမြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ကန်ဒေါ်လာ ၂ ဒသမ ၃၀၂ သန်းဖိုးရှိရော်ဘာအဆင့်စုံ ၁၆၉၇ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၁၂၇၀ တန်ခန့် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၄၂၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့နိုင်မှုများမှာ မူဆယ် (၁၀၅)မိုင်မှ RSS-3 ၇၉၄ တန်ခန့်၊ MSR -20 ၄၅၁ တန်၊ MSR -50 ၇၆ တန် ချင်းရွှေဟော်စခန်းမှ RSS-5 ၉၆ တန်၊ မြိတ်စခန်းမှRSS-3 တန်၁၂၀၊ MSR -20 တန် ၁၆၀ တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နယ်စပ်စခန်းများမှ ရော်ဘာအဆင့်စုံ ပိုမိုတင်ပို့နိုင်သလို မူဆယ်ကုန်စည်ဒိုင်မှာ ရော်ဘာဈေး အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရှိရပါတယ်။

ယခင်ရက်သတ္တပတ်က RSS-3 တစ်တန်ကို ၁၄၆၈၈၄၆ ကျပ်ရှိရာမှ ယခုရက်သတ္တပတ်မှာ ၁၄၇၆၃၆၅ ကျပ်သို့ အနည်းငယ်မြင့်တက်လာခဲ့ပါတယ်။ တစ်ဖက်နိုင်ငံဈေးကတော့ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှု မရှိဘူးလို့ သိရပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**



## ရော်ဘာဈေးနှုန်းကျဆင်းမှုကို အဆုံးသတ်ဖို့ ထုတ်လုပ်မှုလျှော့ချ

ထုတ်လုပ်မှုကုန်ကျစရိတ်ကာမိ ဖို့ခက်ခဲလာတာကြောင့် ထုတ်လုပ်မှုကို လျှော့ချမှာဖြစ်တဲ့အတွက် ကမ္ဘာ့သဘာဝ ရော်ဘာဈေးနှုန်း ကျဆင်းမှုက အဆုံးသတ်တော့မှာဖြစ်ကြောင်း ဥရောပဒေသမှာ ရော်ဘာအများဆုံးထုတ်လုပ်နေတဲ့ Michelin ကုမ္ပဏီက ပြောပါတယ်။

သဘာဝရော်ဘာဈေးက ကြမ်းခင်းဈေးဖြစ်တဲ့ တစ်ကီလို ၁ ဒသမ ၅၀ ဒေါ်လာနှုန်းထိ ရောက်ရှိနေကြောင်း အကြီးတန်းဒုတိယဥက္ကဋ္ဌနဲ့ ဝယ်ယူဖြည့်တင်းရေးအရာရှိချုပ် လပ်မင်းဂွက်က မတ် ၂၃ ရက်က စင်ကာပူမှာ ပြောကြားချက်ကို ကိုးကားပြီး ဘလွမ်းဘတ်သတင်းမှာ ဖော်ပြပါတယ်။

ပျမ်းမျှကြိုရောင်းကြိုဝယ်ဈေးက ၂၀၁၄ ခုနှစ်အတွင်း တစ်ကီလိုဂရမ်ကို ၁ ဒသမ ၅၀၃ ဒေါ်လာရှိခဲ့ရာမှ မတ် ၂၂ ရက်မှာ တစ်ကီလိုကို ၁ ဒသမ ၄၃၃ ဒေါ်လာနှုန်းထိ ရောက်ရှိခဲ့ပါတယ်။

“ဈေးနှုန်းတွေဒီအဆင့်ထိ ရောက်လာရင် ဖြန့်ဖြူးမှုကို စတင်ညှိနှိုင်း တွက်ချက်ဖို့လိုလာပါပြီ။ ခြံစိုက်ပျိုးရေးသမားတွေရဲ့ အသက်မွေးမှုခက်ခဲလာတော့မှာဖြစ်တဲ့အတွက် ထုတ်လုပ်မှုကို လျှော့ချတော့မှာဖြစ်ပါတယ်” လို့ မင်းဂွက်က ပြောပါတယ်။

ရော်ဘာပင်က အရွယ်ရောက်ပြီး ထုတ်လုပ်မှု မြင့်မားလာချိန်မှာ ကမ္ဘာမှာ ရော်ဘာအများဆုံးအသုံးပြုတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းက ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ အနိမ့်ဆုံးအထိ ကျဆင်းခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ်ကစံချိန်တင်ထားတဲ့ အမြင့်ဆုံးဈေး ၇၅ ရာခိုင်နှုန်းထိ ထိုးကျခဲ့ပါတယ်။

ရော်ဘာဈေးကျဆင်းမှုကြောင့် Michelin နဲ့ Goodyear အပါအဝင် တာယာထုတ်လုပ်ငန်းတွေအတွက် ကုန်ကျစရိတ်သက်သာခဲ့ပေမယ့် ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားတို့ကထုတ်လုပ်မှုတွေကို လျှော့ချလာပါတယ်။

**ဉာဏ်တင်**

# ယခုတစ်ပတ်အတွက် ပြည်တွင်းဈေးကွက်ပဲတီစိမ်းသုံးသပ်ချက်

## (၂၀၁၅ခုနှစ်မတ်လ ပထမပတ်)

ကျော်မြင့်

ပဲတီစိမ်းသည် (Type of dried bean) အုပ်စုတွင်ပါဝင်သည်။ ပဲတီစိမ်း၏ မူရင်းဒေသမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ရုက္ခဗေဒအမည် (Botanical name)မှာ Vigna radiata ဟုခေါ်ဝေါ်ကြသည်။ ထို့ပြင် ပဲတီစိမ်းကို Mash, bean, Munggo, Golden Gram, Green Soy and Mung Dal ဟုလည်း အမျိုးမျိုး ခေါ်ဝေါ်ကြသည်။ အိန္ဒိယနိုင်ငံကုန်သည်များက ပဲတီစိမ်းကို (Mung)ဟုခေါ်ဝေါ်ကြသေးသည်။ ထို့ပြင် အိန္ဒိယတွင်မိုးစိုက်သီးနှံ (Kharif season crop) အဖြစ်သိရှိကြသည်။ မြန်မာနိုင်ငံတွင် ပဲတီစိမ်းဟု ခေါ်ဝေါ်သိရှိကြပြီး အများခေါ်ဝေါ်သော အမည် (common name) မှာ (Green gram) ဖြစ်သည်။

**ပဲတီစိမ်းစိုက်ပျိုးခြင်း။** မြန်မာနိုင်ငံအောက်ပိုင်းဒေသသည် ပဲတီစိမ်းကို သက်လျှင်အထွက် ကောင်းမိုးစပါးရိတ်သိမ်းအပြီး ဒုတိယသီးနှံသီးထပ်အဖြစ် အများ ဆုံးစိုက်ပျိုးကြသည်။

**ပုံ-၁။ ပဲတီစိမ်း စိုက်ချိန်နှင့် ရိတ်ချိန်**

| May | J | J | A | S | O | N | D | J | F | M | A | M |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Lower Myanmar | | | | | | | | | | | | |
| | | | | | | S | S | G | H | H | | |
| Central Myanmar | | | | | | | | | | | | |
| S | S | G | H | H | | | | | | | | |
| | | | S | S | G | H | H | | | | | |
| | | | | | | | | | S | G | G | H |
| India** | | | | | | | | | | | | |
| | S | S/G | G | G | H(Oct-Nov) | | | | | | | |

**www.myiris-commoditywatch m S= စိုက်ချိန် = H ရိတ်ချိန် G = ကြီးထွားချိန်

မြန်မာနိုင်ငံအောက်ပိုင်းဒေသသည် ပဲတီစိမ်းကိုသက်လျှင်အထွက် ကောင်းမိုး စပါးရိတ်သိမ်းအပြီး ဒုတိယသီးနှံသီးထပ်အဖြစ် ဆောင်းရာသီ (cool season) တွင်စိုက်ပျိုးပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် မိုး၊ မိုးလယ်နှင့် နွေရာသီကာလတွင် စိုက်ပျိုးသည်။ နွေရာသီကာလတွင် ဆည်ရေသောက်မြောင်းဖျား၊ မြောင်းနားများတွင် စိုက်ပျိုးကြပြီး စိုက်ဧရိယာပမာဏအားဖြင့် နည်းပါးသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂-၀၁၃ ခုနှစ် စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပဲတီစိမ်း ဧက ၂ ဒသမ ၆၉ သန်း စိုက်ပျိုးကြောင်း သိရှိရသည်။ တစ်နိုင်ငံလုံးပဲမျိုးစုံ စုစုပေါင်းစိုက်ဧကမှာ ၁၁ သန်း နီးပါးရှိသဖြင့် ပဲတီစိမ်းစိုက်ဧကသည် တစ်နိုင်ငံလုံးပဲမျိုးစုံ စုစုပေါင်းစိုက်ဧက၏ ၂၄ ရာခိုင်နှုန်းကျော်ရှိသည်။ မြန်မာနိုင်ငံသည် မိုးရာသီတွင် ပဲတီစိမ်းကို ဧက ၁ ဒသမ ၄၀ သန်း စိုက်ပျိုးသည်ဟု ခန့်မှန်းထားသဖြင့် ပဲတီစိမ်းစုစုပေါင်းစိုက် ဧက ၂ ဒသမ ၆၉ သန်း၏ ၄၈ ရာခိုင်နှုန်းရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသသည် မိုးရာသီတွင် ပဲတီစိမ်းကိုအများဆုံးစိုက်ပျိုးသည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် ဧက ၄ သိန်းခန့်၊ မကွေး တိုင်းဒေသကြီးသည် ဧက ၇ သိန်းခန့်၊ မန္တလေးတိုင်းဒေသကြီးသည် ဧက ၂ သိန်းကျော်စိုက်ပျိုးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသသည် မိုးရာသီတွင် ပဲတီစိမ်းဧက ၁ ဒသမ ၂၈ သန်းစိုက်ပျိုးသည်။ထို့ကြောင့် မြန်မာနိုင်ငံ၏ မိုးစိုက်ပဲတီစိမ်း ဧက ၁ ဒသမ ၄၀ သန်း၏ ၉၁ ရာခိုင်နှုန်းကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသတွင်စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသသည် မိုးစပါးရိတ်သိမ်းအပြီး ပဲတီစိမ်းစတင်စိုက်ပျိုးချိန်မှာ ဆောင်းရာသီကာလ နိုဝင်ဘာနှင့် ဒီဇင်ဘာလဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြန်မာပြည်အောက်ပိုင်းတို့တွင် ပဲတီစိမ်းစိုက်ချိန်၊ ရိတ်သိမ်းချိန်၊ အိန္ဒိယနိုင်ငံတွင် ပဲတီစိမ်းစိုက်ချိန်၊ ရိတ်သိမ်းချိန်များကို ပုံ-၁ တွင်ဖော်ပြထားပါသည်။ အိန္ဒိယနိုင်ငံသည် ပဲတီစိမ်းကို မိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်သောနိုင်ငံဖြစ်သည်။

**ပဲတီစိမ်းတင်ပို့ရောင်းချမှု။** ကောမတ်စ်ဂျာနယ် Vol.15၊ နံပါတ် ၉ အရ ၁-၄-၂၀၁၄ မှ ၂၁-၂-၂၀၁၅ နေ့ထိ ပဲတီစိမ်းတန်ချိန် ၁၃၂၄၄၀ တင်ပို့ပြီးဖြစ်ကြောင်းသိရှိရသည်။

- * မန္တလေးဈေးကွက်မှ ပဲတီစိမ်းကို ရွှေလီ (Ruili) တရုတ်သို့ တင်ပို့ရောင်းချမည့်သူများက ဝယ်ယူပြီး တင်ပို့ရောင်းချကြသည်။
- * ၂၀၁၅ ခုနှစ် ဇန်နဝါရီလပထမပတ်မှစ၍ ခရမ်း၊ သုံးခွ၊ ပဲခူးနှင့် တောင်ငူ မြို့နယ်မှ ပဲတီစိမ်းရွှေဝါအသစ်များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာပြီး ရွှေလီတရုတ်သို့ တင်ပို့ရောင်းချမည့်သူများက ဝယ်ယူကြသည်။
- * ပြည်ပတင်ပို့ရောင်းချသူများသည်၊ အီးယူ (EU market) မှ ပဲတီစိမ်းကို ပဲပင်ပေါက်ဖေါက် (Bean sprout) စားသုံးမှုအတွက် ဝယ်လိုအား ရှိသဖြင့် အီးယူ (EU market) မှ လိုအပ်ချက်နှင့် အညီ ရန်ကုန်တိုင်း တောင်ပိုင်းခရမ်းသုံးခွတွင် စိုက်ပျိုး၍ တင်ပို့ရောင်းချခြင်းကို ဆောင်ရွက်ကြောင်း သိရှိရသည်။
- * ရန်ကုန်မှ ပြည်ပတင်ပို့သူများသည် ပဲတီစိမ်းခရမ်းရွှေဝါကို ပင်လယ်ရေကြောင်းဖြင့်လည်း တင်ပို့ရောင်းချကြသည်။

**ပြည်တွင်းဈေးကွက်ပဲတီစိမ်းဈေး။** ယခုတစ်ပတ်တွင် မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ၊ မန္တလေးတို့တွင် ပဲတီစိမ်းတစ်ပိဿာပျမ်းမျှဈေးသည် ၁၄၇၅-၁၅၃၁ ကျပ်ရှိပြီး ကန်ဒေါ်လာအားဖြင့် တစ်တန်ကို USD 865 - USD 879 ရှိသည်။ယခုတစ်ပတ် ပျမ်းမျှဈေးအရ ပြည်တွင်းဈေးကွက်တွင်ဖြစ်ပေါ်သည့် ပဲတီစိမ်းဈေးကို ဇယား-၁ တွင် ဖော်ပြထားပါသည်။

**ဇယား-၁။ ယခုတစ်ပတ်ပျမ်းမျှဈေးအရ ပြည်တွင်းဈေးကွက်တွင် ဖြစ်ပေါ်သည့် ပဲတီစိမ်းဈေး (၂၀၁၅ ခုနှစ် မတ်လ ပထမပတ်)**

| uepn 'i | t&n tao; | (uy/yom) | | USD per tonne | , cwpyw twi; ypi;ie ta&mi;t0, jzpryrmP |
|---|---|---|---|---|---|
| | | , cwpyw ysr;r|aps;# | , ciwpyw ysr;r|aps;* | , cwpyw ysr;r|aps; | |
| jri;c | FQ | 1475 | | 865 | 50 tw |
| ycuL | SS | 1608 | 1605 | 942 | 900 tw |
| rEav; | OQ | 1627 | | 954 | r&&yg |
| r&m | SS | 1531 | | 879 | r&&yg |
| a&v | FQ | 2277 | | 1335 | 3774 ueweem |

မှတ်ချက်။# ယခုတစ်ပတ်ပျမ်းမျှဈေးသည် ၂၀၁၅ ခုနှစ် မတ်လ၁ရက်မှမတ်လ ၆ ရက်နေ့ထိဖြစ်ပါသည်။ ဈေးမြင့်လာသည်။ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ် ဈေးပြောင်းလဲမှုရာခိုင်နှုန်းကို မြန်မာကျပ်ငွေပေါ် အခြေခံ၍ တွက်ချက်ဖော်ပြ ထားခြင်း ဖြစ်ပါသည်။ FQ=First quality, SS=Small size, OQ+ ordinary quality, *ယခင်တစ်ပတ်ပျမ်းမျှဈေးသည် ဖေဖော်ဝါရီလ ၂၂ ရက် မှ ၂၈ ရက်နေ့အထိ ဖြစ်ပါသည်။ ရန်ကုန်တွင် ယခုတစ်ပတ် (Export earning) ပျမ်းမျှ ရောင်းဈေး (၁၀၄၅)ကျပ်ပေါ် အခြေခံပြီး USD per tonne အဖြစ် ပြောင်းလဲတွက်ချက်ထားပါသည်။

**မန္တလေးပဲတီစိမ်းအကြီးထိပ်စအချိန်တူကာလနှိုင်းယှဉ်ခြင်း။** ၂၀၁၅ ခုနှစ် မတ်လပထမပတ် မန္တလေးပဲတီစိမ်းအကြီးထိပ်စဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၉၅၄ ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ် မတ်လပထမပတ် မန္တလေးပဲတီစိမ်းအကြီးထိပ်စဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၉၅၃ ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လပထမပတ် မန္တလေးပဲတီစိမ်းအကြီးထိပ်စ အချိန်တူကာလထက် ဈေးအနည်းငယ်ပိုမြင့်သည်။

**ပုံ-၂။ မန္တလေးပဲတီစိမ်းအကြီးထိပ်စအပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅)**




**ပုံ-၃။ရွှေလီ (Ruili) ပဲတီစိမ်းအကြီးထိပ်စ အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅)**




ဇာစ်မြစ်။ www.etrademyanmar.net

**ရွှေလီပဲတီစိမ်းအကြီးထိပ်စအချိန်တူကာလနှိုင်းယှဉ်ခြင်း။** မတ်လပထမပတ် ရွှေလီပဲတီစိမ်း အကြီးထိပ်စဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၁၃၃၅ ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ် မတ်လ ပထမပတ် ရွှေလီပဲတီစိမ်းအကြီးထိပ်စဈေးသည် တစ်တန်ကို ကန် ဒေါ်လာ ၁၁၂၀ ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လပထမပတ် မန္တလေး ပဲတီစိမ်းအကြီးထိပ်စအချိန်တူကာလထက် ၁၉ ရာခိုင်နှုန်းဈေးပိုမြင့်သည်။ ၂၀၁၃ ခုနှစ် မတ်လပထမပတ် ရွှေလီပဲတီစိမ်းအကြီးထိပ်စဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၁၀၀၀ ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ရွှေလီပဲတီစိမ်းအကြီးထိပ်စဈေးသည် ပြီးခဲ့သည့် မတ်လပထမပတ် ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့ထက်ဈေးပိုမြင့် လာသည်။

**မန္တလေးနှင့် ရွှေလီပဲတီစိမ်းဈေးကွာဟချက်။** မန္တလေးပဲတီစိမ်း (Ordinary quality-OQ) သည် တစ်ပိဿာ ၁၆၂၇ ကျပ်ရှိပြီး ကန်ဒေါ်လာအားဖြင့် တစ်တန်ကို USD 954 ရှိသည်။ ယခုတစ်ပတ်တွင် မြန်မာ့ပဲတီစိမ်းသည် ရွှေလီတွင် ကန်ဒေါ်လာအားဖြင့် တစ်တန်ကို USD ၁၃၃၅ ဖြစ်သောကြောင့် မန္တလေးပဲတီစိမ်းဈေးထက် ကန်ဒေါ်လာ အခြေခံအရ ၄၀ ရာခိုင်နှုန်းခန့် ဈေးပိုမြင့်လာသည်။

**ပုံ-၄။ မန္တလေးနှင့်ရွှေလီ(Ruili)ပဲတီစိမ်းအကြီးထိပ်စ အပတ် စဉ်ပျမ်းမျှဈေး**




**ပုံ-၅။ မန္တလေးနှင့်ရွှေလီ (Ruili) ပဲတီစိမ်းအကြီးထိပ်စ ယခုတစ်ပတ်ပျမ်းမျှဈေးအရကွာဟချက်**




ဇာစ်မြစ်။ www.etrademyanmar.net

**ပုံ-၆။ မန္တလေးပဲတီစိမ်းအကြီးထိပ်စ အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၃ မှ ၂၀၁၅)**




➲စာမျက်နှာ ၂၆ သို့

# စားသုံးသူများ၏ လိုလားချက်ကို ဖြည့်ဆည်းပေးဖို့လိုနေပြီ

ပြောင်းလဲတိုးတက်လာသော နည်းပညာများ၊ လူနေမှုဘဝများနှင့်အတူ လူသားတို့၏ နေထိုင် စားသောက်မှုပုံစံများမှာ များစွာပြောင်းလဲလာသည်ကို ယနေ့အချိန်အခါတွင် ပိုမိုသိသာထင်ရှားစွာ မြင်တွေ့နေရပေသည်။ ထိုကဲ့သို့ပြောင်းလဲလာမှုများအနက် လူသားတို့ သက်ရှည်ကျန်းမာစွာ သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် အရေးကြီးသည့် စားသောက်မှုကိစ္စရပ်များတွင် စားသုံးသူများ တွေ့ကြုံခံစားနေရမှုနှင့် လိုလားချက်များကို ဦးစားပေးတင်ပြသွားမည်ဖြစ်ပါသည်။

ပြောင်းလဲတိုးတက်လာသော နည်းပညာများကြောင့်လည်း မိမိတို့နိုင်ငံမှ ပြည်သူများသည် ယခင်က အဝတ်အစားများကို လျှော်ဖွပ်ရာတွင် မိရိုးဖလာအတိုင်း မိမိတို့၏လက်ဖြင့် လျှော်ဖွပ်ခဲ့ရာမှ လူလည်းသက်သာ အချိန်ကုန်လည်းသက်သာပြီး လျှင်မြန်စွာပြီးစီးသည့် အဝတ်လျှော်စက်များကို အသုံးပြုလာခြင်း၊ ယခင်က မိမိတို့မိသားစု စားသောက်မှုအစားအစာများဖြစ်သည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို နေ့စဉ်ဈေးသို့သွားရောက်ပြီး ဝယ်ယူချက်ပြုတ်စားသောက်ရာမှ အချိန်ကုန်သက်သာစေရန်အတွက် ရေခဲသေတ္တာတွင် လေးငါးရက်စာ (သို့မဟုတ်) ရက်သတ္တတစ်ပတ်စာ ဝယ်ယူထည့်သွင်း၍ ချက်ပြုတ်စားသောက်လာခြင်းများ ပြုမူလုပ်ဆောင်လာပါသည်။ ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ယနေ့အချိန်အခါ၌ လက်ကိုင်ဖုန်းများကို အများအပြားအသုံးပြုလာကြသည်ကို မြင်တွေ့နေရပေသည်။

ထိုကဲ့သို့အသုံးပြုသည့် အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ လက်ကိုင်ဖုန်းတို့အပါအဝင် ဇိမ်ခံပစ္စည်းများသည် လူတိုင်း၊ အိမ်တိုင်းအတွက် မရှိမဖြစ် လိုအပ်သောအရာမဟုတ်သဖြင့် ဝယ်ယူအသုံးမပြုဘဲ နေလိုက နေနိုင်မည်ဖြစ်သော်လည်း လူတို့အသက်ရှင်နေထိုင်ရေးအတွက် မဖြစ်မနေ ဝယ်ယူသုံးစွဲရမည့် စားသောက်ကုန်ပစ္စည်းများ၊ လူတို့ကျန်းမာရေးအတွက် ဝယ်ယူအသုံးပြုရမည့် ဆေးဝါးများ၊ နေ့စဉ်ဝယ်ယူသောက်သုံးရမည့် ရေတို့မှာ သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီပြီး စားသုံးသူပြည်သူများအတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးမှာ လွန်စွာအရေးကြီးလှပေသည်။

အစားအစာ၊ ဆေးဝါး၊ ရေတို့မှာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှုမရှိပါက လူတို့၏ပါးစပ်မှတစ်ဆင့် ခန္ဓာကိုယ်တွင်းဝင်ရောက်သွားသည့်အခါ မလိုလားအပ်သော ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ပါသည်။ ဒ့်ါကြောင့်လည်း အဆိုပါအစားအစာ၊ ဆေးဝါး၊ ရေတို့ကို ဝယ်ယူသုံးစွဲနေကြသည့်စားသုံးသူများ တွေ့ကြုံခံစားနေရမှုနှင့် လိုလားချက်များအနက် အစားအစာနှင့်ပတ်သက်သည့် ကဏ္ဍတွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော စားသုံးသူပြည်သူများသည် မိမိတို့နေ့စဉ်ဝယ်ယူစားသုံးနေရသည့် အစားအစာများကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးလိုကြသည်။ ထိုကဲ့သို့ဝယ်ယူစားသုံးနိုင်ရေးအတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင်သတင်းစာများတွင် စားသုံးရန်မသင့်သော အစားအသောက်များကို မကြာခဏဖော်ပြနေပြီး အဆိုပါကြေညာသည့်အစားအသောက်များကို ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများကိုလည်း "အမျိုးသားအစား အသောက်ဥပဒေပုဒ်မ ၂၈(က)" အရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း




သတိပေးချက်ကိုပါ ထည့်သွင်းကြေညာပေးခဲ့ပါသည်။ ယခုလို ကြေညာပေးသည့်အတွက် စားသုံးသူ ပြည်သူများအနေဖြင့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် အဆိုပါအစားအသောက်များကို ရှောင်ရှား ဝယ်ယူစားသုံးနိုင်သကဲ့သို့ ထုတ်လုပ်သူ၊ ရောင်းချသူများအနေဖြင့်လည်း သတိပြုဆင်ခြင်ထုတ်လုပ်ရောင်းချလာကြမည်ဖြစ်သဖြင့် စားသုံးသူများအတွက် ဝမ်းမြောက်ဝမ်းသာစရာ သတင်းတစ်ခုဖြစ်ပေသည်။ သို့ရာတွင် အဆိုပါကြေညာသည့် အစားအသောက်များမှာ ကလေးသူငယ်များ၊ ကျောင်းသား/ကျောင်းသူများဝယ်ယူစားသောက်သည့် သွားရေစာမုန့်များ၊ အိမ်ရှင်မများဝယ်ယူစားသုံးသည့် ငါးပိ၊ ငါးပိထောင်း၊ နန္နွင်းမှုန့်၊ ငရုတ်သီးတို့တွင် အရောင်တင်မှုန့်များသာ ပါဝင်နေသဖြင့် အခြားသော အမယ်များကိုပါ စစ်ဆေးကြေညာပေးစေလိုသကဲ့သို့ ကြေညာထားသည့် အမယ်များကိုလည်း ဆက်လက်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြန်လည်ပြုပြင်၍ရောင်းချခြင်းများ ရှိ/မရှိတို့ကို စစ်ဆေးပြီး ထိထိရောက်ရောက်အရေးယူမှုများ ဆောင်ရွက်ပေးရန် စားသုံးသူပြည်သူများမှ လိုလားလျက်ရှိပေသည်။

အစားအစာများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရန် လိုအပ်သကဲ့သို့ ပြည်သူများကျန်းမာရေး တစ်စုံတစ်ရာ ချွတ်ယွင်းမှုများ ဖြစ်ပေါ်လာပါက ဝယ်ယူသုံးစွဲမည့် ဆေးဝါးများသည်လည်း သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီရန်မှာလည်း အရေးကြီးပေသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများကို နိုင်ငံပိုင်သတင်းစာများတွင် မကြာခဏ ကြေညာပေးလျက်ရှိပေသည်။ အဆိုပါကြေညာချက်တွင် အများပြည်သူများသည်မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်၊ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမမီဆေးဝါးများ၊ မှတ်ပုံတင်သက်တမ်းကုန်ဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက "အမျိုးသားဆေးဝါးဥပဒေပုဒ်မ (၁၈)" အရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်းပါရှိပေသည်။ အဆိုပါကြေညာချက်ကို ဖတ်ရှုသိရှိသည့် အများပြည်သူများအတွက် ဝယ်ယူအသုံးပြုခြင်းမှ ရှောင်ရှားနိုင်သော်လည်း ကြေညာချက်ကို မဖတ်ရှုမသိရှိသည့် အများပြည်သူများအတွက် အလွန်ပင်အန္တရာယ်များလှပေသည်။ ၎င်းကြေညာသည့်ဆေးများအနက် အချို့ဆေးများမှာ မြို့နယ်အချို့ရှိဆေးဆိုင်များတွင် ဆေးတစ်မျိုးတည်းကိုပင် ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချနေဆဲပင်ဖြစ်ကြောင်း တွေ့ရှိနေရသည့်အပြင် အကိုက်အခဲပျောက်ဆေး၊ မျက်စဉ်းဆေးနှင့် သွားကိုက်ပျောက်ဆေးများမှာလည်း ပြည်သူများအများဆုံးဝယ်ယူအသုံးပြုသည့် ဆေးများဖြစ်သဖြင့် ဝယ်ယူအသုံးပြုမိပါက ဘေးဥပဒ်အန္တရာယ်ရှိလာမည်ကို စိုးရိမ်နေကြပေသည်။ ဒီ့အတွက်ကြောင့် အများပြည်သူ စားသုံးသူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ထားသည့် ဆေးဝါးများဈေးကွက်အတွင်း ရောင်းချနေမှုများကို တွေ့ရှိရပါက မည်သည့်နေရာ၊ မည်သည့်ဖုန်းနံပါတ်များကို ဆက်သွယ်သတင်းပေးတိုင်ကြားနိုင်ကြောင်းကိုပါ ထည့်သွင်းကြေညာပေးစေလိုသကဲ့သို့ အသိပေးနှိုးဆော်သည့် ဌာနအနေဖြင့်လည်း ဈေးကွက်အတွင်း ကွင်းဆင်းရှာဖွေစစ်ဆေး၍ အရေးယူဆောင်ရွက်ပေးရန်နှင့် အရေးယူဆောင်ရွက်မှုအခြေအနေများကိုလည်း ထုတ်ပြန်ကြေညာပေးပါက တင်သွင်းဖြန့်ဖြူးရောင်းချသူများ လျော့နည်း ပပျောက်သွားမည့်အပြင် အများပြည်သူစားသုံးသူများအနေဖြင့်လည်း နိုင်ငံတော်တွင် တရားဝင်မှတ်ပုံတင်ထားသည့် အရည်အသွေးပြည့်မီပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသောဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲနိုင်သည့်အခွင့်အရေးရရှိလာမည်ကို လိုလားလျက်ရှိကြောင်း သိရှိရပါသည်။

အစားအစာနှင့် ဆေးဝါးများနည်းတူ ရေသန့်နှင့် ပတ်သက်သည့်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပြည်သူအများစုသည် ရှေးယခင်က ရေကိုကျိုချက်၍သောက်သုံးကြသော်လည်း ယနေ့အချိန်အခါတွင် တိုးတက်ပြောင်းလဲလာသော လူနေမှုစနစ်နှင့်အညီ ရေသန့်များကို ဝယ်ယူသောက်သုံးသည့် အလေ့အထများထွန်းကားလာလေသည်။ ထိုကဲ့သို့ဝယ်ယူရာတွင်လည်း မိမိတို့နေထိုင်ရာဝန်းကျင်နှင့် နီးစပ်သည့် နေရာများ၌ ရောင်းချသည့်ဆိုင်များ၊ မိမိတို့အိမ်သို့လာရောက်ပို့ဆောင်သည့် ရေသန့်များကိုသာ သောက်သုံးနေရသဖြင့် အဆိုပါသောက်ရေသန့်များသည် အရည်အသွေးပြည့်ဝမှု ရှိ/မရှိ၊ ဘေးဥပဒ်အန္တရာယ် ရှိ/မရှိတို့ကို မသိရှိနိုင်ဘဲ သောက်သုံးနေရလေသည်။ အဆိုပါအခြေအနေတွင် အရည်အသွေး အာမခံချက်မရှိသော သောက်ရေသန့် ၇၃ မျိုးကို အများပြည်သူသိရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနမှ အသိပေးကြေညာချက် ထုတ်ပြန်ခဲ့လေသည်။ အဆိုပါကြေညာချက်တွင် ဖော်ပြပါ သောက်ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေးစိစစ်ထောက်ခံထားသည့် သောက်ရေသန့်များ မဟုတ်ပါ၍ အရည်အသွေးအာမခံချက်မရှိကြောင်း ပါရှိခဲ့သည်။ စားသုံးသူပြည်သူများမှလည်း အဆိုပါကြေညာချက်တွင် ပါရှိသည့် ရေသန့် ၇၃ မျိုးသည် FDA ၌ မှတ်ပုံတင်ထားခြင်းမရှိ၍ အရည်အသွေးအာမခံချက်မရှိဟုဆိုလျှင် ထိုရေသန့်များကို ဝယ်ယူသောက်သုံး၍ မရတော့ဘူးလား၊ ထိုရေသန့်များထဲတွင် အမှန်တကယ်အရည်အသွေးပြည့်မီသည့် ရေသန့်များမပါဝင်နိုင်ဘူးလား၊ ပါဝင်သည်ဆိုလျှင် ထိုအရည်အသွေးပြည့်မီသည့်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူးသည့် နေရာဒေသများရှိ ပြည်သူများအနေဖြင့် ဆက်လက်ဝယ်ယူသောက်သုံးခွင့်မရနိုင်တော့ဘူး လားဆိုသည်တို့ကို သိရှိလိုကြလေသည်။ ထိုကဲ့သို့ သိရှိနိုင်ရန်အတွက်လည်း သက်ဆိုင်ရာတာဝန်ရှိဌာနဆိုင်ရာများမှ အဆိုပါရေသန့် ၇၃ မျိုးထုတ်လုပ်သည့်စက်ရုံများကို အမြန်ဆုံးပြန်လည်စစ်ဆေး၍ အရည်အသွေးမီသည့် ရေသန့်များကို တရားဝင်မှတ်ပုံတင်ခိုင်းသင့်ပါသည်။ ပြီးလျှင်မည်သည့် အမှတ်တံဆိပ်များသည် သောက်သုံးရန် သင့်သည်၊ မည်သည့်အမှတ်တံဆိပ်များသည် အမှန်တကယ်သောက်သုံးရန်မသင့်တို့ကို ထပ်မံထုတ်ပြန်ပေးရန် လိုလားလျက်ရှိပေသည်။ ထို့အပြင် FDA ၌ မှတ်ပုံတင်ထားပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော ရေသန့်များကိုလည်း ဝယ်ယူသောက်သုံးသူများ အစဉ်အမြဲယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ရန်အတွက် အလျဉ်းသင့်သလိုစစ်ဆေးခြင်း၊ စစ်ဆေးရာတွင် သောက်သုံးရန်မသင့်သည့် အမှတ်တံဆိပ်များ တွေ့ရှိပါက FDA ၌ မှတ်ပုံတင်ထားသော်လည်း မည်သည့်အမှတ် တံဆိပ်များသည် သောက်သုံးရန်မသင့်ကြောင်းတို့ကို ပြည်သူလူထုအား အသိပေးကြေညာပေးစေလိုသည့် ဆန္ဒများရှိနေကြပေသည်။

စားသုံးသူပြည်သူများ မဖြစ်မနေဝယ်ယူသုံးစွဲရမည့် စားသောက်ကုန်၊ ဆေးဝါး၊ ရေတို့ အရည်အသွေးပြည့်မီပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စားသုံးသူပြည်သူများ၏ လိုလားချက်ကို ဖြည့်ဆည်း ပေးနိုင်ရန်လိုအပ်သလို ထိုသို့ဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းသာမက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို တာဝန်ယူဆောင်ရွက်နေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများမှ မိမိတို့ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များကို အပြည့်အဝ လုပ်ဆောင်ပေးရန် လိုအပ်သကဲ့သို့ အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးအသင်းများ၊ စားသုံးသူပြည်သူများအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါက မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော စားသုံးသူပြည်သူအားလုံး သက်ရှည်ကျန်းမာစွာသက်တမ်းစေ့နေထိုင်သွားနိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

**မောင်မျိုးချစ်**

# စားသုံးသူများလုံခြုံစိတ်ချရမှုရှိသည့်ထုတ်ကုန် အခွင့်အလမ်းများရရှိရန် နိုင်ဂျီးရီးယားနိုင်ငံတွင်ဆောင်ရွက်

Diabetes Association of Nigeria (DAN)၏အဆိုအရ နိုင်ဂျီးရီးယားနိုင်ငံသည်အာဖရိကတိုက် ရှိ နိုင်ငံများအတွင်း ဆီးချိုရောဂါအများဆုံးဖြစ်ပွားလျက်ရှိသည့်နိုင်ငံဖြစ်ကြောင်း၊ World Health Organization နှင့် International Federation of Diabetes တို့၏အဆိုအရ နိုင်ဂျီးရီးယားနိုင်ငံတွင် အဝလွန်ကဲသည့် လူဦးရေသည် မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။ ထိုသို့ဖြစ်ပွားရခြင်း၏အကြောင်းရင်းတစ်ရပ်မှာ နိုင်ဂျီးရီးယားနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ ဟောပြောဆွေးနွေးမှုများကို မီဒီယာများနှင့် ဘာသာရေး အသင်းအဖွဲ့များမှ အများအပြား လုပ်ဆောင်ကြသဖြင့် နိုင်ဂျီးရီးယန်းလူမျိုးများသည် ကျန်းမာစွာနေထိုင်နိုင်ရန် သတင်းအချက်အလက်များစွာ ရရှိကြသော်လည်း ၎င်းတို့အနေဖြင့် လက်တွေ့ကျင့်သုံးမှုမရှိခြင်း သို့မဟုတ် သတင်းကြားသိရပြီး သီတင်းပတ်အနည်းငယ်ခန့် သာလိုက်နာကျင့်သုံးပြီးနောက် မူလနေထိုင်မှုပုံစံများအတိုင်းသာနေထိုင်ကြခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့ခေတ်တွင် လူများရောဂါဖြစ်ပွားနေရခြင်းမှာ ဘဝတွင်ကျန်းမာစွာနေထိုင်သည့်နည်းလမ်းများကို လိုက်နာကျင့်သုံးမှုမရှိကြခြင်းကြောင့်ဖြစ်ပါသည်။

နိုင်ဂျီးရီးယားနိုင်ငံအစိုးရသည် ပြည်သူများကျန်းမာစွာနေထိုင်နိုင်စေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံတွင်းမှ ထုတ်ကုန်များအားလုံး၏ စံချိန်စံညွှန်းများကို ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏စစ်ဆေးမှုကို ခံယူစေပါသည်။ အထူးသဖြင့် လူတို့သည် သတင်းအချက်အလက်များကို မရရှိကြသဖြင့် ဘဝတွင် နစ်နာဆုံးရှုံးမှုများကို တွေ့ကြုံခံစားနေကြရပါသည်။ ထို့ပြင် လူအချို့မှာ သတင်းအချက်အလက်ရယူခြင်းသည် ကောင်းမွန်ကြောင်း ကိုသိရှိသော်လည်း လိုက်နာရန် အားနည်းလေ့ရှိကြသည်။ ဥပမာအားဖြင့်- လူသားများအနေဖြင့် အနောက်တိုင်း အစားအစာများကို စားသုံးလိုကြသော်လည်း ၎င်းတို့ ခန္ဓာကိုယ်မှ လိုအပ်သည့် ကယ်လိုရီပမာဏကိုမူ ဖတ်ရှု လိုက်နာမှု မပြုလုပ်လိုကြပေ။

ကမ္ဘာပေါ်တွင် အပြည်ပြည်ဆိုင်ရာ စားသုံးသူကာကွယ်ရေးအခွင့်အလမ်းနေ့ကို ပြုလုပ်ကျင်းပပြီး စားသုံးသူများအားလုံးအား ၎င်းတို့အခွင့်အလမ်းများကို သိရှိလိုက်နာရန် သတိပေးလျက်ရှိပါသည်။ စားသုံးသူဆိုင်ရာ အခွင့်အလမ်းများမှာ အခြေခံလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ကျေနပ်နှစ်သိမ့်မှုရှိခြင်း၊ လုံခြုံစိတ်ချရမှုရှိခြင်း၊ သတင်း အချက်အလက်များရရှိခြင်း၊ ရွေးချယ်နိုင်သည့်အခွင့်အလမ်းရရှိခြင်း၊ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပါက အရေးဆိုနိုင်သည့်အခွင့်အလမ်းရရှိခြင်း၊ စားသုံးသူပညာပေးမှုဆိုင်ရာ အခွင့်အလမ်းရရှိခြင်း၊ ကိုယ်စားပြုပြောဆိုလုပ်ဆောင်နိုင်သည့်အခွင့်အလမ်းရရှိခြင်းနှင့် ကျန်းမာသော ပတ်ဝန်းကျင်တွင်နေထိုင်နိုင်သည့် အခွင့်အလမ်းရရှိခြင်းတို့ ဖြစ်ကြပါသည်။ အဆိုပါအခွင့်အလမ်းများသည် စားသုံးသူများအနေဖြင့် ရယူတောင်းဆိုသင့်သော အခွင့်အလမ်းများဖြစ်ကြပြီး ၎င်းတို့ဝယ်ယူသော သို့မဟုတ် စားသုံးသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ တိုင်တန်းအရေးဆိုနိုင်ကြပါသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် အစိုးရဌာနအဖွဲ့အစည်းဖြစ်သည့် စားသုံးသူကာကွယ်ရေးကောင်စီသည် စားသုံးသူတိုင်တန်းမှုများအတွက် လျင်မြန်စွာဖြေရှင်းပေးခြင်း၊ ဈေးကွက်မှ အန္တရာယ်ရှိသောထုတ်ကုန်များကို ဖယ်ရှားခြင်း၊ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်သောစားသုံးသူများအတွက် သက်ဆိုင်ရာကုမ္ပဏီမှ အကာအကွယ်ပေးခြင်း၊ လျော်ကြေးပေးစေခြင်းနှင့် ကုစားမှုများကိုရရှိစေခြင်း၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန် သင့်လျော်သောနည်းလမ်းများကို ကျင့်သုံးခြင်းနှင့် စားသုံးသူများအား အခွင့်အလမ်းများကို တောင်းဆိုရယူနိုင်စေရန် ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စားသုံးသူများအနေဖြင့် ထုတ်ကုန်များဝယ်ယူရာတွင် ပါဝင်သည့်အမယ်များကို ရေးသားဖော်ပြထားသည့် တံဆိပ်အမှတ်အသားများ (labels) ကို စစ်ဆေးရန်လိုအပ်ပါသည်။ အစားအသောက်များကို ဝယ်ယူစားသုံးရာတွင်လည်း စားသုံးသူများအနေဖြင့် မိမိနှင့်သင့်တော်မည့် စားသုံးရန်သင့်သော အစားအသောက်များကို ချင့်ချိန်၍ စားသုံးသင့်ပါသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် နိုင်ဂျီးရီးယားစံချိန်စံညွှန်းအဖွဲ့အစည်းနှင့် အမျိုးသားအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးအဖွဲ့အစည်းတို့မှ ထုတ်ကုန်များအား သင့်လျော်မှန်ကန်သော စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် စံချိန်စံညွှန်းများကို သတ်မှတ်ပေးသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများအား ထုတ်ကုန်များတွင်ပါဝင်သော အမယ်များကို ဖော်ပြစေခြင်းဖြင့် စားသုံးသူများအတွက် ထုတ်ကုန်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# မကွေးမြို့ကန်သာဈေးကြီးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ နေပြည်တော်ရုံးချုပ်၏ ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီးအတွင်းရှိကျောင်းများ ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို အပတ်စဉ် ကျင်းပလျက်ရှိရာ ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းက မကွေးမြို့ ကန်သာရပ်ကွက် ကန်သာဈေးကြီးတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ဈေးသူဈေးသား ၅၃ ဦး၊ ဈေးကော်မတီဝင်ရှစ်ဦး၊ မြို့နယ်စည်ပင် သာယာမှ ဝန်ထမ်း သုံးဦး၊ စားသုံးသူရေးရာဌာနမှ ဝန်ထမ်းခြောက်ဦး စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝမ်းမောင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဌာန ဖြစ်ပေါ်လာပုံနှင့် သမိုင်းအကျဉ်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာဌာန၏ လုပ်ငန်းနှင့်တာဝန်များ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများ စသည့် သိမှတ်ဖွယ်ရာများ ဆွေးနွေးပြီးနောက် ဓာတုဆေးဝါးအကူအညီများနှင့် ထုတ်လုပ်ရောင်းချလျက်ရှိသော ပဲဆီအတု၊ နှမ်းဆီအတု၊ နို့မှုန့်၊ ပဲမှုန့်၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်အတုများအကြောင်း၊ အရောင်ဆိုးဆေးများ အသုံးပြုထားသော မျှစ်၊ ငရုပ်သီးမှုန့်၊ ငပိများအကြောင်း၊ ကလေးငယ်များကို ဆွဲဆောင်လျက်ရှိသော မုန့်ပဲသွားရေစာများနှင့် အချိုရည်များ၏ အန္တရာယ်သိကောင်းစရာများအကြောင်း၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံများတွင် အသုံးပြုလျက်ရှိသော ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့၏ အန္တရာယ်ရှိပုံအကြောင်းနှင့် အဆိုပါအစားအသောက်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊စားသောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အသေအချာစစ်ဆေးပြီးမှ သတိပြုဝယ်ယူစားသုံးရန်တို့ကို ဆွေးနွေးပြီး မကွေးတိုင်းဒေသကြီးအတွင်းတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ၎င်းအောက်တွင် စားသုံး သူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့များ ဖွဲ့စည်းလျက်ရှိကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် ကန်သာဈေးအတွင်းရှိ ဆိုင်ခန်းပေါင်း ၂၉၄ ခန်း၊ ပျံကျဈေးသည် ၁၅၀၀ ခန့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟင်းသီးဟင်းရွက် ရောင်းချလျက်ရှိသော ပျံကျဈေးတန်း၊ သားငါးဈေးတန်း၊ ငါးခြောက်ဆိုင်များ၊ အချိုရည်နှင့် မုန့်များ ရောင်းချလျက်ရှိသော မုန့်ဆိုင်တန်းတို့တွင် အရောင်ဆိုးဆေးများ၊ ယင်မနားဆေးများ၊ ပိုးသတ်ဆေးများကို အစားအသောက်များတွင် အသုံးပြုကြသည့်အတွက် ရောဂါများဖြစ်ပွားကြပုံ၊ အန္တရာယ်ကြီးမားပုံတို့ကို ရှင်းပြပြီး လက်ကမ်းစာစောင်များ၊ ပိုစတာများ ဝေငှခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းထွန်း(စားသုံးသူ)မကွေး**

# မကွေးတိုင်းဒေသကြီးရဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအသိပညာပေး ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲကျင်းပ

မတ်လ ၂၄ ရက်က မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမမှာ "ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ကုန်စည်များပြပွဲနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အသိပညာပေး ဆွေးနွေးပွဲအခမ်းအနား"ကို မြို့တော်ခန်းမရဲ့ရှေ့ မင်္ဂလာမုခ်ဦးမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ဖွင့်ပွဲမှာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးမြင့်စိုး၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးထွန်းဆိုင် တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အခမ်းအနားဖွင့်လှစ်ပြီးနောက် ကုန်စည်ပြပွဲများ လိုက်လံကြည့်ရှုအားပေးပါတယ်။

မကွေးမြို့ "ရွှေထနောင်းစိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီလီမိတက်" ပြခန်းမှာ မြေပဲစိုက်ပျိုး ရိတ်သိမ်းချွေလှေ့စက်နှင့်အတူ အညာဒေသရဲ့ ဆီအိုးကြီးလို့ တင်စားခံရတဲ့ မြေပဲ၊ နှမ်းနဲ့ ပဲမျိုးစုံပြခန်း၊ မင်းဘူး (စကု) မြို့နယ်မှ "စွမ်းအင်လောင်စာချွေတာကာ သစ်တောများကို ထိန်းသိမ်းပါ" "ထင်းလောင်စာ ၄၀ ရာခိုင်နှုန်းသက်သာသော A 1 ထင်းမီးဖိုသုံးစွဲပါ" "မြန်မာပြည်တစ်ဝန်းစိမ်းလန်းအောင် A 1 မီးဖိုဆောင်" ဆိုတဲ့ ဆောင်ပုဒ်များဖြင့် A 1 မီးဖိုအရောင်းပြခန်း၊ "ထွန်းရွှေဝါ" တိုင်းရင်းဆေးပြခန်း၊ မန္တလေးမှ "ရွှေကံ့ကော်၊ အင်ကြင်းစိမ်း၊ ဂန္ဓမာ" အထူးချုပ်မြန်မာဖိနပ်များပြခန်း၊ နတ်မောက်မြို့နယ်၊ တောင်ထောင့်ရက်ကန်း ကုန်ထုတ်သမအသင်းမှ ချည်သားစစ်စစ်ဖြင့်ရက်ကာ ချုပ်လုပ်ထားသော ကျားဝတ်၊ မဝတ် (အင်္ကျီ၊ လုံချည်)၊ ပဝါ၊ တဘက်၊ စောင်ပြခန်း၊ မကျီးကုန်းကြီး "နှီးဝါးကုန်ထုတ်လုပ်သမဝါယမအသင်း"မှ ဖျာ၊ ခြင်းတောင်း၊ ဆန်ကော၊ ဆန်ကာ၊ အုပ်ဆောင်း၊ ယိုင်စသည့်ပြခန်း၊ တောင်တွင်းကြီးမြို့နယ်မှ "ပြည့်ဖြိုးအောင်" ရောင်းဝယ်ရေးသမအသင်းမှ ပဲကြော်၊ ပဲလှော်ပြခန်း၊ မင်းဘူးမှ "ဆန်းသစ်သာယာ နှင့် လယ်ထွေအိုး ကုန်ထုတ်သမဝါယမအသင်းမှ" မှ မြေဖြင့်ပြုလုပ်သော ရေအိုးများပြခန်း၊ ရေစကြိုမြို့နယ်မှ မြန်မာ့သနပ်ခါး (ရှင်မတောင်) စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းရဲ့ သနပ်ခါးပြခန်း၊ ပွင့်ဖြူမြို့နယ်မှ တောင်း၊ ဆန်ကော၊ ဆန်ကာ၊ ကြိမ်မျိုးစုံပြခန်း၊ ချောက်မြို့နယ်မှ နာမည်ကြီး စလေဆီးသီးရဲ့ ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်ပြခန်း၊ အောင်လံမြို့နယ်မှ ဒေသထွက် နာမည်ကျော်၊ မလိုင်လုံး၊ မလိုင်ခဲပြခန်း၊ ပခုက္ကူမြို့နယ်မှ ထွက်ရှိသော ပဲမျိုးစုံ၊ ထန်းလျက်၊ မန်ကျည်း၊ ကြက်သွန်နီ၊ ဖြူ ဆီးသီးပြခန်း၊ သဇင်ကျေးရွာမှ ထုတ်လုပ်သော ကြိမ်၊ ဝါးဖြင့်ပြုလုပ်သော ကြိမ်ထည်ပစ္စည်းများပြခန်း၊ ချိုက်ကျေးရွာမှ ထုတ်လုပ်သော လူသုံးကုန် ဓါး၊ ကပ်ကျေး၊ ကွမ်းညှပ်၊ မီးညှပ်ပြခန်းစသည်ဖြင့် ပြခန်းများ စုံလင်စွာ ပြသရောင်းချ နေမှုကို လှည့်လည်စစ်ဆေးကြည့်ရှု အားပေးကြပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးစီးကျင်းပသော အခမ်းအနားဖြစ်သည်နှင့်ညီစွာ "စီးပွားကူးသန်း ရှေ့သို့လှမ်း" "နိုင်ငံစီးပွားတိုးတက်ရန် ကုန်သွယ်မှုကို အခြေခံ" ဆိုသော ဆောင်ပုဒ်များနှင့်အညီ မကွေးတိုင်းဒေသကြီးမှ ပြည်ပပို့ကုန်အလားအလာရှိသော ကုန်ပစ္စည်းများ ကျေးလက်ဒေသ အသေးစား ထုတ်ကုန်များစသည်ဖြင့်စုံလင်အောင်ပြသထားတာကိုတွေ့ရပါတယ်။

ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီးနောက် "ကုန်သွယ်မှုမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲ" အခမ်းအနားကို ဆက်လက်ကျင်းပပါတယ်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်းမှ အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက အမှာစကားပြောကြားကာ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဦးထွန်းဆိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပါတယ်။

ဆက်လက်ပြီး ဦးသိန်းမြင့်ဝေက "အာဆီယံစီးပွားရေးအသိုက်အဝန်း"၊ ဒေါက်တာစပယ်ကြည်မောင်က "ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေ"၊ ဦးနေဆန်းက "ကုန်သွယ်မှုနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း" ဒေါ်စုမြတ်နိုင်က "စားသုံးသူ အကာအကွယ် အကြောင်း သိကောင်းစရာ"များဖြင့် ဆွေးနွေးကြကြောင်း သိရပါတယ်။

**မြင့်ဦး-ပခုက္ကူ**

# မကွေးမြို့တွင် အိမ်တွင်းစက်မှု လုပ်ငန်းဆီစက်ကလေးများတွင်ကျယ်လာ

မကွေးမြို့နယ်၏ အဓိကထွက်ကုန်ဆီထွက်သီးနှံအပေါ် အခြေပြု၍ ပုဂ္ဂလိက ဆီစက်များနှင့် မကွေးတိုင်းဒေသကြီးသမဝါယမအသင်းစုမှ တစ်ရက် တန် ၃၀ ကျ ဆီစက်မှလည်း နေ့စဉ်လည်ပတ်လျက်ရှိသလို အိမ်တွင်း စက်မှုလုပ်ငန်းတစ်ပိုင်တစ်နိုင်ဆီစက် ကလေးများနှင့် လျှပ်စစ်မီးရသော ကျေးလက်များလည်း ဆီစက်အသေးစားလုပ်ငန်းကလေးများ ထူထောင်လျက်ရှိကြောင်း သိရသည်။

"အခုကျွန်တော်သုံးတဲ့စက်က အထက်မင်းလှကလုပ်တဲ့စက်ပါ။ တစ်တင်းဆန့်ပါ။ မြေပဲဆန်အကြိတ်များပါတယ်။ ပဲတစ်တင်းကို ဆီ ခြောက်ပိဿာထွက်တယ်။ ခုနှမ်းဈေးကျသွားလို့ နှမ်းလည်းကြိတ်နေပါပြီ။ နှမ်းတစ်တင်းကို နှမ်းဆီ ခုနစ်ပိဿာခန့် ထွက်တယ်။ ဒီနေ့စားသုံးဆီဈေးကွက်မှာ ပဲဆီတစ်ပိဿာ ၄၀၀၀ိ၊ နှမ်းဆီ ၅၀၀၀ိ ဈေးရှိပါတယ်။ တစ်နေ့ ၁၀ တင်းလောက်ကြိတ်နိုင်ပါတယ်။ ကျွန်တော်တို့ဆီစက်ကလေးများရဲ့ ရောင်းအားကတော့ အိမ်စားလက်လီသမားတွေများပါတယ်။ လက်ကားဖောက်သည်ကရှားပါတယ်။ လက်ဆောင်ပေးတဲ့လူနဲ့ အိမ်စားဖို့ဝယ်တဲ့လူများတယ်။ ငါးပိဿာဝယ်ရင် အိမ်အရောက်ပို့ပေးတဲ့ ဝန်ဆောင်မှုပေးပါတယ်" ဟု မကွေးမြို့အောင်ဇေယျာ ရပ်ကွက်မှ အိမ်တွင်းဆီစက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ အိမ်တွင်းစက်မှုလုပ်ငန်းသုံးဆီစက်တစ်လုံး၏ တန်ဖိုးမှာ ၁၈ သိန်းဟု ဆိုသည်။ ယခုအခါ မကွေးမြို့တွင် လျှပ်စစ်မီးပြတ်တောက်မှုမရှိသောကြောင့် အိမ်တွင်းစက်မှုလုပ်ငန်းသုံးဆီစက်ကလေးများအဆင်ပြေကြသည်။

"ကျွန်တော့်စက်ကတော့ ပဲ၊ နှမ်း၊ နဝလီလည်း ကြိတ်ပေးတယ်။ နှမ်းဖတ် ပြန်ပေးပြီး တစ်ပိဿာ ၁၂၅ ကျပ် ကြိတ်ခယူတယ်။ ပဲတစ်တင်းကို ပဲဖတ် ရှစ်ပိဿာထွက်တယ်။ နှမ်းဆိုရင် ခုနစ်ပိဿာထွက်တယ်။ နှမ်းဖတ်၊ ပဲဖတ်တွေစုထားပြီး အချိန်လေးငါးရာရှိရင် ဆီစက်ကြီးတွေကို ပြန်သွင်းတယ်။ ကျွန်တော်တို့မှာ လှောင်မထားနိုင်ဘူး။ ပဲဖတ်တစ်ပိဿာ ၁၀၀၀ိ၊ နှမ်းဖတ် တစ်ပိဿာ ၁၁၀ိ နဲ့ မွေးမြူရေးသမားတွေ လာဝယ်တဲ့အခါ လက်လီပြန်ရောင်းတယ်။ ပါဝါမီတာသုံးတာ တစ်လ ၆၀၀၀ိ လောက်ဆောင်ရတယ်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် နိုင်ငံတော်က အတိုးနှုန်းသက်သာတဲ့ချေးငွေရရင် ကျွန်တော်အိမ်တွင်းဆီစက်ကလေးများ ပိုပြီး အဆင်ပြေနိုင်တာပေါ့" ဟုသူက ဆက်ပြောသည်။

ယခုအခါစားသုံးသူများနှင့် တိုက်ရိုက်ထိတွေ့သော အိမ်တွင်းဆီစက်ကလေးများသည် အရောအနှောမရှိဘဲ ဆီကောင်းဆီသန့်များဖြစ်သဖြင့် တိုက်ရိုက်ဝယ်ယူစားသုံးမှုများလာကာ လုပ်ငန်းတွင်ကျယ်ဖွံ့ဖြိုးနေကြောင်း သိရသည်။

**နေလင်းသူရိန်**

➲ စာမျက်နှာ ၂၃ - ယခုတစ်ပတ်အတွက်. . . မှ အဆက်

**ပုံ-၇။ ရွှေလီ(Ruili)ပဲတီစိမ်းအကြီးထိပ်စ အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၃ မှ ၂၀၁၅)**




ဇာစ်မြစ်။ www.etrademyanmar.net

**၂၀၁၄ ခုနှစ် အတွင်းအမြင့်ဆုံးဖြစ်သော** (peak level) **ဈေးနှင့် ၂၀၁၅ ခုနှစ် လက်ရှိအခြေအနေနှိုင်းယှဉ်ခြင်း။** ၂၀၁၄ ခုနှစ်အတွင်း မန္တလေး ပဲတီစိမ်းအကြီးထိပ်စ အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော(peak level) ဈေးမှာ တစ်တန်ကို ကန်ဒေါ်လာ ၁၃၂၉ ဖြစ်သည်။ ၂၀၁၅ ခုနှစ်လက်ရှိအခြေအနေအရ မန္တလေး ပဲတီစိမ်းအကြီး ထိပ်စ တစ်တန်ကို ကန်ဒေါ်လာ ၉၅၄ ဖြစ်သည်။ လက်ရှိအခြေအနေသည် ၂၀၁၄ ခုနှစ် အတွင်း အမြင့်ဆုံးဖြစ်သော (peak level) ဈေးအောက် ၂၈ ရာခိုင်နှုန်းဈေးလျှော့နည်းသည့် အခြေအနေဖြစ်သည်။

ရွှေလီတွင် ၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ပေါ်ခဲ့သော (peak level) ဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၁၅၃၈ ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် လက်ရှိ အခြေအနေအရ ရွှေလီပဲတီစိမ်းအကြီးထိပ်စ တစ်တန်ကို ကန်ဒေါ်လာ ၁၃၃၅ ဖြစ်သည်။ လက်ရှိအခြေအနေသည် ၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ပေါ်ခဲ့သော (peak level) ဈေးနှင့် နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်းဈေးလျှော့နည်းသည့် အခြေအနေဖြစ်သည်။ ပုံ-၆ နှင့် ပုံ-၇ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ လမ်းသန့် | (၉၀၀)စ/ပေ | (၅)လွှာအခန်းဖွဲ့ | ၇၅၀ သိန်း | | ၀၁/၅၆၃၀၇၀ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅×၄၅)ပေ | (၂)လွှာ | ၉၉၀ သိန်း | | ၀၉/၂၅၀/၃၇၂၀၅၈ |
| ၃။ | တိုက်ခန်း | လသာမြို့နယ်၊ လသာလမ်း | (၂၅×၆၀)ပေ | (၃)လွှာ | ၇ သိန်း | တစ်လအငှားနှုန်း | ၀၉/၂၅၀/၃၇၂၀၅၈ |
| ၄။ | ကွန်ဒိုတိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | (၁၁၀၀)စ/ပေ | (၇)လွှာ | ၁၄၀၀ သိန်း | (၇၀%)ပြီးစီး | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၁၅၀၀)စ/ပေ | BN (၁)ထပ် | ၂၆၀၀ သိန်း | မြေပိုပါ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၆။ | လုံးချင်းအိမ် | တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာ | (၂၄၀၀)စ/ပေ | RC (၂)ထပ် | ၆၈၀၀ သိန်း | အသင့်နေ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၇။ | ကွန်ဒိုခန်း | ယောက်လမ်း၊ ကွန်ဒို | (၁၂၅)စ/ပေ | ပြင်ဆင်ပြီး(၆)လွှာ | ၁၈ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | မန္တလေးမြို့(၂၉)လမ်း၊ (၈၁)အနီး | (၁၂၅၀)စ/ပေ | RC (၂)ထပ် | ၁၈၀၀၀ သိန်း | နေရာကောင်း | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ပြည်တော်သာ(၄)လမ်း | (၁၅၀၀)စ/ပေ | RC (၁)ထပ် | ၁၂၅၀ သိန်း | နေရာကောင်း | ၀၉/၅၁/၁၇၂၆၂ |
| ၁၀။ | မြေ | ပြင်ဦးလွင်မြို့ ညောင်နီရွာအလွန် | ၁ ဧက | စိုက်ပျိုးမြေ | ၁၀၀ သိန်း | ကော်ဖီစိုက်ပျိုးပင်ပါပြီး | ၀၉/၅၁/၁၇၂၆၂ |

# ကားတာယာမှ ထုတ်လုပ်သော ပစ္စည်းများ ကျေးလက်ဒေသများတွင် အသုံးများလာ

မကွေးမြို့ မြင်သာရပ်ကွက် ၂၁ လမ်းတွင် ကားတာယာမှထုတ်လုပ်သော အိမ်သုံးပစ္စည်းများ၊ လက်ဆွဲရေပုံး၊ ရေထည့်ဇလားခွက်နှင့် ကျောက်သယ်ဇလားများကို ကျွမ်းကျင်လုပ်သားများဖြင့် ဈေးကွက်တွင်ကျယ်စွာထုတ်လုပ်ရောင်းချနေကြောင်း သိရသည်။

"လက်ဆွဲရေပုံးကတော့ အကြီး အသေး ဆိုဒ်အမျိုးမျိုးလုပ်တယ်။ ဈေးက ကျပ် ၁၀၀၀-၁၅၀၀-၂၀၀၀ အထိရှိတယ်။ လက်လီဈေးပေါ့။ ရေထည့်ဇလားကလည်း အကြီးအသေး ဆိုဒ်အမျိုးမျိုးပေါ့။ အကြီးဆုံးက အဝအကျယ် ၂၀ လက်မ၊ အမြင့် ၁၂ လက်မရှိတယ်။ ဈေးကတော့အကြီးအသေးပေါ်မူတည်ပြီး ကျပ် ၁၅၀၀-၃၀၀၀ အထိရှိတယ်။ နောက်ရှိသေးတာက ကျောက်သယ်ပုံး၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ကျောက်သယ်ကြတာ၊ သူက အကြမ်းသုံးဆိုတော့ ခိုင်ခန့်အောင် "နပ်" စုပ် ပေးရတယ်။

တစ်ပုံး ကျပ် ၁၇၀၀-၂၀၀၀ ရှိတယ်။ အရင်ကတာယာဖိနပ်လုပ်တယ်။ ခုတာယာဖိနပ်ခေတ်ပျောက်သွားပြီး ခုချိန် အဲဒီပစ္စည်းတွေကို နတ်မောက်၊ တောင်တွင်း၊ မြို့သစ်၊ ပျော်ဘွယ်၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ မင်းတုန်း၊ စေတုတ္တရာ၊ ငဖဲအထိဈေးကွက် ပျံ့နှံ့တယ်။ အဲဒီက လက်ကားကုန်သည်တွေကားတွေနဲ့ သယ်ကြတယ်။ ဒီပစ္စည်းတွေကို ကျေးလက်ဒေသတွေက အသုံးများကြတယ်။ မြို့ပြကတော့အသုံးပြုမှု အလွန်နည်းပါတယ်" ဟုလုပ်ငန်းရှင်ကပြောသည်။

အဆိုပါပစ္စည်းများထုတ်လုပ်ရာ တွင် နိုင်လွန်တာယာနှင့် စတီးလ်တာယာကို သုံးကြသည်။ စတီးလ်တာယာကိုသားရေဖိနပ်များပြုလုပ်ရာတွင် အောက်ခံအဖြစ်အသုံးပြုသည်။ နိုင်လွန်တာယာမှာ လက်ဆွဲရေပုံး၊ ရေထည့်ဇလားအဖြစ်ပြုလုပ်ရာတွင် အသုံးပြုသည်။ ကုန်ကြမ်းတန်ဖိုးမှာ နိုင်လွန်တာယာအဟောင်း တစ်လုံး ကျပ် ၄၀၀၀၊ စတီးတာယာအဟောင်း ကျပ် ၂၅၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

"ဒီအလုပ်က လုပ်ငန်းလှိုင်လာတဲ့အခါ ကုန်ကြမ်းရှားသွားတယ်။ ဒီနှစ်ကတော့ လုပ်ပြီးတဲ့ပစ္စည်းလှောင်တာမရှိဘူး။ ချက်ချင်းကုန်တယ်။ အထူးသဖြင့် နွားစာထည့်ကျွေးတဲ့ဇလားနဲ့ ရေပုံးက အရောင်းရဆုံးပဲ။ ယမန်နှစ်ကတော့ လုပ်ပြီးသားပစ္စည်းတွေ လှောင်ထားတဲ့ အခြေအနေရောက်ခဲ့တယ်။ အလုပ်ရုံမှာ နေ့စဉ်ကျွမ်းကျင်လုပ်သား ၁၀ ဦးလောက်ရှိပါတယ်။ လုပ်ခကတော့ အလုပ်ပြီးစီးမှုအပေါ် မူတည်ပြီး ၄၀၀၀ိ- ၅၀၀၀ိ ရကြပါတယ်" ဟု ကားတာယာလုပ်ငန်းရှင်က ပြောသည်။

**နေလင်းသူရိန်**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာဗင် (2000) | 9 I | ၁၁၀ သိန်း | (၁.၅ ဓာတ်ဆီ) |
| ၂။ | ကလူဂျာ (2002) | ယာယီ | ၂၂၀ သိန်း | (၂.၄ ဓာတ်ဆီ) |
| ၃။ | ရက်ဖိုး (2001) | ယာယီ | ၁၆၅ သိန်း | (၁.၈ ဓာတ်ဆီ) |
| ၄။ | စီအာဗွီ (2002) | ယာယီ | ၁၆၀ သိန်း | (၁.၈ ဓာတ်ဆီ) |
| ၅။ | ဘယ်လ်တာ (2009) | ယာယီ | ၁၂၅ သိန်း | (၁.၃ဓာတ်ဆီ)ကားသန့် |
| ၆။ | အာလ်ဖတ် (2003) | ယာယီ | ၂၂၀ သိန်း | (၂.၄ ဓာတ်ဆီ) |
| ၇။ | နွတ် (NOAH) (2003) | 9 G | ၁၄၀ သိန်း | (၁.၈ ဓာတ်ဆီ) |
| ၈။ | တောင်းအွေ့စ် (2006) | ယာယီ | ၁၅၅ သိန်း | ဒီဇယ် |
| ၉။ | ခွေးဘီလူး | ယာယီ | ၅၅ သိန်း | |

SN

ကလေးကျန်းမာရေး

# ဆီးနှင့်ပတ်သက်တဲ့ ပြဿနာများ

ဒေါက်တာလွင်သန့်

**အိပ်ရာထဲ ဆီးသွားခြင်း။** အကြောင်းအမျိုးမျိုးကြောင့်ဖြစ်တယ်။အချို့ကလေးရဲ့ ကိုယ်တွင်းရောဂါရှိလို့ သေးပါတယ်။ အချို့ကလေးစိတ်ဆတ်မှု၊ စိတ်ကြီးမှု၊ ဒေါသကြီးမှုက ဆီးပါတတ်တယ်။ အချို့ကလေးများ သူ့အသက်ထက်ငယ်တဲ့ ကလေး၊ အသက်နှင့် လိုက်မကြီးတဲ့စိတ်၊ စီပီကလေး၊ ဦးနှောက်မပြည့်ကလေးများ၊ သေးပါတတ်ကြတယ်။

**အကျင့်။** အသက်တစ်နှစ်အောက် ကလေးတစ်ယောက်ဟာ အိပ်ရာထဲဆီးသွားရင်၊ မိဘက ညလယ် ၁၂နာရီ၊ မနက်နှစ်နာရီလောက် ဆီးတည်ပေးရင်၊ ကလေးအကျင့်ဖြစ်ပြီး၊ အိပ်ရာထဲ ဆီးမပါတော့ဘူး။ ကလေးရဲ့အသိစိတ်က အသက်ရွယ်နဲ့လိုက်ပြီး မကြီးရင် တစ်သက်လုံး မိဘအပေါ် မှီခိုတဲ့ရောဂါ စီပီ၊ မွန်ဂိုကလေး၊ ဒေါင်းကလေး (Cerebral pusly, Monglora, Down's Syndrene) စတာတွေမှာ တိုးတက်မှုနှောင့်နှေးပေမယ့် ပုံမှန်ကလေးငယ်မှာ သင်ပေးလို့ ရပါတယ်။

**အပြောင်းအရွှေ့။** တချို့ကလေးငယ်များ အသက်သုံးနှစ်မှာ ဆီးမသွားပေမယ့် မိဘအိမ်ပြောင်းရွှေ့သွားရင် ပြောင်းတဲ့နေရပ်မှာအိပ်ရာထဲသေးပါတယ်။ တချို့ပတ်ဝန်းကျင်ပျော်ရွှင်လို့၊ တချို့ပတ်ဝန်းကျင်အသစ်ကို စိန်ခေါ်ရင်း၊ အိပ်ရာထဲသေးပါတတ်တယ်။ တချို့ကလေးများ အသက် ၈ နှစ် ၁၀ နှစ်အထိ အိပ်ရာထဲသေးပါတာကတော့ အငယ်ဆုံးဖြစ်လို့၊ အလိုလိုက်တာလည်းပါတယ်။ ညဘက်ဆီးတည်တဲ့အကျင့်လုပ်ပေးသင့်ပါတယ်။ တချို့ ပွဲလမ်းသဘင် မွေးနေ့ စသည့်ပျော်ရွှင်စရာ၊ စိတ်လှုပ်ရှားစရာကြုံရင် အိပ်ရာထဲ သေးပါတတ်တယ်။ တချို့မိခင်က နောက်တစ်ယောက်မွေးပြီး၊ မိခင်ဂရုစိုက်မှုလျော့တာ၊ ဆန္ဒပြတဲ့အနေနဲ့၊ အိပ်ရာထဲ သေးပါတတ်တယ်။

သေးပါတဲ့ကလေးများ လေ့လာရင် တမင်သက်သက်သိလျက်နဲ့ သေးပါခြင်းမဟုတ်၊ အိပ်ပျော်ရင်း စိတ်မထိန်းနိုင်လို့ သောကကြောင့် သေးပါရကြောင်းဆိုတယ်။ ကလေးအဖို့ ညအချိန်အိပ်ပျော်ချိန်မှာ စိတ်ညစ်စရာ စိတ်လှုပ်ရှားစရာ ခံစားရရင် ဆီးမထိန်းနိုင်ဖြစ်သွားတယ်။ အိမ်ကို လွမ်းတဲ့ကလေး၊ နောက်တိုးလာတဲ့ကလေးကြောင့်၊ အိပ်မက်ထဲမှာ သေးပါတာစွဲပြီး သေးပါတတ်တယ်။

**ကုသခြင်း။** ကလေးများကုသရာမှာ ကလေးရဲ့ခံစားရတဲ့ပြဿနာ ပြုပြင်ပေးဖို့လိုတယ်။ အိမ်ဟောင်း၊ နေရာဟောင်း လွမ်းတဲ့ကလေးမျိုး၊ ပတ်ဝန်းကျင်မှာ ပျော်အောင်လုပ်ပေးရမယ်။ နောက်ကလေးတိုးလာရင်လည်း၊ ကလေးအပေါ် အချစ်မလျော့ကြောင်း၊ ကလေးနားလည်အောင်ရှင်းပြရမယ်။ တမင်သက်သက်ပေါက်ထည့်တာ မဖြစ်သင့်သလို၊ ကလေးနာကျင်အောင် မဆုံးမသင့်ဘူး။ သူ့ရဲ့အတွင်းစိတ်ထဲ ထိန်းထားနိုင်အောင် အလေ့အကျင့်လုပ်ရမယ်။

အိမ်ကိုလွမ်းတဲ့ကလေးဟာ အိပ်မက်ကမ္ဘာမှာပဲ ပြန်ငယ်သွားတော့၊ မိခင်ရဲ့ချစ်မြတ်နိုးမှုခံရင်း သေးပါတယ်။ အချို့ကလေးများ မိဘမောင်ဖွားမရှိရင်၊ ကစားဖော်၊ ဆော့ဖော်မရှိရင်၊ အလိုလို စိတ်အားနည်းစိတ်အားငယ်တာ၊ အိပ်ရာထဲသေးပါတယ်။ အသက်နှစ် နှစ်ထိသေးပါရင် အသိနောက်ကျလို့၊ သည့်ထက်ရှစ်နှစ်မှာ သေးပါရင် ဆီး၊ ဝမ်းစစ်သင့်တယ်။ ဆရာဝန်နဲ့ပြသသင့် တယ်။ ကလေးရဲ့လိုအပ်ချက်တွေကို နှစ်သိမ့်ဆွေးနွေးဖြေရှင်းပေးသင့်တယ်။

**လိင်တံဖူး။** ယောကျ်ားလေးများ ၈၀ ရာခိုင်နှုန်းဟာ လိင်တံဖူးမပွင့်ရင်၊ ဆီးသွားချိန်၊ ကုန်အောင်မသွားရတော့ ကျန်တဲ့ဆီး စိတ်ပြေသွားတဲ့ ညအိပ်တဲ့ အချိန်သေးပါတယ်။ တချို့လိင်တံ ဆော့ကစားရင်၊ ဆီးပါပါတော့တယ်။ လိင်တံထိပ်ဖူးမပွင့်ရင်၊ အရေခွံလှန်၊ ခွဲစိတ်ဖို့ လိုအပ်တယ်။ ညဘက်ဆီးမသွားတဲ့ ကိစ္စသာမက လိင်အင်္ဂါသန့်ရှင်းခြင်း၊ လိင်မှတစ်ဆင့်ကူး စက်တဲ့ရောဂါက ကင်းဝေးစေလို့၊ လိင်တံထိပ်ဖူးဖြတ်သင့်ပါတယ်။

**အားကစား။** တချို့ဘောလုံးကန်ခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ အားကစား နေ့စဉ်နာရီဝက်လုပ်ပေး၊ အလေးအပေါ့ ပုံမှန်စွန့်ပစ်တဲ့အကျင့် လုပ်ပေးရင် အိပ်ယာထဲဆီးမပါတဲ့အပြင် ခန္ဓာကိုယ်တောင့်တင်းသန်မာလာတယ်။

မိန်းကလေးများ ဆီးပါရင် မောင်၊ အစ်ကိုလုပ်သူတို့နဲ့ မိခင်၊ ဖခင်အပေါ် အချစ်ပြိုင်ခြင်း၊ အယုယခံလိုစိတ်ကြောင့်ဖြစ်တယ်။ တချို့ နှစ်သိမ့်ဆွေးနွေးပေးရင်၊ အိပ်ရာထဲသေးမပါ တော့ဘူး၊ ညင်သာစွာကိုင်တွယ်တတ်ရမယ်။

# Kids Action for Kids အစီအစဉ်ဖြင့် မြန်မာနိုင်ငံရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ် ၁၄၀ ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့



Kids Action for Kids (KAFK) အစီအစဉ်ဖြင့် နိုင်ငံတကာမှ လာရောက်ခဲ့ကြသည့်ပရဟိတဆေးပညာရှင် ၆၀ တို့သည် မြန်မာနိုင်ငံ နေပြည်တော်ရှိ ကုတင် ၁၀၀၀ ဆေးရုံကြီးသို့ရောက်ရှိလာပြီး မြန်မာနိုင်ငံမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ကလေးငယ် ၁၄၀ ဦးတို့အား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ KAFK အစီအစဉ်ဖြင့် လာရောက်ခဲ့ကြသည့်ပရဟိတဆေးပညာရှင်အဖွဲ့တွင် ဘရာဇီး၊ ကနေဒါ၊ အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အမေရိကန်နှင့်ဗီယက်နမ်နိုင်ငံတို့မှ ဆေးပညာရှင်များဖြစ်ကြပြီး အများစုမှာ ထိုင်းနိုင်ငံမှ ခွဲစိတ်ဆရာဝန်များ၊ မေ့ဆေးဆရာဝန်နှင့် သူနာပြုများဖြစ်ကြကြောင်း သိရသည်။

၎င်းဆေးပညာရှင်များအား မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ဖိတ်ကြားချက်အရ မတ်လ ၁၄ရက်မှ ၂၁ ရက်အထိ ပုဂံ၊ မော်လမြိုင်၊ မကွေး၊ ဘားအံ နှင့် တောင်ငူမြို့တို့မှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာ ခံစားနေရသောကလေးငယ် ၁၄၀ ဦးကို နေပြည်တော်ကုတင် ၁၀၀၀ ဆေးရုံတွင် ခွဲစိတ်ကုသမှုများ ပြု လုပ်ပေးခဲ့သည်။

KAFK ဖောင်ဒေးရှင်းကို အသက် ၁၈နှစ်အရွယ်ရှိ လူငယ်နှစ်ဦးက ထူထောင်ထားခြင်းဖြစ်ပြီး ၂၀၀၉ခုနှစ်မှစ၍ ထိုင်းနိုင်ငံမှ ကလေးငယ်များအတွက် ရန်ပုံငွေရှာဖွေပေးကာ ယခုအခါတွင် နော်ဝေနှင့်ထိုင်းနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးပေးမှုဖြင့် မြန်မာနိုင်ငံမှ Myanmar Friendship Medical Missionကို ကူညီပေးရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကလေးငယ်တွေဟာ လူ့အဖွဲ့အစည်းကို ကြီးမားတဲ့ ပြောင်းလဲမှုတွေ ယူဆောင်လာပေးမယ့်သူတွေလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပရဟိတဆေးကုသခြင်း အလုပ်ကိုလည်း ကလေးငယ်တွေအတွက် အဓိကရည်ရွယ်ပြီး တက်ကြွစွာလုပ်ဆောင်နေတာပါ။ ရန်ပုံငွေရှာတာနဲ့ ခွဲစိတ်ကုသတာအပြင် အခုလို ကျွန်တော်တို့ရဲ့ ပရဟိတလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်တာကလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်တစ်ခုပါပဲ။ ကိုယ်လုပ်ရမယ့်အလုပ်တွေကို လက်တွေ့ကျကျဆောင်ရွက်ပြီး လူမှုအဖွဲ့အစည်းကို ဘယ်လိုအကျိုးပြုမလဲဆိုတဲ့အချက်ကိုနားလည်သဘောပေါက်ခြင်းဟာ သင့်ကိုယ်သင် ကြီးကျယ်မြင့်မြတ်တဲ့လူသားတစ်ယောက်အဖြစ် ရှုမြင်လာစေတာပါပဲ"ဟု KAFK ၏ ဥက္ကဋ္ဌဖြစ်သူ အသက် ၁၈ နှစ်အရွယ်ရှိ Anders Brekke က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာ ခံစားနေရသော ကလေးငယ်ပေါင်း ၅၀၀၀၀ ကျော်ရှိသည်ဟု ခန့်မှန်းထားပြီး စီမံကိန်းကာလငါးနှစ်အတွင်း ကလေးငယ် ၆၀၀၀ ကျော်ကို အခမဲ့ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ဆေးလိပ်သောက်သုံးသည့်မိခင်များ၏ ကလေးငယ်များ ဘဝနှောင်းပိုင်းတွင် နှလုံးရောဂါပိုမိုဖြစ်ပွားနိုင်

ဆေးလိပ်သောက်သုံးသည့်မိခင်များ၏သားသမီးများသည် ၎င်းတို့၏ဘဝနှောင်းပိုင်းတွင် နှလုံးရောဂါပိုမိုဖြစ်ပွားနိုင်ကြောင်းဖြင့် လေ့လာဆန်းစစ်ချက် တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါကလေးငယ်များသည် ငယ်ရွယ်စဉ်မှ အသက်အရွယ်ကြီးရင့်သည်အထိ ဆေးလိပ်သောက်ခြင်းမပြုသော်လည်း ဆေးလိပ်သောက်သုံးသည့်မိခင်နှင့် ငယ်ရွယ်စဉ်အချိန်က အတူနေထိုင်ခဲ့သည့်အတွက် နှလုံးရောဂါဖြစ်ပွားနိုင်ခြေမှာ အခြားသာမန်ကလေးများထက် လေးဆခန့်ပိုမိုလာနိုင်ကြောင်းဖြင့် လေ့လာသူများက တွေ့ရှိထားကြ သည်။

ထို့ကြောင့် ဆေးလိပ်သောက်သုံးသည့်မိခင်များအနေဖြင့် မိမိသားသမီးများ၊ ကလေးငယ်များ၏ ရှေ့တွင် ဆေးလိပ်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြဖို့လိုကြောင်း၊ တစ်ဆင့်ခံဆေးလိပ်သောက်သုံးခြင်းကြောင့် နှလုံးရောဂါရသည့်သူများထက်ပင် ယင်းအချက်က ပိုမိုဖြစ်ပွားနေသည့်အတွက် ဆင်ခြင်ကြဖို့လိုကြောင်းဖြင့် အဆိုပါ လေ့လာချက်တွင် ဖော်ပြထားသည်။

ဆေးလိပ်သောက်သည့်မိခင်နှင့်အတူနေထိုင်သည့် ကလေးငယ်များတွင် နှလုံးသွေးကြောကျဉ်းသည့်ရောဂါကို ငယ်ရွယ်စဉ်ကပင် ခံစားရနိုင်ပြီး အသက် ကြီးလာသည့်အခါတွင် သွေးထဲတွင် အောက်ဆီဂျင်ရရှိနိုင်မှုပမာဏ နည်းပါးလာပြီး ဦးနှောက်၊ မျက်နှာတို့တွင်လည်း သွေးကြောများထုံးခြင်း စသည့်လက္ခဏာများ ဖြစ်ပွားလာနိုင်ကြောင်း၊ ယင်းအချက်သည် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်တတ်သည့်နှလုံးရောဂါထက်ပင် ပို၍ဆိုးရွားနိုင်ကြောင်းဖြင့် အဆိုပါလေ့လာချက်တွင် ဖော်ပြထားသည်။

သုတေသီများသည် အဆိုပါရောဂါများ ခံစားနေရသည့်လူနာများကို လေ့လာခဲ့ရာတွင် လူနာစုစုပေါင်း၏ ၆၂ ရာခိုင်နှုန်းမှာ မိခင်တစ်ဦးတည်းက ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ် ပြီး ၄၃ ရာခိုင်နှုန်းမှာ မိခင်ရော ဖခင်ပါ နှစ်ဦးစလုံး ဆေးလိပ်သောက်သုံးခြင်းကြောင့်ဖြစ်ရသည်ဟု လေ့လာတွေ့ရှိခဲ့ရကြောင်းဖြင့် ဖော်ပြထားသည်။

**မယ်သီတာ**

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၃၀-၃-၂၀၁၅ မှ ၅-၄-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မည်သည့်ကိစ္စမဆို အလောတကြီး မလုပ်တတ်ပါ။ အရာရာကို နက်နက်နဲနဲတွေးတောပြီးမှလုပ်တတ်သည်။ စီးပွားရေးကိစ္စများတွင် အပြိုင်အဆိုင်အတိုက်အခံနှင့်ကြုံတွေ့ရသော်လည်း အကျိုးထိခိုက်မှုမရှိအောင်မြင်သွားတတ်ပါသည်။ ဓာတ်သတ္တုပစ္စည်း၊ ဓာတ်ငွေ့သုံးပစ္စည်းများနှင့် အောင်မြင်မှုရရှိတတ်ပါသည်။ စီးပွားရေးဝင်ငွေ အားကောင်းနေတတ်ပါသည်။ ပညာရေး အားကောင်းနေမည်။ အချစ်ရေးတွင် အဆင်မပြေမှုများရှိနေမည်။ အိမ်ထောင်ရေးတွင်တူညီလက်တွဲနေရတတ်သည်။ ကျန်းမာရေးသင့်တင့်နေမည်။ ရောဂါအထူးမရှိနိုင်ပါ။ **ယတြာ။ အုန်းစိမ်းရည်သောက်ပါ။**



**တနင်္လာသားသမီးများအတွက်** အပျော်များနေခြင်းကြောင့် စီးပွားရေးတွင် ထင်သလောက်အကျိုးဖြစ်ထွန်းမှုအားနည်းနေလိမ့်မည်။ အဖျော်ယမကာနှင့်ပတ်သက်သော စီးပွားရေးဝင်ငွေအားကောင်းနေလိမ့်မည်။ ရေယာဉ်သင်္ဘောနှင့်ပတ်သက်သော စီးပွားရေး လုပ်ငန်းများ ဥပဒ်ရှိနေတတ်သည့်အတွက်သတိရှိသင့်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင်ပျော်ရွှင်မှုများရှိနေမည်။ ကျန်းမာရေး၊ အိမ်ထောင်ရေးသင့်တင့်ကောင်းနေမည်။ ခရီးယာယီသွားလာနေရမှုရှိ မည်။ **ယတြာ။ နို့အေးသောက်ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်ကျော်စောမှုရှိနေမည်။ မင်းအစိုးရနှင့် ပတ်သက်သော စီးပွားဆက်သွယ်ရေးလုပ်ငန်း အကျိုးဖြစ်ထွန်းမှုရှိနေမည်။ ပညာဉာဏ်ထက်မြက်မှု အားကောင်းနေတတ်ပါသည်။ အချစ်ရေးတွင်တူညီပျော်ရွှင်မှုရှိမည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးအနေဖြင့် အပူကြောင့်ဖြစ်သော ဝေဒနာ၊ အပြင်းဖျားခြင်း၊ အရိုးအဆစ်နာကျင်ခြင်းတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ဆီထမင်းကို ကြက်ကြော်နှင့်စားပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဉာဏ်ရည်ဉာဏ်သွေး ကောင်းသည်နှင့်အမျှ စီးပွားရေးတွင်အောင်မြင်မှုများရရှိနေမည်။ မီဒီယာလုပ်ငန်း၊ စာအုပ်စာပေဂျာနယ်ထုတ်လုပ်မှုလုပ်ငန်းများမှ ဝင်ငွေအား ကောင်းနေတတ်ပါသည်။ ပညာရေးတွင် ထူးချွန်ထက်မြက်မှုရှိနေမည်။ အချစ်ရေးတွင်ချစ်သူ၏ငြိုငြင်မှုခံရတတ်ပါ သည်။ မိမိစီးပွားရေးနှင့်အချစ်ရေး ခွဲထားသင့်သည်။ အိမ်ထောင်ရေးတွင် စိတ်တူကိုယ်တူရှိလိမ့်မည်။ ကျန်းမာရေးတွင် အရေပြားနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ သီးစုံဖျော်ရည်သောက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ဥစ္စာစီးပွားတိုးတက်မှု အားကောင်းနေလိမ့်မည်။ စီးပွားရေးလုပ်ငန်းများတွင် ကံအကျိုးပေးမှုကို အားထားရသောထီရောင်းဝယ်ရေးလုပ်ငန်းမှ ဝင်ငွေအားကောင်းလာတတ်ပါသည်။ ပညာသင်ကြားခြင်းလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းနေလိမ့်မည်။ အချစ်ရေးတွင် ဘုရားသွားကျောင်းတက်အတူရှိနေမည်။ အိမ်ထောင်ရေးပျော်ရွှင်မှုများရှိနေမည်။ ကျန်းမာရေးတွင် မျက်စိ၊ အကြော၊ လေတို့နှင့်ပတ်သက်သောဝေဒနာခံစားရ တတ်သည်ကိုသတိရှိသင့်ပါသည်။

**ယတြာ။ နွားနို့သောက်ပါ။**



**သောကြာသားသမီးများအတွက်** လူမှုရေး၊ စီးပွားရေးများရှုပ်ထွေးနေတတ် သည်။ ရတနာပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းတို့တွင် စိတ်ပင်ပန်းမှုများနေမည်။ အလှဆင်၊ အလှပြင်လုပ်ငန်း အထူးအောင်မြင်မှုရရှိနေမည်။ အချစ်ရေးတွင် ချစ်သူစုံတွဲတို့ပျော်ရွှင်မှုခရီးသွားလိမ့်မည်။ အိမ်ထောင်ရေးတွင် စီးပွားရေးမာန်မာနများယှဉ်ပြိုင်မှုရှိနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အဆီပိတ်ရောဂါ၊ သွေးတိုး၊ အစာအိမ်ရောဂါဝေဒနာများ ခံစားရတတ်ပါသည်။

**ယတြာ။ ကြံစည်လုပ်ကိုင်မှုအောင်မြင်ရန်အတွက် ကြံရည်လှူပါ။**



**စနေသားသမီးများအတွက်** လက်အောက်ငယ်သားများစွာနှင့် လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်း အထူးအောင်မြင်ကျော်စောလိမ့်မည်။ ဝပ်ရှော့လုပ်ငန်းယာဉ်ကားများနှင့်ပတ်သက်သော ပြုပြင်ရေးလုပ်ငန်းများ အထူးဝင်ငွေကောင်းနေလိမ့်မည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် ငယ်ချစ်ဟောင်းနှင့် ပြန်ဆုံရတတ်သည်။ အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် အကြော၊ အရိုး၊ အဆီတို့နှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ ထောပတ်ထမင်းဆွမ်းကပ်ပါ။**

# ပုသိမ်မြို့ပုသိမ်ဟိုတယ်တွင် Ayeyarwady e-Business Forum ဖွင့်ပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်ခန်းမမှာ Ayeyarwady e-Business Forum ဖွင့်ပွဲကို မတ်လ ၂၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနဲ့ တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ တိုင်းခရိုင်မြို့နယ်အရာထမ်းများ၊ အမှုထမ်းများ၊ စီးပွားရေးအသင်းအဖွဲ့မှ အသင်းသူ အသင်းသား စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ထိုဖွင့်ပွဲ အခမ်းအနားမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က မိမိတို့တိုင်းအတွင်း နည်းပညာအထောက်အကူနှင့် စီးပွားရေးပိုမိုဖွံ့ဖြိုးစေဖို့ ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်တဲ့ Forum တစ်ခုဖြစ်ကြောင်း၊ အီလက်ထရွန်းနစ်နည်းပညာကို အသုံးပြုပြီး ကုန်သန်းရောင်းဝယ်ခြင်း၊ ဈေးကွက်ရှာဖွေ တည်ဆောက်ခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို ကွန်ပျူတာနည်းပညာနှင့်အထောက်အကူပြုပြီး ပိုမိုမြန်ဆန်စွာ စီမံခန့်ခွဲဆောင်ရွက်ခြင်း၊ မိုဘိုင်းဖုန်းပေါ်မှ ငွေပေးငွေယူပြုလုပ်ခြင်း စတာတွေကို ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များ အသုံးပြု နိုင်အောင် ဆွေးနွေးသွားမှာဖြစ်ကြောင်း၊ e-Business အောင်မြင်ဖြစ်ထွန်းစေဖို့အတွက် အစိုးရအပိုင်းကလည်း e-Government အစီအစဉ်များ၊ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေဖို့ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ၎င်းပညာရပ်များကို တိုင်းဒေသကြီးအတွင်း ဌာနအသီးသီးမှာ ပြန်လည်အသုံးချနိုင်ဖို့အတွက် ကြိုးစားကြရမှာဖြစ်ကြောင်း ပြောကြားပါတယ်။

ဆက်လက်ပြီး တိုင်းဒေသကြီး သတင်းဆက်သွယ်မှုနည်းပညာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဦးက e-Business Forum နဲ့ပတ်သက်ပြီးလည်းကောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက e-government Service နဲ့ ပတ်သက်ပြီး လည်းကောင်း၊ MIT Director ဒေါ်နီနီထွန်းက ICT for Business Transformation နဲ့ ပတ်သက်ပြီးလည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အတွင်းရေးမှူး ဒေါ်ချောချောခင်က e-government Service implementation with payments options employed by technology ကိုလည်းကောင်း၊ Software Industry Development Committe ဥက္ကဋ္ဌ ဦးအောင်မောင်းက Mobile Money နဲ့ပတ်သက်ပြီး လည်းကောင်း ရှင်းလင်းပြောကြားဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ **မင်းမင်းဦး-ပုသိမ်**

# နွေပူပူမှာ ရင်အေးစေတဲ့ မန်းမြို့က သစ်သီးဈေးကွက်

မတ်လ တတိယပတ်အတွင်း မန်းမြို့သစ်သီးဈေးကွက်တွင် သစ်သီးစုံ အရောင်းအဝယ်သွက်နေပါတယ်။ ရှမ်းအောင်ပန်းဘက်မှလာတဲ့ ထောပတ်သီး တစ်တင်းခွဲအိတ် တစ်အိတ်လျှင် အလုံး အကြီး အသေးလိုက်၍ ၁၈၀၀၀ ကျပ်- မှ ၃၅၀၀၀ ကျပ်၊ ကမ္ဘလာသီး တစ်ပိဿာ ၁၀၀၀ ကျပ်- ၁၂၀၀ကျပ်၊ တရုတ်ပန်းသီးအကွာတ် တစ်ဖာ အလုံး အလတ် ၂၃၀၀၀ ကျပ်၊ လုံးသေး ၁၄၀၀၀ ကျပ်၊ ပန်းသီးပွ တစ်ဖာ ၇၅၀၀ ကျပ်၊ တရုတ်ပန်းသီး ကွာတ်ပွ တစ်ဖာ ၁၂၅၀၀ ကျပ်၊ ယိုးဒယားပန်းသီးတစ်ဖာ ၃၃၀၀၀ ကျပ်၊ နှင်းသစ်တော်သီး တစ်ဖာ ၁၇၀၀၀ ကျပ်၊ ဆန်းကစ် လိမ္မော်တစ်ဖာ ၃၈၀၀၀ ကျပ်၊ ပျားလိမ္မော် တစ်ဖာ ၁၇၀၀၀ ကျပ် ၁၈၀၀၀ ကျပ် အသီးသီး အရောင်းအဝယ်ဖြစ်နေပါတယ်။

ပြည်တွင်း ပျားလိမ္မော်များဈေးကွက်တွင် 13 kg ပါ တစ်ဖာလျှင် အလုံးအကြီး အသေးပေါ် မူတည်၍ ၁၅၀၀၀ ကျပ် -၂၅၀၀၀ ကျပ် ၊တစ်လုံးထုပ်လိမ္မော် အလုံး ၁၀၀ ပါ တစ်ခြင်း ၁၆၀၀၀ ကျပ်၊ သင်္ဘောသီးတစ်လုံး ၂၀၀ ကျပ်မှ ၈၀၀ ကျပ်၊ ၁၀၀၀ ကျပ်၊ စပျစ်သီးတစ်ဖာ ၃၀၀၀ ကျပ်၊ ၅၀၀၀ ကျပ်ရှိ၍ အလေးချိန် အသီးရဲ့ လတ်ဆတ်မှုပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိပါတယ်။ စပျစ်ချွန်တစ်ဖာ ၇၅၀၀ ကျပ်၊ Black Queen စပျစ် တစ်ဖာ ၆၀၀၀ ကျပ်အသီးသီးဖြင့် နွေရာသီရဲ့ နေပူပူတွင် ရင်အေးစေမယ့်သစ်သီးမျိုးစုံအရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရှိရပါတယ်။ **ခင်မြင့်မြင့်သန်း-မန္တလေး**

# အိန္ဒိယနိုင်ငံမှ Cipla ဆေးကုမ္ပဏီ ဆေးဝါးသစ်များမိတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ Cipla ဆေးကုမ္ပဏီမှ ထုတ်လုပ်သော နိုင်ငံတကာအဆင့်မီဆေးဝါးများ မိတ်ဆက်ပွဲကို မတ် ၂၃ ရက် ည ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းရှိ ဆီဒိုနားဟိုတယ် အမရပူရခန်းမတွင် ကျင်းပရာ မြန်မာ နိုင်ငံဆရာဝန်အသင်း(မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းဝင်းနှင့် အမှုဆောင်များ၊ ဆေးတက္ကသိုလ်နှင့် ဆေးရုံကြီးများမှ ပါမောက္ခများ၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်နှင့် ဖိတ်ကြားထားသူများ၊ ဆေး အရောင်းကိုယ်စားလှယ်များတက်ရောက်ကြသည်။

အခမ်းအနားတွင် Cipla ကုမ္ပဏီ မြန်မာနိုင်ငံဆိုင်ရာ ဈေးကွက်မန်နေဂျာ Mr.Ashwani Bagga၊ အုပ်ချုပ်မှုဒါရိုက်တာ Mr.ChirstosKartalis တို့က အဖွင့်အမှာစကား ပြောကြားကြ ပြီး အာရှပစိဖိတ်ဒေသဆိုင်ရာတာဝန်ခံ Ms. Jaswinder Gill က Cipla ကုမ္ပဏီမှထုတ်လုပ်သော နိုင်ငံတကာ သို့ တင်ပို့သော ဆေးဝါးသစ်များဖြင့် မိတ်ဆက်သည်။ Cipla ဆေးကုမ္ပဏီမှ ပန်းနာရင်ကြပ်ဝေဒနာရှင်များအတွက် သက်သာစေသောရှူဆေး၊ နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအတွက် သွေးခဲပျော်ဆေး၊ အာရုံကြောဆေးနှင့် HIV ဝေဒနာရှင်များအတွက် ရောဂါသက်သာစေသော ဆေးများ အပါ အဝင်ထိုးဆေးသောက်ဆေးအမျိုး ၂၀၀ ကျော်ထုတ်လုပ်ကာ နိုင်ငံတကာသို့တင်ပို့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ရွှေပညာအခမဲ့သင်တန်း အမှတ်စဉ်(၁၈)သင်တန်းဖွင့်လှစ်

ရွှေပညာ အခမဲ့သင်တန်းအမှတ်စဉ် (၁၈)သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်နံနက်၈နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၄ လမ်း၊ ပြည်ကြီးရန်လုံရပ်ကွက်ရှိအောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းသင်တန်းခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်များ၊ ရွှေလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အောင်သမာဓိ စိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းရှင် ဦးအောင်ဆန်းဝင်းက အဖွင့်မိတ်ဆက်စကားပြောကြားပြီး ဦးညွန့်ရင်နှင့် Seagull Co,Ltd ဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် သင်တန်းမှူး ဦးခင်မောင်မြင့်က သင်တန်းပို့ချမည့် ဆရာများနှင့် မိတ်ဆက်ပေးသည်။

သင်တန်းတွင် ကျွမ်းကျင်ပညာရှင်များက ရွှေစတင်ဖြစ်ပေါ်လာပုံ၊ ရွှေဂုဏ်သတ္တိနှင့် အသုံးဝင်ပုံများ၊ ရွှေလျှော်ဖိုတည်ထောင်၍ ရွှေလျှော်ချွတ်သန့်စင်ပုံအဆင့်ဆင့်၊ ရွှေဆိုင် ဖွင့်လှစ်တည်ထောင်ခြင်း၊ ရွှေလုပ်ငန်းရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုခြင်း၊ ရွှေအတွက်အချက်၊ စိန်အကြောင်းတို့ကို စာတွေ့လက်တွေ့ မတ် ၂၈ ရက်အထိ အခမဲ့သင်ကြား ပေးရာ သင်တန်းသား၊ သင်တန်းသူ ၂၀၆ ဦး တက်ရောက်သည်။ သင်တန်းအမှတ်စဉ် ၁ မှ ၁၇ အထိ သင်တန်းသား ၇၁၈၀ ဦး အခမဲ့သင်ကြားပေးခဲ့သည်။ **သီဟကိုကို(မန္တလေး)**



# မြို့ကြီးများ၏ ၃၀-၃-၂၀၁၅ မှ ၃-၄-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃၀-၃-၂၀၁၅) | အင်္ဂါ(၃၁-၃-၂၀၁၅) | ဗုဒ္ဓဟူး(၁-၄-၂၀၁၅) | ကြာသပတေး(၂-၄-၂၀၁၅) | သောကြာ(၃-၄-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၉˚F |
| ရန်ကုန်မြို့ | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၁˚F | ၆၀% ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F |
| မန္တလေးမြို့ | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | တိမ်အသင့်အတင့် ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F |
| မြစ်ကြီးနား | နေသာ ၃၄˚C/၉၃˚F | ၅၀% ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | ၅၀% ၃၃˚C/၉၁˚F |
| လားရှိုး | ၅၀% ၂၈˚C/၈၂˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F |
| ကျိုင်းတုံ | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၂˚C/၉၁˚F | နေသာ ၃၂˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| လွိုင်ကော် | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| တောင်ကြီး | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၀˚F |
| မော်လမြိုင် | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F |
| ဘားအံ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၆˚F |
| တောင်ငူ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F |
| မုံရွာ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F |
| ပုသိမ် | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F |
| မြိတ် | ၅၀% ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၂˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| စစ်တွေ | နေသာ ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F |
| မကွေး | ၈၀% ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F |
| ဖလမ်း | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၉˚F |



# တရုတ်နိုင်ငံမြောက်ပိုင်းတွင် အအေးလွန်ကဲ တောင်ပိုင်းတွင် မိုးများရွာသွန်း

တရုတ်နိုင်ငံမြောက်ပိုင်းတွင် အအေးလှိုင်းများ ဖြစ်သန်းလျက်ရှိပြီး လေပြင်းများတိုက်ခတ်လျက်ရှိကာ ဖုန်များနှင့်အမှိုက်များ လေထဲတွင် မျောပါလျက်ရှိကြောင်း အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် တောင်ပိုင်းဒေသများတွင်မူ မိုးများရွာသွန်းလျက်ရှိပြီး နောက်ထပ် သုံးရက်ခန့် ဆက်လက်ရွာသွန်းဦးမည်ဟု ခန့်မှန်းထားကြောင်းဖြင့် အဆိုပါဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အအေးလှိုင်းဖြတ်သန်းမှုသည် မွန်ဂိုလီးယားအတွင်းပိုင်းဒေသဖြစ်သည့် ယန်ကျင်းဒေသ၊ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင်မူ မတ်လ ၂၆ရက်မှ ၂၈ ရက်အထိ အအေးလွန်ကဲနေဦးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမိုးလေဝသ ခန့်မှန်းလေ့လာနေသူများက ပြောကြားခဲ့သည်။

ထို့ပြင် လေပြင်းများတိုက်ခတ်မှုကြောင့် သဲမုန်တိုင်းများဖြစ်ပေါ်ကာ လေထုထဲတွင် ဖုန်မှုန့်များ၊ အမှိုက်များ လွင့်ပါလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ အပူချိန်များသည် နေ့စဉ်ဆိုသလို ကျဆင်းလျက်ရှိပြီး (-၄)ဒီဂရီဆဲလ်ဆီးယပ်စ်မှ (-၆)ဒီဂရီဆဲလ်ဆီးယပ်စ်သို့ ကျဆင်းလျက်ရှိသည်ဟု ဆိုသည်။

သို့သော် တရုတ်နိုင်ငံတောင်ပိုင်း ဒေသများဖြစ်သည့် ကွေ့ကျိုးနှင့် ဟူနန် ပြည်နယ်တို့တွင် မိုးများသည်းထန်စွာရွာသွန်းလျက်ရှိကြောင်း၊ မိုးသည် ဆက်လက်ရွာသွန်းနိုင်ဖွယ်ရာရှိကြောင်းဖြင့် ခန့်မှန်းခဲ့သည်။

အမျိုးသားမိုးလေဝသဌာန၏သတင်းထုတ်ပြန်ချက်များအရ မြစ်ဝါမြစ်နှင့် ယော့ရီမြစ်တစ်လျှောက်တို့တွင် မီးခိုးငွေ့များဖြင့် ဖုံးလွှမ်းလျက်ရှိပြီး အထူးသဖြင့် မြောက်ပိုင်းဒေသများတွင်မူ မတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အဆိုးရွားဆုံးဖြစ်လာခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**



# ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်တွင် အချိန်အခါမဟုတ် မိုးများရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်

ထိုင်းနိုင်ငံ၏ မြို့တော်ဗန်ကောက်တွင် မတ်လ ၂၄ရက်နေ့ နေ့လယ်ပိုင်းက မိုးများသည်းထန်စွာ ရွာသွန်းခဲ့ရာ မြို့တော်ဗန်ကောက်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

မိုးရွာသွန်းမှုသည် အချိန်တစ်နာရီခန့်ကြာမြင့်ခဲ့ပြီး လေပြင်းများပါ တိုက်ခတ်ကာ သည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ် သည်။ မြို့တော်ဗန်ကောက်တွင်တာဝန်ကျနေသည့် ယာဉ်ထိန်းရဲများ၏ သတင်းပေးပို့ချက်အရ ဗန်ကောက်မြို့၏ နေရာပေါင်းခုနစ်နေရာတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ရေကြီးမှုများကြောင့် ဗန်ကောက်မြို့ပေါ်တွင် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည်။ ရေကြီးမှုသည် တချို့နေရာများတွင် ခြေကျင်းဝတ်မြုပ်သည်အထိသာ ဖြစ်ခဲ့သော်လည်း တချို့နေရာများတွင် ကားဘီးများမြုပ်သည်အထိ ဖြစ်ပွားခဲ့ကြောင်း၊ တချို့နေရာများတွင် စားသောက်ဆိုင်များ၊ ဈေးဆိုင်များအတွင်းသို့ပင် ရေများဝင်ရောက်သည်အထိဖြစ်ခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဆာဖာရီခရိုင်ရှိ ချင်းမိုင်သို့သွားသည့် ရထားနှင့် ထရပ်ကားတစ်စီးတို့ တိုက်မိခဲ့ကြရာ လူခုနစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဗန်ကောက်ပိုစ်တွင် ဖော်ပြထားပါသည်။ **မယ်သီတာ**

Domestic Sport News
Vol: 15, No.13 Monday March 30 2015




## ဂျပန်အီလက်ထရောနစ်ကုမ္ပဏီ ပင်နာဆိုးနစ်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ စပွန်ဆာစာချုပ် ချုပ်ဆို

ဂျပန်နိုင်ငံ၏နာမည်ကြီး အီလက်ထရောနစ်ကုမ္ပဏီဖြစ်သည့် ပင်နာဆိုးနစ်သည် မြန်မာနေရှင်နယ်လိဂ်သမိုင်းတွင် သုံးနှစ်ဆက်တိုက်ချန်ပီယံဖြစ်ထားသည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စပွန်ဆာစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြောင်း သိရသည်။

ပင်နာဆိုးနစ်ကုမ္ပဏီအနေဖြင့် ရန်ကုန်ယူနိုက်တက်အသင်းအား ဂျာစီစပွန်ဆာပေးအပ်မည့်ကိစ္စနှင့် ပတ်သက်၍ ပြီးခဲ့သည့် မတ် ၂၄ ရက်က ပုလဲကွန်ဒိုတွင် ပြုလုပ်သည့် ပင်နာဆိုးနစ်အရောင်းပြခန်းနှင့် ဆားဗစ်စင်တာဖွင့်ပွဲအခမ်းအနားတွင် ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်သည်။

ပင်နာဆိုးနစ်နှင့် လက်တွဲနိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ရန်ကုန်ယူနိုက်တက်အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဦးပြည့်ဖြိုးတေဇက "ပင်နာဆိုးနစ်လို နာမည်ကြီးကုမ္ပဏီတစ်ခုနဲ့ လက်တွဲခွင့်ရခဲ့တာဟာ အသင်းအတွက် အမှန်တကယ်အားကောင်းစေပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းရဲ့ပြည်တွင်းပြည်ပခရီးစဉ်တွေမှာ ပင်နာဆိုးနစ်နဲ့ ရေရှည်လက်တွဲလျှောက်လှမ်းနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။ ပင်နာဆိုးနစ်သည် ဂျပန်နိုင်ငံအခြေစိုက် ဂမ်ဘာအိုဆာကာဘောလုံးအသင်းနှင့်လည်း မိတ်ဖက်အဖြစ်ဖွဲ့ထားပြီး ယခုအခါတွင် ရန်ကုန်အသင်းနှင့် ထပ်မံမိတ်ဖွဲ့ခဲ့ခြင်းဖြစ်သည်။

အဆိုပါစာချုပ်အရ ပင်နာဆိုးနစ် အမှတ်တံဆိပ်ကို ရန်ကုန်အသင်း၏ ဂျာစီကျောဖက်ရှိကစားသမားများ၏ နာမည်ရေးထိုးထားသည့်အပေါ်တွင် ဖော်ပြသွားမည်ဖြစ်ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါ ပင်နာဆိုးနစ်အမှတ်တံဆိပ်ကို ဇွန်လနှောင်းပိုင်းတွင် ပြန်လည်စတင်မည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များမှစတင်ကာ ရန်ကုန်အသင်း၏ဂျာစီတွင် ရိုက်နှိပ်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ယူ-၁၅ပြိုင်ပွဲတွင် Title Sponsor ဖြစ်ခွင့်ရခြင်းအတွက် ဂုဏ်ယူမိသည်ဟု နိပွန်ဖောင်ဒေးရှင်းမှ စီမံကိန်းမန်နေဂျာ ပြောကြား

နိပွန်ဖောင်ဒေးရှင်း (Nippon Foundation)မှစီမံကိန်းမန်နေဂျာ မစ္စတာ ရှိုတာက MFF Nippon Foundation U-15 Cup 2015ပြိုင်ပွဲတွင် Title Sponsor အဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီး ကူညီထောက်ပံ့ခွင့်ရသည့်အတွက် ဂုဏ်ယူမိကြောင်း မတ်လ ၂၄ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။




မစ္စတာရှိုတာက "လူငယ်တွေ ဘောလုံးအားကစားကို ဒီထက်ပိုပြီး ကစားလာဖို့ လှုံ့ဆော်ပေးနိုင်အောင် ဒီလို ကူညီထောက်ပံ့ပေးရတာ ဖြစ်ပါတယ်။ ဘောလုံးဟာမြန်မာနိုင်ငံမှာ လူတွေ တစ်ခဲနက်အားပေးကြတဲ့ အားကစားနည်းဖြစ်တာကြောင့် ရှေ့မှာလည်း ဒီဘောလုံးအားကစားနည်းကို ထောက်ပံ့ကူညီပေးသွားဖို့ ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

Nippon Foundation U-15 Cup 2015 ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြုအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မတ် ၂၅ ရက်မှစတင်ကာ ပထမအဆင့်တွင် အုပ်စုလေးစုစီခွဲပြီး အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် အုပ်စုတစ်စုချင်းစီမှ အမှတ်အများဆုံး နှစ်သင်းစီဖြင့် စုစုပေါင်း ရှစ်သင်းကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့နောက်အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများမှာ အုပ်စု(က)တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အုပ်စု(ခ)တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ အုပ်စု(ဂ)တွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ အုပ်စု(ဃ)တွင် ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲကြီးတွင် ဗိုလ်စွဲသည့်အသင်းမှာ ဆုဖလားချီးမြှင့်ခြင်းခံရမည်ဖြစ်ပြီး ဆုတံဆိပ်ရွှေဆွဲပြားနှင့်အတူ ဆုကြေးငွေကျပ် သိန်း ၂၀၊ ဒုတိယရရှိသည့်အသင်းအား ငွေဆွဲပြားနှင့် ဆုကြေးကျပ် ၁၀သိန်း၊ တတိယရရှိသည့်အသင်းမှာ ကျပ်ငါးသိန်း ချီးမြှင့်ခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး တိုက်စစ်မှူးဆု၊ အကောင်းဆုံးကွင်းလယ်ကစားသမားဆု၊ အကောင်းဆုံး ခံစစ်ကစားသမားဆုနှင့် အကောင်းဆုံးဂိုးသမားဆုတို့ကိုပါ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

### ပွဲရလဒ်များ

| | | | | |
|---|---|---|---|---|
| ရှမ်း(မြောက်) | ၀ | - | ၁ | ရှမ်း(ရှေ့) |
| စစ်ကိုင်း | ၅ | - | ၂ | ပဲခူး(ရှေ့) |
| ချင်း | ၃ | - | ၃ | မွန် |
| ရှမ်း(ရှေ့) | ၈ | - | ၀ | ကချင် |
| ရခိုင် | ၂ | - | ၂ | ကယား |
| ပဲခူး(ရှေ့) | ၆ | - | ၈ | ရန်ကုန် |
| ရှမ်း(တောင်) | ၆ | - | ၀ | တနင်္သာရီ |

## မြန်မာ့လက်ရွေးစင်ယူ–၂၀အသင်း ဆားဘီးယားနိုင်ငံသို့မထွက်ခွာမီ ဥက္ကဋ္ဌ ဦးဇော်ဇော် တွေ့ဆုံ

ဖီဖာယူ-၂၀ကမ္ဘာ့ဖလား(FIFA U-20 World Cup New Zealand 2015) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၂၀အသင်းသည် ပွဲကြိုပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ရန်နှင့် ခြေစမ်းပွဲများ ကစားရန် ဆားဘီးယားနိုင်ငံသို့ မတ် ၂၄ ရက်က ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။




ဆားဘီးယားနိုင်ငံသို့ ထွက်ခွာသွားသည့် မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် သွားရောက်တွေ့ဆုံ၍အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

ဦးဇော်ဇော်က "ဆားဘီးယားနိုင်ငံမှာ လေ့ကျင့်ခြေစမ်းစဉ်ကာလအတွင်း သန်း ၅၀ သောပြည်သူတွေအတွက်၊ တိုင်းပြည်ဂုဏ်သိက္ခာအတွက် ကြိုးစားနေတယ်ဆိုတဲ့စိတ်ကို မွေးမြူပါ။ တန်ဖိုးရှိတဲ့ ကစားသမားဆိုတာထက် တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် ကြိုးစားစေချင်ပါတယ်။ နေထိုင်သွားလာတာကအစ စည်းကမ်းတကျ ညီညီညွတ်ညွတ် ရှိစေချင်ပါတယ်။ ကမ္ဘာ့အဆင့်ဝင်ကစားရမှာဖြစ်တဲ့အတွက် ကမ္ဘာတစ်ဝန်းလုံးက သန်းပေါင်းများစွာသော ပရိသတ်တွေက မြန်မာအသင်းကို မြင်တွေ့ရမှာဖြစ်ပါတယ်။ အတွေးအခေါ် အယူအဆ၊ ပေါင်းသင်းဆက်ဆံမှု၊ စည်းကမ်းရှိမှုစတာတွေအပြင် မိမိရဲ့ကျေးဇူးရှင်မိဘ၊ မိမိရဲ့နွမ်းပါးတဲ့ ညီအစ်ကိုမောင်နှမတွေ ဒါတွေကို လုံးဝမမေ့ပါနဲ့။ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါ။ ဥက္ကဋ္ဌအနေနဲ့ မြန်မာ ယူ-၂၀ အသင်းက ကစားသမားတွေ ဖီဖာကမ္ဘာ့ဖလားပြီးတာနဲ့ ဥရောပလိဂ်တွေ ကလပ်တွေမှာ သွားကစားနိုင်ဖို့အထိ မျှော်လင့်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ ယူ-၂၀အသင်းသည် ဆားဘီးယား ယူ-၂၀ လက်ရွေးစင်အသင်းနှင့် မတ်လ ၂၆၊ ၂၉ရက်နေ့တို့တွင် ခြေစမ်းကစားမည်ဖြစ်သည်။ ထို့ပြင် ဆားဘီး ယားနိုင်ငံတွင်သာမက ဥရောပနိုင်ငံအချို့တို့တွင်ပါ ခြေစမ်းပွဲများကစားနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## 2015 AFF Women's Championship ပြိုင်ပွဲအတွက် ပွဲချိန်များ ထုတ်ပြန်ကြေညာ

လာမည့်မေ ၁ရက်မှ ၁၀ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပ မည့် ၂၀၁၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (2015 AFF Women's Championship) အတွက် ပွဲချိန်များကို အာရှဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အရှေ့တောင်အာရှမှ အမျိုးသမီးဘောလုံးအသင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စုနှစ်စုခွဲ၍ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အုပ်စု(က)တွင် ဩစတြေးလျယူ-၂၀၊ ထိုင်း၊ လာအိုနှင့် အင်ဒိုနီးရှားတို့ ပါဝင်ကြပြီး အုပ်စု(ခ)တွင် မြန်မာ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ ပါဝင်ကြသည်။

ပွဲစဉ်များအားလုံးကို ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းစီးတီးရှိ သောင်နတ်အားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မေလ ၂ရက်နေ့တွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မေလ ၄ရက်နေ့တွင် ဒုတိယပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းနှင်ယှဉ်ပြိုင်ကစားရ မည်ဖြစ်သည်။

မေလ ၆ ရက်နေ့တွင် မလေးရှားအသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မေလ ၈ရက်နေ့တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မေလ ၁၀ရက်နေ့တွင် ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကို ယှဉ်ပြိုင်ကြမည်ဖြစ်သည်။



# မြန်မာ့ကော်ဖီကမ္ဘာကသိစေဖို့

|တင်မာကြည် (DOTP)|

**ယခင်အပတ်မှအဆက်**

**မေး** - မြန်မာပြည်မှာက မြေမြင့် ကော်ဖီပဲစိုက်တာလား။

**ဖြေ** - မြေမြင့်ကော်ဖီရော၊ မြေနိမ့် ကော်ဖီပါ စိုက်ပါတယ်။ မြေမြင့် ကော်ဖီဖြစ်တဲ့ အာရေးဗီးကားကို အစိုက်များတယ်။ အာရေးဗီးကားကော်ဖီက သောက်သုံးမှုအရည်အသွေး ကောင်းတယ်။ ၈၀ ရာခိုင်နှုန်း ရောင်းတန်းဝင်ပြီး အမြင့် ပေ ၂၆၀၀ အထက်မှာ စိုက်ပျိုး ဖြစ်ထွန်းတယ်။ အပူချိန် ၂၀-၂၄ ဒီဂရီ စင်တီဂရိတ်နဲ့ မြေချဉ်ငံဓါတ် ၄ ဒသမ ၅ ကနေ ၅ ဒသမ ၅ ရှိတာကို ကြိုက်နှစ်သက်တယ်။ မြန်မာ့ ကုန်းမြင့် တောင်တန်းဒေသရာသီဥတုတွေနဲ့ ကိုက်ညီတယ်။ ဒါကြောင့်လည်း မန္တလေးတိုင်းက မေမြို့၊ မိုးကုတ်ပတ်ဝန်း ကျင်၊ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်၊ ရှမ်းပြည် နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွေနဲ့ ချင်းတောင် မှာအစိုက်များပြီး အရည်အသွေးကောင်း ကော်ဖီကို ထုတ်လုပ်နိုင်တာ ဖြစ်ပါတယ်။

**မေး** - မြေနိမ့်ကော်ဖီကရော ဘယ်မှာစိုက်တာလဲ။

**ဖြေ** - မြေနိမ့်ကော်ဖီဖြစ်တဲ့ ရိုဘတ်စတာက ၂၀ ရာခိုင်နှုန်းပဲ ရောင်းတန်းဝင်တယ်။ အပူချိန် ၂၀-၃၀ ဒီဂရီစင်တီဂရိတ် နဲ့ မြေချဉ်ငံဓါတ် ၄ ဒသမ ၅ ကနေ ၅ ဒသမ ဝ ရှိတာကို နှစ်သက်တယ်။ ဒါကြောင့် တောင်ငူနဲ့ သံတောင်ဘက်မှာ စိုက်တယ်။

**မေး** - ကိုယ်စိုက်တဲ့ ကော်ဖီအမျိုးအစားအတွက် အခြားပတ်ဝန်း ကျင်အခြေအနေ လွှမ်းမိုးချက်တွေရော ရှိသေးလား။

**ဖြေ** - အပူချိန်နဲ့ မြေချဉ်ငံဓါတ် အပြင် မိုးရေချိန်၊ လေတိုက်ခတ်မှု၊ နေရောင်ကျရောက်မှုဆိုတဲ့ အခြားပတ်ဝန်းကျင်အခြေ အနေ လွှမ်းမိုးချက်တွေလည်း ရှိပါသေးတယ်။

**မေး** - ဒီပတ်ဝန်းကျင်အခြေအနေတွေက ကော်ဖီအရည်အသွေး နဲ့ အထွက်နှုန်းကို လွှမ်းမိုးမှုရှိတာပေ့ါနော်။

**ဖြေ** - ရှိတာပေ့ါ။ ဒါကြောင့်လေ တိုက်ခတ်မှုကို ထိန်းညှိနိုင်အောင် လေကာပင်တွေစိုက်ရတယ်။ နေရောင်ခြည်ကျရောက်မှု ကို ကာကွယ်နိုင်ဖို့လည်း အရိပ်ရအပင်တွေ စိုက်ရပါတယ်။ ကော်ဖီအရည်အသွေးနဲ့ အထွက်နှုန်းအပေါ်မှာ ပတ်ဝန်း ကျင်အခြေအနေ လွှမ်းမိုးမှုတွေကို ဦးဥက္ကာအောင်ရဲ့ စာတမ်းမှာပုံလေးနဲ့ ဖော်ပြထားပါတယ်။




**မေး** - မြန်မာ့ကော်ဖီအရည် အသွေးကောင်းရတဲ့ အချက်တွေကို လည်းပြောပြပေးပါ။

**ဖြေ** - **မြန်မာနိုင်ငံဟာ အီကွေတာ ဝန်းကျင်မှာရှိတဲ့ နိုင်ငံဖြစ်ပြီး ပေ ၃၅၀၀ နဲ့အထက်မြင့်တဲ့ တောင်ကုန်းတွေ၊ တောင်တန်း တွေရှိနေတယ်။ ဒီလို သဘာဝအခြေအနေတွေက အထူး ကော်ဖီထုတ်လုပ်နိုင်တဲ့ အနေအထားတွေဖြစ်နေတယ်။** ဒါကြောင့် မြန်မာ့တောင်ကုန်း၊ တောင်တန်းတွေပေါ်မှာ မြေမြင့်ကော်ဖီဖြစ်တဲ့ အာရေးဗီးကားကော်ဖီကို အစိုက် များတယ်။ နောက်ပြီး ကျွန်တော်တို့နိုင်ငံမှာ ကော်ဖီစိုက် ပျိုး ထုတ်လုပ်တဲ့လုပ်ငန်းက တစ်နိုင်တစ်ပိုင်ဖြစ်တဲ့အတွက် ကော်ဖီသီးခူးရင် အမှည့်ကိုပဲ ရွေးခူးကြတာများတယ်။ ကော်ဖီထုတ်လုပ်တဲ့ လုပ်ငန်းစဉ်မှာလည်း အစိုနည်း (Wet Process) နဲ့ အခြောက်နည်း (Dry Process) ဆိုပြီး နှစ်မျိုးရှိပေမယ့်အစိုနည်း (Wet Process) ကိုပဲအသုံးများ တယ်။ ဒီအချက်တွေကြောင့် မြန်မာ့ကော်ဖီအများစုဟာ ကမ္ဘာ့အကောင်းဆုံးကော်ဖီတွေလို အဆင့်မီတယ်လို့ ပြောလို့ရပါတယ်။



**မေး** - မြန်မာ့ကော်ဖီက အရည်အသွေးကောင်းတယ်ဆိုတော့ နိုင်ငံခြားက ဝယ်ယူဖို့ကမ်းလှမ်းတာတွေ ရှိတာပေ့ါနော်။

**ဖြေ** - ဒီနှစ်ထဲမှာ ဂျပန်ကိုတင်ပို့ဖို့တော့ ရှိပါတယ်။ ကြိုးစား နေတုန်းပါ။

**မေး** - နိုင်ငံခြားတင်ပို့မှာက မြန်မာနိုင်ငံ ကော်ဖီအသင်းနဲ့ တင် မှာလား။

**ဖြေ** - ကျွန်တော်တို့က မြန်မာနိုင်ငံ ကော်ဖီအသင်းကို NGO အဖွဲ့အစည်းတစ်ခုအနေနဲ့ ဖွဲ့စည်းထားတာပါ။ အသင်း အနေနဲ့က စီးပွားရေးလုပ်တာ မရှိပါဘူး။ ကော်ဖီအရည် အသွေးကောင်းဖို့အတွက် မြေပြုပြင်တာကစပြီး ကော်ဖီ ပင်ပျိုးတာ၊ စိုက်တာ၊ ကော်ဖီခင်းတွေကို တစ်နှစ်ပတ်လုံး ဂရုတစိုက် ပြုစုတဲ့နည်းတွေကို စနစ်ကျအောင် ကော်ဖီစိုက် တောင်သူတွေကို နည်းပညာတွေပေးပြီး ကူညီနေတာပါ။ ကော်ဖီခူးချိန်ကလည်း နိုဝင်ဘာလကနေ ဧပြီလဆန်းပိုင်း အထိဆိုတော့ အသီးခူးချိန်က ကြာတယ်။ စိတ်ရှည်ရှည်နဲ့ အသီးမှည့်ကိုသာ ရွေးခူးဖို့ တိုက်တွန်းပြီး အသီးအစိမ်းနဲ့ အမှည့်တို့ရဲ့အရည်အသွေး ကွာခြားချက်တွေကို နည်း ပညာပေး ဆွေးနွေးတာတွေလုပ်ဆောင်နေပါတယ်။ ကော်ဖီ စေ့ ထုတ်လုပ်တဲ့ နည်းစဉ်မှာလည်း ဖုန်၊ သဲ၊ ခဲ၊ ကင်းစင်ပြီး သန့်ရှင်းမှုရှိအောင် ခေတ်မီနည်းပညာတွေနဲ့ထုတ်လုပ် နိုင်အောင် နည်းပညာတွေပေးပြီး စည်းရုံးဆောင်ရွက်နေ ပါတယ်။

**မေး** - ဒါဆိုအရည်အသွေးမြင့် ကော်ဖီထုတ်လုပ်ခြင်းလုပ်ငန်းနဲ့ နိုင်ငံခြားတင်ပို့ခြင်းလုပ်ငန်းတွေ လုပ်နိုင်အောင် ဘယ်လို စီမံဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြပေးစေချင်ပါတယ်။

**ဖြေ** - မြန်မာနိုင်ငံ ကော်ဖီအသင်းကြီးရဲ့ရည်ရွယ်ချက်တွေဖြစ်တဲ့

(၁) မြန်မာ့ကော်ဖီ အရည်အသွေးမြင့်မားစေဖို့

(၂) မြန်မာ့ကော်ဖီနိုင်ငံခြားပို့မို တင်ပို့နိုင်ဖို့နဲ့

(၃) ငွေအရင်းအနှီး၊ စက်ကိရိယာနဲ့ နည်းပညာတွေပံ့ပိုးနိုင် ရန်ဆိုတဲ့ ရည်ရွယ်ချက်တွေ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံကော်ဖီအသင်းမှ အဖွဲ့ဝင်တချို့ပါဝင်တဲ့ Mandalay Coffee Group Co., Ltd. ဆိုပြီး ဖွဲ့စည်းဆောင် ရွက်နေပါတယ်။

**မေး** - Mandalay Coffee Group Co., Ltd. က အများပိုင် ကုမ္ပဏီ လား။

**ဖြေ** - အများပိုင်ကုမ္ပဏီတော့ မဟုတ်ပါဘူး။ **မြန်မာ့ကော်ဖီကို ကမ္ဘာကသိဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်းက ဆောင် ရွက်နေလို့ မရနိုင်ပါဘူး။** ဒါကြောင့် ကျွန်တော်တို့ မြန်မာ နိုင်ငံ ကော်ဖီအသင်းဝင်တွေ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ တွေထဲက ပူးပေါင်းဆောင်ရွက်လိုသူတွေ၊ စိတ်ဝင်စားသူ တွေနဲ့ Mandalay Coffee Group Co., Ltd. ကို ဖွဲ့စည်း ထားတာပါ။

**မေး** - ဒါဆို အများပိုင်ကုမ္ပဏီဖွဲ့ဖို့အထိ ရည်မှန်းချက်ရော ရှိပါ သလား။

**ဖြေ** - ကျွန်တော်တို့ရဲ့ စုပေါင်းဆောင်ရွက်မှု အောင်မြင်မှုတွေ ရှိလာလို့ ပူးပေါင်းဆောင်ရွက်လိုသူတွေ များလာရင် Mandalay Coffee Group Co., Ltd. အဖွဲ့ဝင် ၅၀ ဦးထက် ပိုများလာမယ်ဆိုရင်တော့ အများပိုင်ကုမ္ပဏီအဖြစ် ရပ် တည်ဖို့ ရည်မှန်းချက်ရှိပါတယ်။

**မေး** - မြန်မာနိုင်ငံ ကော်ဖီအသင်းဥက္ကဋ္ဌအနေနဲ့ ပြောချင်တဲ့ အကြောင်းအရာလေးတွေရှိရင် ပြောပြပေးပါ။

**ဖြေ** - ကျွန်တော်ပြောချင်တာကတော့ ကော်ဖီစိုက်ပျိုးရာမှာ လိုအပ်တဲ့ ပတ်ဝန်းကျင်အခြေအနေရရှိအောင် အရိပ်ရ ပင်က မဖြစ်မနေစိုက်ရပါတယ်။ ကော်ဖီမစိုက်ခင် စိုက် ပျိုးမယ့်နေရာမှာ အရိပ်ရပင်ကိုကြိုစိုက်ရပါတယ်။ အရိပ် ရပင်အနေနဲ့ ပင်လယ်အုန်းကို အစိုက်များပါတယ်။ ပင်လယ် အုန်းက တစ်နှစ်လုံး စိမ်းလန်းနေတဲ့ အပင်မျိုးဖြစ်ပါ တယ်။ ကော်ဖီပင်ကလည်း နှစ်ရှည်ပင်ဖြစ်ပြီး အမြဲစိမ်း အပင်မျိုးဖြစ်ပါတယ်။ **ဒါကြောင့် ကော်ဖီစိုက်ပျိုးခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေတဲ့အပြင် မြန်မာ့ သစ်တောကို ကာကွယ်စောင့်ရှောက်နေတာလည်း ဖြစ်ပါ တယ်။** ကျွန်တော်တို့က မြန်မာနိုင်ငံကော်ဖီအသင်းရဲ့ ရည်ရွယ်ချက်တွေ အောင်မြင်အောင် ကြိုးစားသွားမယ့် အပြင် ကျွန်တော်တို့နိုင်ငံအတွက် အရည်အသွေး ကောင်းပြီး ကျန်းမာရေးနဲ့ညီညွှတ်တဲ့ကော်ဖီကို ကျွန်တော် တို့ပြည်သူပြည်သားတွေ သင့်တင့်တဲ့ဈေးနှုန်းနဲ့ သောက် သုံးနိုင်အောင်လည်း ကြိုးစားသွားမှာလို့ ပြောချင်ပါ တယ်။

သို့ပါ၍ အရည်အသွေးမြင့် ကော်ဖီထုတ်လုပ်နိုင်တဲ့ အနေ အထားရှိနေပြီး ဈေးကွက်ဝယ်လိုအား ရှိနေသော တိမ် မြုပ်နေတဲ့ မြန်မာ့အရည်အသွေးမြင့် ထုတ်ကုန် ကော်ဖီ စိုက်ပျိုးထုတ်လုပ် တင်ပို့ခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ များမှ ဝိုင်းဝန်းကူညီအားပေးပြီး မြန်မာ့ကော်ဖီကို ကမ္ဘာ ကသိအောင် ကြိုးစားကြပါစို့လို့ တိုက်တွန်းရေးသား လိုက်ပါတယ်။

Soruce:ဦးဥက္ကာအောင် (Head of CRIETC)
"Coffee History" စာတမ်း

# Trade Facilitation & Trade Promotion

## ပဲခူးတိုင်းဒေသကြီး (ပြည်)၌ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပို့ချခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကုန်သွယ်မှုကဏ္ဍမှာ SMEs လုပ်ငန်းများသည် အဓိကအရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေတာကြောင့် နိုင်ငံစီးပွားရေးဟာ SMEs လုပ်ငန်းများအပေါ် မူတည်နေတာတွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြပါတယ်။

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း (ပြည်) အတွင်းရှိ SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး (ပြည်) တွင် မတ်လ ၂၅ မှ ၂၆ ရက်နေ့ထိ၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပို့ချခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တိုင် ကျင်းပခဲ့ရာ ဆွေးနွေးပွဲပထမနေ့တွင် ဌာနဆိုင်ရာနှင့်လုပ်ငန်းရှင် ၁၂၀ ဦးခန့် တက်ရောက်ခဲ့ပြီး၊ ဒုတိယနေ့တွင် ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင် ၁၁၀ ဦးတက်ရောက်ခဲ့ကြပါတယ်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး၊ ပြည်ခရိုင်အ ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးကလည်း တက်ရောက်အမှာစကား ပြောကြားခဲ့ပါတယ်။ ဆွေးနွေးပွဲအစတွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်မှ SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ဆွေးနွေးပြောကြားခဲ့ကာ တက်ရောက်လာသော လုပ်ငန်းရှင်များက SMEs ဆိုင်ရာ လိုအပ်ချက်များ၊ အခက်အခဲများ တင်ပြခဲ့ပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသလို Future Myanmar မှ အုပ်ချုပ်မှုဒါရိုက်တာဦးဇင်ဖြိုးပိုင်က SMEs လုပ်ငန်းများအတွက် ၂၀၁၅ AEC, FDI ဖော်ဆောင်မှုနှင့်မြန်မာ့စီးပွားရေး တိုးတက်မှုအားဆွေးနွေးပို့ချခဲ့ကြပါတယ်။ ဒုတိယနေ့တွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဒေါက်တာနီနီအေးက ကျန်းမာသန့်ရှင်းသောစားသောက်ကုန်ထုတ်လုပ်ရာတွင် သိရှိလိုက်နာ ဆောင်ရွက်ဖွယ်ရာများအကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဆန်းကကုန်သွယ် မှုနှင့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း၊ SMEs မြန်မာက ဦးမိုးဟိန်းက SMEs ဈေးကွက်စီးပွားရေးစီမံခန့်ခွဲမှု နှင့် ဈေးကွက်ပြောင်းလဲမှုအခြေအနေများအကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးငြိမ်းကစားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း စသည်ဖြင့် တင်ပြဆွေးနွေးခဲ့ကြသလို သင်တန်း နှစ်ရက်အတွင်း SMEs ဖွံ့ဖြိုးရေးဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးခြင်းများပြုလုပ်ခြင်းနှင့် စားပွဲ ဝိုင်းဆွေးနွေးခြင်းရလဒ်များဖော်ထုတ်ခြင်း စသည်ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း - ပြည်**

■

## "အထည်ပန်းရိုက်နှင့် ဆေးရေးနည်းအခြေခံသင်တန်း" သင်တန်းဆင်းပွဲမြစ်ကြီးနားတွင်ကျင်းပ

ကချင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းသို့ ပူးပေါင်းဖွင့်လှစ်သည့် "အထည်ပန်းရိုက်နှင့် ဆေးရေးနည်းအခြေခံသင်တန်း" သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်လ ၂၀ ရက်နေ့တွင် ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ် အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ခင်မောင်ထွန်း တက်ရောက်ချီးမြှင့်ခဲ့ပြီး ဖိတ်ကြားထားသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသားသင်တန်းသူများ စုစုပေါင်း ၄၀ ဦးတက်ရောက်ခဲ့ကြပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီပွားရေးဝန်ကြီးဒေါက်တာခင်မောင်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာဖို့ အဘက်ဘက်မှ ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံအကြောင်းတရားများစွာရှိတဲ့အနက် ဈေးကွက်ဈေးနှုန်း ပိုမိုရရှိစေတဲ့ အဆင့်အတန်းမီတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး အချက်လည်းပါဝင်တာကြောင့် ဈေးကွက်ကို ယှဉ်ပြိုင်နိုင်အောင် ကြိုးစားစေလိုကြောင်း ပြောကြားခဲ့ပြီး သင် တန်းဆင်းလက်မှတ်များကို အသေးစားစက်မှုလက်မှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မောင်းမှ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ဆက်လက်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စားသင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားရာတွင် သင်တန်းမှ ဒီဇိုင်းဆွဲနည်း၊ ပန်းဘောင်ပြုလုပ်နည်း၊ ဆေးဖျော်ဆေးစပ်နည်း ၊ ပန်းရိုက်နည်း၊ အခြေခံဆေးရေးနည်း၊ ဖလင်ဖောက်နည်း၊ ရွှေကွပ်နည်းများအပြင် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းဖြစ်ခြင်းကြောင့် ဆက်စပ်ဌာနများ၏ လုပ်ငန်းလုပ်ထုံးလုပ်နည်းများကိုလည်း ထည့်သွင်းပို့ချသွားခဲ့ကြသဖြင့် ဗဟုသုတများစွာလည်း ရရှိခဲ့ပါကြောင်း၊ နောင်တွင်လည်း ဌာနဆိုင်ရာများမှ ပူးပေါင်းဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများကိုလည်း ဆက်လက်တက်ရောက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့တယ်လို့ သိရပါတယ်။

**မောင်မောင်ခိုင် - မြစ်ကြီးနား**

## ကျိုက်ထိုမြို့နယ်တွင် Export ငှက်ပျောများအား ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ လာရောက်လေ့လာ

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျိုက်ထိုမြို့နယ်ဟာ ပြည်တွင်းမှာ ငှက်ပျောအများဆုံး စိုက်ပျိုးထုတ်လုပ်တဲ့ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး၊ မြို့နယ်တွင်း ငှက်ပျောစိုက်ဧကမှာလည်း ဧက ၂၅၀၀၀ ခန့်ရှိလို့ စိုက်ပျိုးသည့်နှစ်မှာလည်း နှစ်ပေါင်း ၁၀၀ ခန့်ရှိပြီး၊ စိုက်ပျိုးတဲ့အတွေ့အကြုံလည်း အများဆုံးရှိတာကြောင့် ငှက်ပျောစိုက်ပျိုးရာမှာလည်း အောင်မြင်ဖြစ်ထွန်းတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။

ငှက်ပျောစိုက်တောင်သူများဟာ လက်ရှိမှာဒေသမျိုး၊ ဖီးကြမ်း၊ ခွံဝါ (သီးမွှေး)၊ ရွှေငှက်ပျောမျိုးများကို အဓိကစိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းနဲ့ ရန်ကုန်မြို့သို့လည်း ရေလမ်း ကုန်းလမ်းမှတစ်ဆင့် အဓိကတင်ပို့ရောင်းချလျက်ရှိပါတယ်။

ပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြည်တွင်းစားသုံးမှုမှ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေး၊ ငှက်ပျောစိုက်တောင်သူများ ဝင်ငွေတိုးပွားပြီး ခေတ်မီနည်းစနစ်များနဲ့ စနစ်တကျစိုက်ပျိုးနိုင်ရန် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြစိန်၊ ဂျပန်နိုင်ငံ ANA Food ကုမ္ပဏီလီမိတက် အဖွဲ့နဲ့ မတ်လ ၂၁ ရက်နေ့က ကျိုက်ထိုမြို့နယ်သို့ရောက်ရှိရာ ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအပြည်ပြည်ဆိုင်ရာကုန်သွယ် မှုမြှင့်တင်ရေးဌာန ဦးစီးအရာရှိဦးစိုးဦး နဲ့ ငှက်ပျောစိုက်ဒေသခံတောင်သူများ တွေ့ဆုံလျက် ငှက်ပျောစိုက်ပျိုးတဲ့ ကျိုက်ထိုမြို့နယ် လှည်းဆိပ်ကျေးရွာသို့ ဆက်လက် သွားရောက်ခဲ့ပါတယ်။

လှည်းဆိပ်ကျေးရွာ ငှက်ပျောစိုက်တောင်သူများနဲ့တွေ့ဆုံကာ ငှက်ပျောစိုက်ခင်းများကို သွားရောက်လေ့လာပြီး စိုက်ပျိုးရေးရရှိမှု၊ ဒေသစိုက်ပျိုးတဲ့နည်းစနစ်၊ တစ်ဧကကုန်ကျစရိတ်၊ ငှက်ပျောသီး အဖိုးအရေအတွက်၊ ရာသီဥတု၊ မိုးလေဝသအခြေအနေများ၊ ဓါတ်မြေဩဇာသုံးစွဲမှုရှိမရှိ၊ မိမိတို့လာရောက်ပြီး စမ်းသပ်စိုက်ပျိုးရင် ပူးပေါင်းဆောင်ရွက်နိုင်မှုရှိမရှိနဲ့ ပူးပေါင်းဆောင်ရွက်ရာတွင်လည်း လိုအပ်တဲ့အချက်အလက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်းသိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.13 Monday March 30 2015

# AIIB နဲ့ အေဒီဘီတို့ ပူးတွဲလုပ်ငန်းဆောင်ရွက်ဖို့ဆန္ဒရှိ



အာရှဒေသမှာ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေအတွက် တရုတ်နိုင်ငံက ကျောထောက်နောက်ခံပေးထားတဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank (AIIB) က အာရှဖွံ့ဖြိုး ရေးဘဏ် (Asian Development Bank-ADB) နဲ့လက်တွဲဆောင်ရွက်မယ်ဆိုရင် လက်ခံနိုင်ဖွယ်အခြေအနေရှိကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုရဲ့ မတ်လ ၂၄ ရက်က ပြောကြားချက်ကိုကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဒါပေမယ့် အမေရိကန်ပြည်ထောင်စုရဲ့ သတိပေးစကားကြောင့် ဂျပန်နိုင်ငံက AIIB ကိုအတည်ပြုပေးဖို့ တုံ့ဆိုင်းနေဆဲဖြစ်ပါတယ်။ ဘဏ်ရဲ့ စီမံ ခန့်ခွဲမှုမှာ ပွင့်လင်းမြင်သာမှုမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ မတ်လ ၃၁ ရက်မှာ နောက်ဆုံးထားပြီး AIIB နဲ့ ချိတ်ဆက်ဖို့ကိုတော့ ဆုံးဖြတ်ဖို့ အဆင်သင့် မဖြစ်သေးဘူးလို့ အာဆိုက ပြောပါတယ်။

မတ် ၃၁ ရက်နေ့မှာနောက်ဆုံးထားပြီး AIIB မှာပါဝင်မယ့်နိုင်ငံပေါင်း ၃၅ နိုင်ငံရှိနေကြောင်း ဘဏ်ရဲ့ယာယီအကြီးအကဲက မတ်လ ၂၁ ရက်နေ့က ပြောပါတယ်။ AIIB ပေါ်ထွန်းလာခြင်းဟာ အမေရိကန်ပြည်ထောင်စုက ဦးစီးတည်ထောင်ထားပြီး ဩဇာလွှမ်းမိုးခြင်းခံနေရတဲ့ ကမ္ဘာ့ဘဏ်နဲ့ အေဒီဘီတို့ အပြိုင်ဖြစ်လာလိမ့်မယ်လို့ ရှုမြင်ထားကြပါတယ်။

ချေးငွေကို ရေရှည်ပေးနိုင်ဖို့နဲ့ အခြေခံအဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းတွေမှာ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးနဲ့ လူမှုရေးဂယက်ရိုက်ခတ်မှုတွေထိန်းနိုင်ဖို့စတဲ့ကိစ္စတွေမှာ AIIB စွမ်းဆောင်ရည်ကို ဂျပန်နိုင်ငံက စိုးရိမ်မကင်းဖြစ်နေကြောင်း အာဆိုကပြောပါတယ်။



# ပေကျင်းခရီးစဉ်အတွင်း အိုင်အမ်အက်ဖ်အကြီးအကဲက AIIB ဘဏ် ဖွင့်လှစ်ရေးကို ကြိုဆို

အခြေခံအဆောက်အအုံဆောက်လုပ်ရေး ဘဏ်သစ်တည်ထောင်ရေးအတွက် တရုတ်နိုင်ငံရဲ့အစီအစဉ်ကို ကြိုဆိုကြောင်းအပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့( အိုင်အမ်အက်ဖ်) အကြီးအကဲ ခရစ်စတင်းလားဂတ်က ပြောပါတယ်။ ဒီဘဏ်ထူထောင်ရေးနဲ့ ပက်သက်ပြီး ဥရောပမှ ထောက်ခံမှုကို ရရှိထားသော်လည်း အမေရိကန်ပြည်ထောင်စုက သံသယရှိနေကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

တရုတ်နိုင်ငံဦးဆောင်တဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank -AIIB) တည်ထောင်ရေးအတွက် ပါဝင်လက်မှတ်ရေးထိုးရန် ရည်ရွယ်ကြောင်းဥရောပနိုင်ငံအတော်များများက ပြသခဲ့ပြီး နောက်ပိုင်း ငါးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်အပြီးမှာ လားဂတ်က ပြောကြားခဲ့တာဖြစ်ပါတယ်။

ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီနဲ့ တခြားနိုင်ငံတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကြောင့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ကမ္ဘာ့ဘဏ်နဲ့ မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ) တို့ကို အံ့အားသင့်စေခဲ့ပါတယ်။ တချို့က AIIB ကို ကမ္ဘာ့ဘဏ်နဲ့ အေဒီဘီရဲ့ ပြိုင်ဘက်အဖြစ် သဘောထားရှုမြင်ကြပါတယ်။

အဂတိတိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးနဲ့ ကမ္ဘာ့နိုင်ငံများနဲ့ အကျွမ်းတဝင်ရှိရေး စတဲ့နယ်ပယ်တွေမှာ တရုတ်နိုင်ငံရဲ့ကြိုးပမ်း ဆောင်ရွက်မှုတွေကို လားဂတ်က ချီးကျူးကြောင်း တရုတ်ဝန်ကြီးချုပ်လီကဲ့ရှင်းထုတ်ပြန်တဲ့ ကြေညာချက်တစ်ခုမှာ ဖော်ပြခဲ့ပါတယ်။

"အသစ်တည်ထောင်ဖို့ ကြိုးပမ်းနေတဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုအပါအဝင် ဒီနယ်ပယ်မှာ ဆောင်ရွက်မယ့် တရုတ်နိုင်ငံရဲ့ အစီအစဉ်တွေကို ကျွန်မကြိုဆိုပါတယ်" လို့ လားဂတ်က ပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ကွန်ရက်ကိုဖြန့်ကြက်ဖို့ အာဆီယံ အက်စ်အမ်အီးတွေကို တိုက်တွန်း

ဒေသတွင်းမှာရှိနေတဲ့အခွင့်အလမ်းအားလုံးကို အသုံးပြုပြီး မိမိတို့ရဲ့ကွန်ရက်ကိုတိုးချဲ့နိုင်အောင် ကြိုးစားကြဖို့နဲ့ ဒေသကြီးတစ်ခုလုံးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်အောင်ဆောင်ရွက်ဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာရှိတဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) တွေကို တိုက်တွန်းပါ တယ်။

အာဆီယံဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းကဏ္ဍအားလုံးမှာရှိတဲ့ အက်စ်အမ်အီးများက စီးပွားရေးဖွံ့ဖြိုးမှု တွန်းအားပေးအင်ဂျင်စက်အဖြစ် အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်နေကြောင်း SME Corp Malaysia ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်သူ တန်ဆရီအာ (ဒေါက်တာ) မိုဟာမက်အယ်လ်အာမင်အဗ္ဗဒူမာဂျစ်က ပြောပါတယ်။

၂၀၁၅ ခုနှစ်အကုန်မှာ အာဆီယံ စီးပွားရေးအသိုက်အဝန်း(အေအီးစီ)ကို အောင်မြင်စွာ အကောင်အထည်ဖော်တော့မှာဖြစ်ပါတယ်။ ဒီကာလမတိုင်မီမှာကြိုတင်ပြီး အက်စ်အမ်အီးတွေ ပြည့်ပြည့်ဝဝ တိုးတက်မှုရှိဖို့လိုအပ်ကြောင်း သူက ပြောပါတယ်။ အေအီးစီက အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို အပြည်ပြည်ဆိုင်ရာအဆင့်ထိ တိုးတက် အောင်ဆောင်ရွက်သွားဖို့ ရည်မှန်းချက်ရှိတဲ့အပြင် အာဆီယံဒေသကို ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုရှိတဲ့ ဒေသအဖြစ် ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။

"အာဆီယံဒေသရဲ့ လူဦးရေက သန်း၆၀၀ ကျော်ရှိပါတယ်။ ဒေသတွင်းမှာရှိတဲ့ စီးပွားရေးဖြစ်ထွန်းနိုင်တဲ့ အလားအလာကလည်း ကြီးမားပါတယ်။ ကဏ္ဍအလိုက်ကြည့်မယ်ဆိုရင်လည်း ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍမှ ဝန်ဆောင်မှုတို့ အပြင်အခြားကဏ္ဍတွေလည်း စုံစုံလင်လင် ပါဝင်လျက်ရှိနေပါတယ်" လို ဘာနားမား သတင်းဌာနနဲ့တွေ့ဆုံမေးမြန်းခန်းမှာ သူကပြောပါတယ်။

# ဘဏ်ပေါင်းစည်းရေး လုပ်ငန်းစဉ်များကို စတင်ဖို့ အာဆီယံသဘောတူ

၂၀၁၅ ခုနှစ်အကုန်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ရေးအတွက်ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဒေသတွင်းဘဏ်လုပ်ငန်းပေါင်းစည်းရေးကို စတင်ဆောင်ရွက်ဖို့ အာဆီယံဘဏ္ဍာရေးနဲ့ ဘဏ်လုပ်ငန်းအာဏာပိုင်တွေက သဘောတူထားကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework- ABIF) အတွက် အဓိက သဘောတူညီချက်အဖြစ် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများက ဝန်ဆောင်မှုဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီချက် ASEAN Framework Agreement on Services (AFAS) ကို မတ် ၂၁ ရက်က လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ဗဟိုဘဏ်များမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ အင်ဒိုနီးရှားဗဟိုဘဏ် (BI) က ပေါင်း စည်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ဖို့ သဘောတူညီခဲ့ပါတယ်။ ဒီပေါင်းစည်းရေး သဘောတူညီချက်လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ပြီးရင် နှစ်နိုင်ငံအပြန်အလှန်သဘောတူစာချုပ်တွေ ဆက်လက်ချုပ်ဆိုသွားမှာဖြစ်ကြောင်း အင်ဒိုနီးရှားဗဟိုဘဏ်မှ ပြောရေးဆိုခွင့်ရှိသူ ပီတာဂျက်ကော့က ပြောပါတယ်။

မလေးရှားဗဟိုဘဏ်ဖြစ်တဲ့ Bank Negara Malaysia (BNM) ၊ အင်ဒိုနီးရှားဗဟိုဘဏ်နဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုအာဏာပိုင်အဖွဲ့ (OJK) တို့က ၂၀၁၄ ခုနှစ်မှာ သဘောတူညီချက် တစ်စောင်ကိုလက်မှတ်ရေးထိုးခဲ့ကြပြီး နောက်ပိုင်း AFAS ကို နိုင်ငံစုံပါဝင်တဲ့ သဘောတူညီချက်တစ်စောင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီသဘောတူညီချက်တွေရရှိပြီး နောက်ပိုင်းမှာ စာချုပ်ဝင်သုံးဦးက စည်းမျဉ်းစည်းကမ်းတွေနဲ့ပတ်သက်တဲ့ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြဦးမှာ ဖြစ်ပါတယ်လို့ သူက ဂျကာတာပို့စ်သတင်းဌာနကို ပြောပါတယ်။

# အခွင့်အလမ်းတွေ အရအမိဖမ်းနိုင်ဖို့ ထိုင်းနိုင်ငံရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်ဖို့လို

ဒေသတွင်းသို့ စီးဝင်လာမယ့် အခွင့်အလမ်းများကို ရယူနိုင်အောင် ဆောင်ရွက်ဖို့အတွက် ထိုင်းနိုင်ငံမှာ မဟာဗျူဟာ အဖွဲ့အစည်းနဲ့လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်တွေကို တိုးတက်အောင် ဆောင်ရွက်ဖို့လိုကြောင်း စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အတိုင်ပင်ခံအဖွဲ့ မက်ကင်ဆေးကုမ္ပဏီ က မတ်လ ၂၀ ရက်က ပြောပါတယ်။

အာရှဒေသရဲ့အနာဂတ်ဖွံ့ဖြိုးမှုကို မောင်းနှင်ပေးနေတဲ့ အကြောင်းရင်းသုံးခုက ကမ္ဘာ့ကုန်ပစ္စည်းစီးဆင်းမှုရဲ့ ဝေစုအများကြီးကို ဖမ်းယူစုစည်းနိုင်မှု၊ မြို့ပြတည်ထောင်မှုလှိုင်း၊ နည်းပညာတွေ ပြောင်းလဲတိုးတက်မှု စသည့် အကြောင်းတွေဖြစ်ကြောင်း ကမ္ဘာ တစ်ဝန်း လုပ်ငန်းတွေဆောင်ရွက်နေတဲ့ မက်ကင်ဆေးကုမ္ပဏီရဲ့ ထိုင်းယူနစ်က ဖိုရမ်တစ်ခုမှာ ပြောပါတယ်။

အခွင့်အလမ်းရရှိမှု ရှုထောင့်က ကြည့်ရင် အာဆီယံဒေသက ကမ္ဘာ့ကုန်သွယ်ရေး စီးဆင်းမှု၊ မြို့ပြတည်ထောင်မှုနဲ့ နည်းပညာသစ်တွေကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပေးနေတဲ့ ဒေသတစ်ခုဖြစ်ကြောင်း မက်ကင်ဆေးကုမ္ပဏီ ထိုင်းယူနစ်ရဲ့ အကြီးတန်းအရာရှိ တောမတ်စ်ကို့ရှိက ထိုင်းနိုင်ငံမှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပတဲ့ "Mckinsey Thailand Forum on Enhancing Thailand's Competitiveness" ဆိုတဲ့ဖိုရမ်မှာ ပြောပါတယ်။

အာဆီယံဒေသအတွင်းမှာရှိတဲ့ အခွင့်အလမ်းတွေက အများကြီးဖြစ်ပေမယ့် တည်ရှိနေတဲ့ အခွင့်အလမ်းတွေကို အပြည့်အဝရယူမယ်ဆိုရင်တော့ ထိုင်းနိုင်ငံအတွက် စိန်ခေါ်မှုတွေရှိနေကြောင်း သူကပြောပါတယ်။ ဒါပေမယ့် ထိုင်းနိုင်ငံက ကောင်းကောင်း အဆင့်သင့်မဖြစ်သေးကြောင်းနဲ့ ထိုင်းနိုင်ငံအတွင်းသို့ ဒစ်ဂျစ်တယ်ထိုးဖောက်ပျံ့နှံ့မှုက နိမ့်ကျနေဆဲရှိနေသေးတယ်လို့ သူကပြောပါတယ်။

အဖွဲ့အစည်းတွေ ဖွဲ့စည်းတည်ဆောက်ပုံရဲ့ထိရောက်မှုက မကောင်းသေးကြောင်းနဲ့ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းတွေရဲ့ အရည်အသွေးပြည့်ဝမှုနဲ့ ကုန်ထုတ်စွမ်းအားက အလားတူဖြစ်ကြောင်း သူကပြောပါတယ်။

**ဘာလ်တင်-စုစည်းတင်ပြသည်**

# အင်ဒိုနီးရှားရှိ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူတွေအတွက် စည်းမျဉ်း ဥပဒေများကို ပြေလကစပြီး လျှော့ချမည်

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေ ရင်ဆိုင်နေရတဲ့ လိုအပ်ချက်တွေကို ပြေလကစပြီး အင်ဒိုနီးရှားနိုင်ငံက လျှော့ချပေးမှာဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုပေါင်းစည်းညှိနှိုင်းရေးဘုတ်အဖွဲ့အကြီးအကဲ ဖရန်ကီဆီဘာရာနီက မတ် ၂၃ ရက်က တိုကျိုမြို့မှာ ဂျပန်ရင်းနှီးမြှုပ်နှံသူတွေနဲ့တွေ့ဆုံစဉ်က ပြောကြားချက်ကို ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားမှာ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး လိုအပ်ချက်တွေက တင်းကျပ်တဲ့အတွက် ဂျပန်နိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက စောဒက တက်ကြကြောင်းဖရန်ကီကပြောပါတယ်။ ပြေကစပြီး အင်ဒိုနီးရှားနိုင်ငံရဲ့ ကဏ္ဍလေးခုမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု စည်းကမ်းချက်တွေကို လျှော့ချပေးမယ်လို့ သူကပြောကြောင်း အင်တာရာသတင်းအေဂျင်စီမှာ ဖော်ပြထားပါတယ်။

စည်းကမ်းချက်တွေ လျှော့ချပေးတဲ့ထဲမှာ ပြည်တွင်းအစိတ်အပိုင်းပါဝင်မှုအချိုး၊ ပို့ကုန်မြှင့်၍ သွင်းကုန်လျှော့ချမှု၊ ရင်းနှီးမြှုပ်နှံမှု ကိန်းဂဏန်းများနဲ့ အလုပ်သမားအရေးအတွက် စတဲ့ အချက်တွေဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု စည်းကမ်းချက်တွေချမှတ်ရာမှာ အင်ဒိုနီးရှားနိုင်ငံက တင်းကျပ်ပြီး အသေးစိတ်လိုက်လွန်းကြောင်း ဖရန်ကီက ဝန်ခံပြောကြားပါတယ်။ အင်ဒိုနီးရှား နိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံသူ ဂျပန်လူမျိုးများအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ဒီအခြေအနေနဲ့ပတ်သက်ပြီး ညည်းညူလျက်ရှိတယ်လို့ ဆို ပါတယ်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို ဂျပန်နိုင်ငံသို့ သွားရောက်တဲ့ ခရီးစဉ်အတွင်းလိုက်ပါခဲ့ကြတဲ့ ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) နဲ့တွေ့ဆုံဆွေးနွေးမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ဂျပန်ခရီးစဉ်အပြီး ဂျိုကိုဝီဒိုဒိုနဲ့ ကိုယ်စားလှယ်အဖွဲ့က တရုတ်နဲ့ မလေးရှားနိုင်ငံတွေကို သွားရောက်ခဲ့ပါတယ်။



# ၂၀၁၆ ခုနှစ်အကုန်မှာ ထိုင်းနိုင်ငံနေရာအနှံ့ မြန်နှုန်းမြင့်အင်တာနက် အသုံးပြုနိုင်မယ်

လာမယ့်နှစ်အကုန်မှာ ထိုင်းနိုင်ငံရဲ့ ကျေးရွာရပ်ကွက်အနှံ့မြန်နှုန်းမြင့် အင်တာနက်ဆက်သွယ်မှုရရှိပြီး ၂၀၁၇ ခုနှစ်မှာ အိမ်ထောင်စုတိုင်း အင်တာနက်ဆက်သွယ်မှုရရှိစေရမယ်လို့ ထိုင်းအစိုးရက မတ် ၂၄ ရက်တွင် ကြေညာကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ထို့ပြင် အစိုးရအေဂျင်စီ၊ နိုင်ငံတော်ပိုင်လုပ်ငန်းတွေနဲ့ ပုဂ္ဂလိက ကဏ္ဍကို ထောက်ပံ့မှုပေးနေပြီး ပုဂ္ဂလိကလုပ်ငန်း ဆောင်ရွက်နေတဲ့အမျိုးသားစာရင်းအင်းစင်တာ (National Data Centre)ရဲ့ လုပ်ငန်းတွေလွယ်ကူချောမွေ့စွာဆောင်ရွက်ပေးဖို့ အစိုးရက စီမံကိန်းချဆောင်ရွက်နေပါတယ်။ ဒီအတွက် ဘတ်ဘီလီယံ ၄၀ ရင်းနှီးသွားမှာဖြစ်ပါတယ်။

အစိုးရက G-point ရုံသစ် ၁၁ ခုကိုလည်း တိုးချဲ့ပြီး အဲဒီနေရာတွေကတစ်ဆင့် ဗဟိုကုန်တိုက်ကြီးတွေမှာရှိတဲ့ အစိုးရရဲ့ Smart ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုရုံမျိုးကို ဖေဖော်ဝါရီလအတွင်းက ဗန်ကောက်မှာ Central World ဆိုပြီး ထူထောင်ပေးထားပြီး ဖြစ်ပါတယ်။

အစိုးရက ကော်မတီတစ်ခုကို ထူထောင်ဖွဲ့စည်းပြီး နိုင်ငံတစ်ဝန်းလုံးမှာ ဖိုင်ဘာကြိုးမြှင့်နည်းပညာနဲ့ မြန်နှုန်းမြင့် အင်တာနက်ကို တပ်ဆင်အသုံးပြုနိုင်အောင်ဆောင်ရွက်ဖို့ ဒီကော်မတီကို တာဝန်ပေးခဲ့ပါတယ်။ ဒါကြောင့် လူတွေအားလုံးက အသိပညာဗဟုသုတတွေရရှိနိုင်မှာဖြစ်ပြီး စီးပွားရေး လုပ်ငန်းတွေကလည်း သူတို့ရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ပရီဒီယာဆွန်ဒီဗက်က ပြောပါတယ်။

ပထမခြေလှမ်းတစ်ရပ်အဖြစ် အစိုးရကကွန်ရက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက်စစ်တမ်းများကောက်ယူပြီး ဖိုင်ဘာအော့ပတစ်ကွန်ရက်စီမံဆောင်ရွက်သူတို့က ဒီရည်မှန်းချက်ကိုဖြစ်မြောက်အောင်ဆောင် ရွက်ပေးမှာ ဖြစ်ပါတယ်။

National Data Centre နဲ့ဆိုင်တဲ့ အစိုးရရဲ့ မူဝါဒအရ ဒီဝန်ဆောင်မှုတွေကို နိုင်ငံတော်နဲ့ ပုဂ္ဂလိကလုပ်ငန်းတွေအတွက် ဆောင်ရွက်ပေးနိုင်ဖို့ ရည်ရွယ်ပြီးအစိုးရက စီမံကိန်းတွေ ချမှတ်ဆောင်ရွက်ထားပါတယ်။ ဒီလိုဆောင်ရွက်နိုင်မယ်ဆိုရင် အဖွဲ့အစည်းတွေက ဒေတာတွေကို ချမှတ်မျှဝေပေးနိုင်မှာဖြစ်တဲ့အတွက် လုပ်ငန်းက စရိတ်လျှော့ချနိုင်တော့မှာ ဖြစ်ပါတယ်။

# အာကွီနိုအစိုးရ တာဝန်မကုန်ဆုံးမီ ဆေးရုံခေတ်မီ တိုးတက်ရေးအတွက် စီမံကိန်းချ

၂၀၁၆ ခုနှစ်မှာ သမ္မတဘင်နစ်ဂနိုအက်စ်စီ အာကွီ-၃ ရဲ့ သမ္မတတာဝန်မပြီးဆုံးမီ ဒေသဆိုင်ရာဆေးရုံများ အဆင့်မြှင့်တင်ရေးစီမံကိန်းများကို အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း အမှုဆောင်ဒါရိုက်တာရဲ့ မတ် ၂၀ ရက်က ပြောကြားချက်ကို ကိုးကားပြီး ဖီးလ်စတားဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

"ကျွန်မတို့ အကောင်အထည်ဖော်နေတဲ့ စီမံကိန်းတွေအများကြီးရှိပါတယ်။ အစိုးရရဲ့ သက်တမ်းမကုန်ဆုံးခင်စီမံကိန်းတွေထပ်ပြီး ဆောင်ရွက်ဦးမှာပါ" လို့ ပါဆေးစီးတီးမှာကျင်းပတဲ့ အခမ်းအနားတစ်ခုအပြီး အလွတ်သဘောဆွေးနွေးပွဲမှာ PPP Center ရဲ့ အမှုဆောင်ဒါရိုက်တာ ကိုးဆက်ဗ္ဗိကာနီလောက ပြောပါတယ်။

စီမံကိန်းထဲမှာထည့်သွင်းဖို့ စီစဉ်ထားတဲ့ထဲမှာ ဒေသဆိုင်ရာစီမံကိန်းတွေ ပြန်လည်ထူထောင်ရေးနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေလည်း ပါဝင်ကြောင်း မစ္စတာနီလောက ပြောကြားပြီး ဘယ်ဆေးရုံတွေကို စီမံကိန်းထဲ ထည့်ရင်ကောင်းမလဲဆိုတာကို ရှာဖွေဖော်ထုတ်နေကြောင်း သူမကပြောပါ တယ်။

ဖိလစ်ပိုင်ပီဆို ၆၂ ဘီလီယံ အသုံးပြုတည်ဆောက်မယ့် ဖိလစ်ပိုင်အရိုးကုစင်တာ ခေတ်မီတိုးတက်အောင် မြှင့်တင်ရေးစီမံကိန်းက ပီပီပီစင်တာနဲ့ တခြားဆေးရုံထူထောင်ရေး စီမံကိန်းတွေအတွက် ရှေ့ပြေး နမူနာစီမံ ကိန်းတစ်ခုဖြစ်ပါတယ်။

ပထမဆုံးဆေးရုံစီမံကိန်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက Megawide World Citi Consortium ကုမ္ပဏီကစတင် အဆိုပြု ခဲ့ပါတယ်။ Megawide Construction Corporation က ဦးဆောင်တဲ့ ဒီကုမ္ပဏီအုပ်စုက စီမံကိန်းထောက်ပံ့တဲ့အနေနဲ့ ချေးငွေအဖြစ် ၇၀ ရာခိုင်နှုန်းနဲ့ ရှယ်ယာပါဝင်မှုအဖြစ် ၃၀ ရာခိုင် နှုန်းဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

**ဘာလ်တင်-စုစည်းတင်ပြသည်**

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဆိုးလ်

သတင်းအချက်အလက်၊ ဆက်သွယ်ရေးနဲ့ နည်းပညာလုပ်ငန်းအတွက် ၂၀၂၀ပြည့်နှစ်မှာ ဝမ် ကိုးထရီလီယံ (ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံ)အသုံးပြုဖို့ စီမံထားပြီးဖြစ်ကြောင်း မတ်လ ၂၅ ရက်နေ့က သိပ္ပံပညာ၊ အိုင်စီတီနဲ့ အနာဂတ်စီမံကိန်းဝန်ကြီးဌာနရဲ့ ကြေညာချက်ကိုကိုးကားပြီး ကိုရီးယားဟာရယ်သတင်းမှာဖော်ပြပါတယ်။

### ဟနွိုင်း

ဗီယက်နမ်နိုင်ငံ ပြည်တွင်းဈေးကွက်များတွင် လာမယ့်အနာဂတ်ကာလ၌ ဖောက်သည်တွေက လျှပ်စစ်ဓာတ်စွမ်းအားကို တိုက်ရိုက် ဝယ်/ရောင်းပြုလုပ်မယ့် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း ငါးခုကို ထူထောင်သွားမှာဖြစ်ကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက ဟနွိုင်းမြို့မှာ မတ် ၂၅ ရက်က ကျင်းပတဲ့ ကွန်ဖရင့်တစ်ခုမှာ ကြေညာခဲ့တာကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

### ဂျကာတာ

အိမ်နီးနားချင်း အာဆီယံနိုင်ငံများအား ဝန်ဆောင်မှုကဏ္ဍများကို ဆောင်ရွက်ဖို့ခွင့်ပြုပေးခြင်းဖြင့် တိုင်းပြည်ရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို များစွာမြင့်တက်စေပြီး အပြန်အလှန်အားဖြင့် တိုင်းပြည်စီးပွားရေးကို အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က မတ် ၂၅ ရက်နေ့က ပြောကြားချက်ကိုကိုးကားပြီးဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

### ဘန်ကောက်

ထိုင်းနိုင်ငံရဲ့ ပို့ကုန်က နှစ်အလိုက် နှိုင်းယှဉ်ရင် ဇန်နဝါရီမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ ဖေဖော်ဝါရီမှာ ကျဆင်းမှုနှုန်းပိုမိုမြင့်မားပြီး ၆ ဒသမ ၁ ရာခိုင်နှုန်းအထိကျဆင်းခဲ့ကြောင်း ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတ် ၂၆ ရက်မှာ ထုတ်ပြန်ချက်ကို ကိုးကားပြီး Rttnews ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

**EAST ASIA**

## ငါးနှစ်အတွင်း တောင်ကိုရီးယားရဲ့ ပို့ကုန်သွင်းကုန်အချိုး အမြင့်ဆုံးကိုရောက်ရှိ

ရေနံဈေးတွေကျဆင်းတဲ့အတွက် ပို့ကုန်ဈေးနှုန်းတွေနဲ့ နှိုင်းယှဉ်ရင် သွင်းကုန်ဈေးနှုန်းတွေကျဆင်းမှုကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ ဖေဖော်ဝါရီလ ပို့ကုန် သွင်းကုန်အချိုးက ငါးနှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း မတ်လ ၂၄ ရက်ကထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာဖော်ပြပါတယ်။

မတ်လအတွင်းမှာ တောင်ကိုရီးယားနိုင်ငံ ကုန်ပစ္စည်းတွေရဲ့ ပို့ကုန် သွင်းကုန်အချိုးက ၁၀၀ ဒသမ ၅၂ ရာခိုင်နှုန်းအထိရောက်ရှိကာ ယခင်နှစ်ကရှိခဲ့ တဲ့အချိုးထက် ၁၂ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း ဗဟိုဘဏ်ကထုတ်ပြန်တဲ့ ပဏာမကိန်းဂဏန်းတွေအရ သိရပါ တယ်။ ယခုရရှိတဲ့အချိုးအစားက ၂၀၁၀ ပြည့်နှစ် ဇူလိုင်လကရရှိခဲ့တဲ့ ၁၀၀ ဒသမ ၅၃ ရာခိုင်နှုန်းပြီးရင် အမြင့်ဆုံးအဆင့်ဖြစ်ပါတယ်။ ပို့ကုန် သွင်းကုန်အချိုးဆိုတာက ပို့ကုန်တစ်ယူနစ်ကို ရောင်းချလို့ရငွေကို အသုံးပြုပြီး ဝယ်ယူလို့ရနိုင်တဲ့ သွင်းကုန်အရေအတွက်ကို ဖော်ပြတဲ့ အတိုင်းအတာတစ်ခုဖြစ်ပါတယ်။

ကမ္ဘာ့ရေနံဈေးနှုန်းတွေကျဆင်းတာကို အကြောင်းပြုပြီး ပို့ကုန်သွင်းကုန်အချိုးက လွန်ခဲ့တဲ့ ခြောက်လအတွင်းမှာ ဆက်တိုက်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးမှုနှုန်းကို ကြည့်ရင် ဒီဇင်ဘာလက ၃ ဒသမ ၉ ရာခိုင်နှုန်းရှိရာကနေ ဇန်နဝါရီလမှာ ၈ ဒသမ ၆ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုး မြင့်တက်လာတာကို တွေ့ရပါတယ်။ ဇန်နဝါရီနဲ့ နှိုင်းယှဉ်ရင် ဖေဖော်ဝါရီမှာ အညွှန်းကိန်းတိုးတက်မှု နှုန်းက ၄ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ခုနစ်လမြောက် ဆက်တိုက်တိုးတက်ခဲ့တာဖြစ်ပါတယ်။

စုစုပေါင်းပို့ကုန်တန်ဖိုးကိုအသုံးပြုပြီး သွင်းကုန်မည်မျှတင်သွင်းနိုင်မှာ ကို တိုင်းတာတဲ့ ပို့ကုန်သွင်းကုန်ဝင်ငွေ အချိုးက နှစ်အလိုက်နှိုင်းယှဉ်ရင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး ဖေဖော်ဝါရီလအတွင်း ၁၁၆ ဒသမ ၆၂ ရာခိုင်နှုန်း ရရှိခဲ့ရာ ခြောက်လမြောက် ဆက်တိုက်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**MIDDLE EAST**



## အမေရိကန်ပြည်ထောင်စုတွင် ရေနံအလျှံပယ်ဖြစ်နေပေမယ့် ကမ္ဘာ့ဝယ်လိုအားကြောင့် ရေနံစိမ်းဈေး မြင့်တက်

အမေရိကန် ပြည်ထောင်စုတွင် ရေနံတွေအလျှံပယ်ကြွယ်ဝမယ့် အလားအလာတွေ တွေ့မြင်နေရသော်လည်း ကမ္ဘာ့ဝယ်လိုအားက ခန့်မှန်းထားတာထက် ပိုမိုပြီးကြီးမားလာတဲ့အတွက် ရေနံစိမ်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၅ မှ ဒေါ်လာ ၆၀ အထိ ရောက်ရှိအောင် အထောက်အကူဖြစ်လိမ့်မယ်လို့ ပင်လယ်ကွေ့ဒေသ အိုပက်အဖွဲ့ရဲ့ ကိုယ်စားလှယ်တစ်ဦးက မတ် ၂၄ ရက်က ရိုက်တာသတင်းဌာနကို ပြောပါတယ်။ သူ့ရဲ့ ဝေဖန်ပြောကြားချက်က အမေရိကန်ပြည်ထောင်စုမှာ ရေနံ အလျှံအပယ်ကြွယ်ဝနေတဲ့အတွက် ရေနံဈေးနှုန်းတွေက တစ်စည်ကို ဒေါ်လာ ၂၀မှ ဒေါ်လာ ၃၀ အထိကျဆင်းမယ်ဆိုတဲ့ ဆန်းစစ်ချက်တွေနဲ့ ဖီလာဆန့်ကျင်မှု ရှိနေပါတယ်။

သူ့ဝေဖန်ချက်ကိုကြည့်ခြင်းအားဖြင့် ပင်လယ်ကွေ့အိုပက်အဖွဲ့ဝင်တွေက သူတို့ရဲ့ ဈေးကွက်ဝေစုကို ကာကွယ်ရေးအတွက် ယုံကြည်မှုရှိနေတယ်ဆိုတာကို ပြသနေပါတယ်။

“ကမ္ဘာ့ဝယ်လိုအားက ခန့်မှန်းထားတာထက်ပိုမိုကြီးထွားနေပါတယ်။ ဒီဇင်ဘာ၊ ဇန်နဝါရီနဲ့ အထူးသဖြင့် ဖေဖော်ဝါရီလမှာ အခြေအနေတွေက မျှော်မှန်းထားတာထက် ပိုမိုကောင်းမွန်တာကိုတွေ့ရပါတယ်”လို့ ကိုယ်စားလှယ်က ပြောပါတယ်။

ရေနံဈေးနှုန်းတွေ ကျနေတဲ့အတွက်အထူးသဖြင့် အမေရိကန်ပြည်ထောင်စုမှာဝယ်လိုအားပိုမိုမြင့်တက်ပြီး ဈေးနှုန်းကို မြင့်တက်စေနိုင်ပါတယ်။ ဒါပေမယ့် အာရှဒေသမှာလည်း ဒီလိုပဲ မြင့်တက်လာတယ်လို့ အမည်မဖော်လိုသူပင်လယ်ကွေ့ကိုယ်စားလှယ်ကပြောပါတယ်။

ဧပြီလအထိ ရေနံဈေးနှုန်းတွေကတစ်စည်ကို အမေရိကန်ဒေါ်လာ ၅၅ ဒေါ်လာမှ ဒေါ်လာ ၆၀ အထိ အတက်အကျရှိနိုင်ပါတယ်လို့ ပြောပါတယ်။ ဒီကာလက အမေရိကန်ပြည်ထောင်စုမှာ ရေနံချက်စက်ရုံတွေ ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ဖို့ ရပ်နားထားခြင်းနဲ့ အမေရိကန် စတော့တန်ဖိုးတွေ မြင့်တက်ခြင်းတို့ကြောင့် ဝယ်လိုအားကျဆင်းနိုင်ပါတယ်။

ဆော်ဒီအာရေးဘီးယား ရေနံဝန်ကြီး အလီအယ်လ်နိုင်မီက ရေနံထုတ်လုပ်မှုကိုတစ်ရက် စည် ၁၀ သန်းထုတ်လုပ်သွားမယ်လို့ ကြေညာထားပြီးဖြစ်ပါတယ်။

**SOUTH ASIA**

## အိန္ဒိယလူမျိုး ရာခိုင်နှုန်း ငါးဆယ်ကျော်က ၂၀၁၅ ခုနှစ်မှာ ခရီးသွားလာမှုအတွက် သုံးစွဲမှု တိုးမြှင့်မည်

အိန္ဒိယလူမျိုးအများစုမှာ ယခုနှစ်အတွက် ခရီးသွားလာရေးအစီအစဉ်တွေရှိနေပြီး သူတို့ထဲကအများစုက သူတို့ရဲ့ အသုံးစရိတ်ကို တိုးချဲ့သုံးစွဲဖို့ အစီအစဉ်ရှိကြောင်း အစီရင်ခံစာတစ်ခုမှာဖော်ပြထားချက်ကို ကိုးကားပြီး ဟိန္ဒူဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

“၂၀၁၅ ခုနှစ်မှာ အိန္ဒိယလူမျိုး ၅၃ ရာခိုင်နှုန်းကျော်က သူတို့ရဲ့ ခရီးသွားလာစရိတ်ကို တိုးမြှင့်သုံးစွဲဖို့ရှိပါတယ်။ ခရီးသွားစရိတ်ကို တိုးမြှင့်သုံးစွဲဖို့ ရည်မှန်းထားသူတွေထဲက အားလပ်ရက်ခရီးသွားလာတာက သူတို့နဲ့သူတို့မိသားစုအတွက် လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်း တစ်ခုဖြစ်တယ်လို့ ပြောကြားသူက ၅၂ ရာခိုင်နှုန်းနဲ့ ဒီနှစ်ထဲမှာ တစ်နေရာရာကိုသွားမယ်ဆိုတဲ့ ဆန္ဒရှိလို့ သွားတာပါ လို့ ပြောကြားသူက ၄၆ ရာခိုင်နှုန်း ရှိပါတယ်”လို့ ခရီးသွား လုပ်ငန်းတစ်ခုဖြစ်တဲ့ TripAdvisor ရဲ့ Trip Barometer လေ့လာချက်စာတမ်းမှာ ဖော်ပြထားပါတယ်။

Trip Barometer လေ့လာချက်က တစ်ကမ္ဘာလုံးမှာရှိတဲ့ ခရီးသွားလုပ်ငန်းဆောင်ရွက်သူတွေနဲ့ ခရီးသွားတွေကို Trip Advisor ရဲ့ ကိုယ်စားလှယ် သုတေသနလုပ်ငန်းဖြစ်တဲ့ Ipsos က ဆောင်ရွက်ပေးတဲ့ သုတေသန လေ့လာချက်အစီရင်ခံစာ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှ ခရီးသွားတွေနဲ့ ဟိုတယ်လုပ်ငန်းဆောင်ရွက်သူ စုစုပေါင်း ၄၄၀၀၀ ပါဝင်ပြီး အိန္ဒိယမှ ပါဝင်သူ ၁၀၃၇ ဦးရှိပါ တယ်။

“အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးအလားအလာအပေါ် ယုံကြည်ချက်ကောင်းမွန်မှုကို အခြေခံပြီး၂၀၁၅ ခုနှစ်မှာ အိန္ဒိယနိုင်ငံရဲ့ ခရီးသွားကဏ္ဍ တိုးတက်ကောင်းမွန်လာလိမ့်မယ်လို့ ခရီးသွားတွေကရော ဟိုတယ်လုပ်ငန်းရှင်တွေကပါ ယုံကြည်ထားကြပါတယ်။ ဒီယုံကြည်ချက်ကြောင့်ပဲ ဒီနှစ်ထဲမှာ နိုင်ငံရပ်ခြားကို ခရီးသွားဖို့ စီစဉ်ဆောင်ရွက်ကြတဲ့ ခရီးသွားဦးရေက ထူးထူးကဲကဲ တစ်ဟုန်ထိုး မြင့်တက်လာတာဖြစ်ပါတယ်”ဟု Trip Advisor ရဲ့ အိန္ဒိယဌာနေကိုယ်စားလှယ် နီစီးဂန်ဂျူက ပြောပါ တယ်။ ငွေကြေးကိစ္စတွေကြောင့် ဒီနှစ်ထဲမှာ ခရီးသွားအလာလျှော့ချမယ်လို့ပြောတဲ့သူက ၂၃ ရာခိုင်နှုန်း ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ယီမင်မှာသူပုန်တွေကို စစ်ရေးအရ အရေးယူမှုနဲ့ ဝေါစထရိမှာ စတော့ဈေးတွေကျဆင်းမှုကြောင့် မတ် ၂၆ ရက်က အာရှငွေကြေးအများစုရဲ့ တန်ဖိုးတွေ ကျဆင်းခဲ့တာကိုတွေ့ရပါတယ်။ ဝမ်တန်ဖိုးမြင့်တက်နေတာကို ထိန်းချုပ်ဖို့အတွက် နိုင်ငံခြားငွေဖလှယ်ရေး အာဏာပိုင်တွေက ဈေးကွက်ကို ဝင်ရောက်ကိုင်တွယ်လာတဲ့အတွက် တောင်ကိုရီးယားဝမ်တန်ဖိုး ကျဆင်းတာကို တွေ့ရပါတယ်။

လကုန်စာရင်းရှင်းဖို့အတွက် ကုန်သည်တွေရဲ့ ဒေါ်လာဝယ်လိုအား မြင့်မားလာတဲ့အတွက် မလေးရှား ရင်းဂစ်နဲ့ အင်ဒိုနီးရှားရူပြားတို့ရဲ့ တန်ဖိုးတွေနိမ့်ကျလာတာကိုတွေ့ရပါတယ်။ ဒါပေမယ့် ငွေကြေးအခြေအနေမတည်ငြိမ်စဉ်မှာ ငွေကြေးတန်ဖိုးကို ထိန်းသိမ်းထားနိုင်ဖို့အတွက် ယန်းငွေကြေးကို လုံခြုံစိတ်ချရာအဖြစ် သဘောထားဆောင်ရွက်လာကြတဲ့အတွက် ယန်းငွေနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးကျဆင်းခဲ့ပါတယ်။

မတ်လ ၂၅ ရက်မှာ အမေရိကန်စတော့ရှယ်ယာတွေက တတိယမြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ပါတယ်။ ထို့အတူ အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုနဲ့ပတ်သက်တဲ့ စိုးရိမ်စိတ်တွေလည်း ပိုမိုကြီးထွားလာတာကို တွေ့ရပါတယ်။ ဆော်ဒီအာရေးဗီးယားနိုင်ငံက မဟာမိတ် ၁၀ နိုင်ငံကို ဦးဆောင်ပြီး ယီမင်နိုင်ငံရှိ သူပုန်စခန်းတွေကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခဲ့တဲ့အတွက် ရေနံဈေးနှုန်းတွေ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်နိုင်ငံနဲ့ အာမေနီးယားနိုင်ငံတို့ငွေကြေးဖလှယ်ရေး သဘောတူထားတဲ့ပမာဏ ယွမ်တစ်ဘီလီယံ(ဒေါ်လာ ၁၆၂ဒသမ ၉၃သန်း)သို့မဟုတ် အာမေနီးယန်းနိုင်ငံသုံး ငွေကြေး ၃ ဒသမ ၇၇ ဘီလီယံထိမြင့်တက်လာပြီး နောက်ပိုင်း ယွမ်တန်ဖိုးလည်း မြင့်တက်လာခဲ့ပါတယ်။ တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနမှာ မတ် ၂၆ ရက်က ယွမ်ငွေကြေးရဲ့ ဗဟိုဘဏ်ဖလှယ်နှုန်းက သုည ဒသမ ၃၅ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၁၃၇၅ ယွမ်နှုန်းထိ ရောက်ရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

လကုန်စာရင်း ရှင်းလင်းဖို့အတွက် အမေရိကန်ဒေါ်လာကို ဘဏ်တွေနဲ့ သွင်းကုန်လုပ်ငန်းရှင်တွေရဲ့ ဝယ်လိုအားမြင့်မားလာတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ မတ် ၂၆ ရက်က ရူပီးတန်ဖိုးက သုည ဒသမ ၃၁ ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၂ ဒသမ ၆၄ ရူပီးနှုန်းကိုရောက်ရှိခဲ့ပါတယ်။

ရူပီးငွေကြေးတန်ဖိုး ကျဆင်းရခြင်းမှာ သွင်းကုန်လုပ်ငန်းရှင်များရဲ့ ဒေါ်လာဝယ်လိုအားမြင့်မားလာတဲ့အပြင် ပြည်တွင်းရှယ်ယာဈေးကွက်အဖွင့်မှာ ရှယ်ယာဈေးနှုန်းတွေကျဆင်းတာ လည်း ပါဝင်ကြောင်း ကုန်သည်တွေက ပြောပါတယ်။ ဒါပေမယ့် ပြည်ပဈေးကွက်မှာ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းမှုက ရူပီးတန်ဖိုးကျဆင်းမှုကို ထိန်းပေးခဲ့ပါတယ်။

**ဂျပန်ယန်း**

မတ် ၂၆ ရက်က အာရှဈေးကွက်မှာ အဓိကငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ယန်းငွေတန်ဖိုး မြင့်တက်ခဲ့ပြီး ဒေါ်လာနဲ့ဖလှယ်ရာမှာ တစ်လအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဖလှယ်နှုန်းတွေအနက် အမြင့်ဆုံးကိုရောက်ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပ စတော့ဈေးတွေကျဆင်းပြီးနောက် ဂျပန်ယန်းငွေကို ရင်းနှီးမြှုပ်နှံသူတွေက ဝယ်ယူလာတာကို တွေ့ရပါတယ်။ ဒေါ်လာ/ယန်း ဖလှယ်နှုန်းက မတ် ၂၅ ရက်က တိုကျိုမှာ ၁၁၉ ဒသမ ၆၂ ယန်းနှုန်းရှိရာမှ ၁၁၈ ဒသမ ၉၉ ယန်းနှုန်းထိ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။ ယူရိုငွေကြေး ဖလှယ်နှုန်းက ၁ ဒသမ ၀၉၇၃ ဒေါ်လာနှုန်းမှ ၁ ဒသမ ၀၉၈၆ ဒေါ်လာနှုန်းသို့ မြင့်တက်ပြီး ယန်းငွေနဲ့ဖလှယ်ရာမှာ တစ်ယူရိုကို ၁၃၁ ဒသမ ၀၅ ယန်းမှ ၁၃၀ ဒသမ ၇၅ ယန်းနှုန်းသို့ ကျဆင်းခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

အမေရိကန်စီးပွားရေးကိန်းဂဏန်းတွေကျဆင်းနေပေမယ့် တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့တဲ့အတွက် ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။ မတ် ၂၆ ရက်နံနက် ၉ နာရီမှာ ရင်းဂစ်တန်ဖိုးက တစ်ဒေါ်လာ ကို ၃ ဒသမ ၆၇၅၅ ရင်းဂစ်နှုန်းဖြစ်တဲ့အတွက် မတ်လ ၂၅ ရက် ညနေ ၅ နာရီကရှိခဲ့တဲ့ တစ်ဒေါ်လာ ၃ ဒသမ ၆၆၄၅ ရင်းဂစ်နှုန်းအောက် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ဆော်ဒီအာရေးဗီးယားနဲ့ မဟာမိတ်တွေက ယီမင်နိုင်ငံကို စစ်ရေးအရ အရေးယူပြီးနောက် ရင်းနှီးမြှုပ်နှံသူတွေကထွန်းသစ်စဈေးကွက်မှ အက်ဆက်တွေကို ရှောင်ဖယ်လာကြတဲ့အတွက် တောင်ကိုရီးယားဝမ်တန်ဖိုးက လေးရက်အတွင်း ပထမဆုံးအဖြစ် ကျဆင်းခဲ့ပါတယ်။ ဆိုးလ်မြို့မှာ မတ် ၂၅ ရက် ညနေ ၃ နာရီ ဈေးကွက်ပိတ်ချိန်မှာ ဝမ်ငွေကြေးတန်ဖိုးက သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၀၇ ဒသမ ၇၂ ဝမ်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း ဘလွမ်းဘတ်က ပြုစုထားတဲ့ စာရင်းတွေအရ သိရပါတယ်။

**ထိုင်းဘတ်**

အမေရိကန်ပြည်ထောင်စုရဲ့ ကြာရှည်ခံကုန်စည်များရဲ့ အမှာစာတွေကျဆင်းကြောင်းကြေညာခဲ့ပြီး နောက်ပိုင်း စီးပွားရေးတိုးတက်နှုန်း ကျဆင်းမယ့် လက္ခဏာတွေပြသလာပါတယ်။ ဒါပေမယ့် ဒေါ်လာနဲ့ ဘတ်ငွေဖလှယ် နှုန်းက တစ်ဒေါ်လာကို ၃၂ ဒသမ ၅၄ ဘတ်ကနေ ၃၂ ဒသမ ၅၉ ဘတ်နှုန်းထိရောက်ရှိကာ ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ICBC Indonesia ဘဏ်က ယွမ်ငွေကြေးကို တိုးမြှင့်အသုံးပြု

အထူးသဖြင့် ကုန်သွယ်မှုအတွက် ငွေပေးငွေယူပြုလုပ်ရာမှာ ဘဏ်ရဲ့ ဖောက်သည်များအတွက်အဓိက ငွေကြေးအဖြစ် တရုတ်နိုင်ငံသုံးငွေကြေး ရင်မင်ဘီ(ယွမ်) ကို ပုဂ္ဂလိကငွေချေးဘဏ် ICBC Indonesia က တိုးမြှင့်သုံးစွဲလျက်ရှိကြောင်း၊ ဒီလိုသုံးစွဲခြင်းအားဖြင့် အင်ဒိုနီးရှားနိုင်ငံသုံး ငွေကြေး၏ ရှိပြီးတန်ဖိုးကျဆင်းမှုကြောင့် ဖြစ်ပေါ် ရတဲ့ ဂယက်ရိုက်ခတ်မှုမှသက်သာရာရစေခဲ့ကြောင်း ဂျာကာတာပို့စ် သတင်းမှာ ဖော်ပြပါတယ်။



အင်ဒိုနီးရှားဘဏ်က ပေကျင်းအခြေစိုက် တရုတ်စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ် (Industrial and Commercial Bank of China -ICBC) ရဲ့ ဘဏ်ခွဲတစ်ခုဖြစ်ပြီး ဘဏ်ရဲ့ဖောက်သည်တွေအတွက် အကျိုးဖြစ်ထွန်းစေရန်ရည်ရွယ်ကာ အမေရိကန်ဒေါ်လာနေရာမှာအစားထိုးပြီး ယွမ်ငွေကြေးကို တိုးမြှင့်သုံးစွဲခဲ့တာဖြစ်ကြောင်း ဘဏ်ရဲ့ အမှုဆောင်အရာရှိတစ်ဦးက ပြောပါတယ်။

တရုတ်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံရဲ့ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပေမယ့် တရုတ်နိုင်ငံနဲ့ ကုန်သွယ်တဲ့ ပို့ကုန်သွင်းကုန်တွေကို ရှင်းလင်းရာမှာ ဒေါ်လာငွေကြေးကို သုံးစွဲရတာကို ဘဏ်ဖောက်သည်တွေက ပိုမိုသဘောကျနေဆဲဖြစ်ကြောင်း မဟာဗျူဟာစီမံခန့်ခွဲမှုနဲ့ အသွင်ကူးပြောင်းရေးဌာန ဒုတိယအကြီးအကဲ ဆူရီယာဝီဂျာယာက ပြောပါတယ်။

အမျိုးသားအဆင့် အခြေအနေကိုကြည့်ပါက ပို့ကုန်သွင်းကုန်များကို ငွေပေးငွေယူရှင်းလင်းရာမှာအဓိကငွေကြေးအဖြစ် ဒေါ်လာကိုအသုံးပြုသူက ၉၀ ရာခိုင်နှုန်းရှိတယ်လို့ ဆူရီယာက ပြောပါတယ်။

“လောလောဆယ် အင်ဒိုနီးရှား ဘဏ်လုပ်ငန်းအတွင်း ကုန်သွယ်မှုနဲ့ ငွေထုတ်ငွေသွင်းပြုလုပ်ရာမှာယွမ်ငွေကြေးကို အသုံးပြုတာ ၁၀ ရာခိုင်နှုန်းတောင် မပြည့်ပါဘူး။ ဒီရာခိုင်နှုန်းက ကျွန်တော်တို့ဘဏ်အတွက် အတော်ကြီးနိမ့်ကျနေပါသေးတယ်”လို့ ဆူရီယာကပြောပါတယ်။

# ဒေါ်လာတန်ဖိုး မြင့်တက်မှုကို အမေရိကန်နိုင်ငံက ဖြေရှင်းနိုင်

ယခုနှစ်အတွင်းမှာ ဒေါ်လာတန်ဖိုးပြန်လည်မြင့်တက်လာတာကို တွေ့ရပါတယ်။ ဒီလိုဒေါ်လာတန်ဖိုး မြင့်တက်တာက ယခုနှစ်အမေရိကန် ပြည်ထောင်စုရဲ့ စီးပွားရေးမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့တဲ့အချက်တွေထဲမှာ တစ်ခုအဖြစ်ပါဝင်နေတာကို တွေ့ရပါတယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စုရဲ့စီးပွားရေးက ဒီအခြေအနေကိုဖြေရှင်းနိုင်လောက်တဲ့အထိ စွမ်းအား အလုံအလောက်ခိုင်မာမှုရှိကြောင်း အမေရိကန်ဗဟိုဘဏ်မှ ထိပ်တန်းဘဏ်လုပ်ငန်းရှင်တစ်ဦးက မတ်လ ၂၄ ရက်က ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။

ဒေါ်လာတန်ဖိုးမြင့်တက်နေပေမယ့် ၂၀၁၅ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးက ၂ ဒသမ ၅ ရာခိုင်နှုန်းဝန်းကျင် မြင့်တက်လိမ့်မယ်လို့ ခန့်မှန်းကြောင်း ဆန်ဖရန်စ္စကိုဗဟိုဘဏ်ဥက္ကဋ္ဌ ဂျွန်ဝီလျံက ပြောပါတယ်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ကနေ အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ပြုလုပ်တဲ့ စီးပွားရေးကွန်ဖရင့်တစ်ခုမှာ ဗဟိုဘဏ်ဥက္ကဋ္ဌ ဝီလျံကပြောကြားခဲ့တာဖြစ်ပါတယ်။

ငွေကြေးတန်ဖိုးမြင့်တက်ရတာက တစ်စိတ်တစ်ပိုင်းအားဖြင့် ဥရောပနဲ့ ဂျပန်နိုင်ငံတို့ရဲ့ ဗဟိုဘဏ်တွေက ငွေကြေးမူဝါဒတွေ လျှော့ချပေးတဲ့အတွက်ကြောင့်ဖြစ်ပြီး ဒီလိုလျှော့ချပေးတဲ့အတွက် အပြန်အလှန်အားဖြင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကောင်းမွန်တဲ့ အလားအလာတွေကိုဖြစ်ပေါ်စေတဲ့အပြင် အမေရိကန်ပြည်ထောင်စုအတွက်လည်း အထောက်အကူဖြစ်စေခဲ့ကြောင်း ဝီလျံက ပြောပါတယ်။

အမေရိကန်စီးပွားရေးမှာ အလုပ်အကိုင်ရရှိမှုက အပြည့်အဝအဆင့်ရောက်လုနီးပါးရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းကို မြှင့်တင်ပေးမှာဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က ယခုနှစ်ထဲမှာ အတိုးနှုန်းတွေ မြှင့်ပေးမှာဖြစ်ကြောင်း ဝီလျံက ခန့်မှန်းထားပါတယ်။

## တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၅ ခုနှစ်အတွက် ဩဇာအာဏာအရှိဆုံး ပုဂ္ဂိုလ်များစာရင်းမှာ ပါဝင်လာတဲ့2NE1 ရဲ့ CL

ကမ္ဘာကျော် မဂ္ဂဇင်းကြီးတစ်စောင်ဖြစ်တဲ့ တိုင်းမ်မဂ္ဂဇင်းဟာ လစဉ်လတိုင်း ကမ္ဘာတစ်ခွင်က ပရိသတ်တွေရဲ့အာရုံကို ဖမ်းစားနိုင်တဲ့ပုဂ္ဂိုလ်တွေကို စုစည်းထားလေ့ရှိပါတယ်။

တိုင်းမ်မဂ္ဂဇင်းဟာ ကမ္ဘာတစ်ဝန်းက ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်စုစုပေါင်း ၁၀၀ ကိုဖော်ပြရာမှာ တောင်ကိုရီးယားရဲ့ ကေပေ့ါလောကမှာ အောင်မြင်နေပြီး ကမ္ဘာအရပ်ရပ်ကပါအားပေးခဲ့ကြတဲ့ 2NE1 ရဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ CL ကို ထည့်သွင်းရွေးချယ်ထားတယ်လို့ ဆိုပါတယ်။ CL ဟာ တိုင်းမ်မဂ္ဂဇင်းရဲ့ အွန်လိုင်းမှ မဲပေးရွေးချယ်မှုမှာ ပရိသတ်တွေရဲ့ အားပေးမှုကို ရရှိခဲ့တယ်လို့ ဆိုပါတယ်။ လက်ရှိအချိန်မှာ CL ဟာ မဲအများဆုံး ၈ ဒသမ ၇ရာခိုင်နှုန်းအထိရရှိနေပြီး လေဒီဂါဂါကတော့ ၄ ဒသမ ၁ရာခိုင်နှုန်းနဲ့ဒုတိယနေရာမှာရှိနေပါတယ်။ အဲဒီမဲပေးရွေးချယ်မှုမှာ ဘီယွန်နဲ့စ်၊ ရီဟားနား၊ တေလာဆွစ်ဖ်နဲ့ အီမာဝပ်ဆန်တို့လည်း ပါဝင်ခဲ့ပေမယ့် CL ကိုတော့လိုက်မမီခဲ့ဘူးလို့ ဆိုပါတယ်။

CL ဟာ တိုင်းမ်မဂ္ဂဇင်းရဲ့ ဝက်ဘ်ဆိုက်မှာ သူ့ရဲ့နောက်ဆုံးထုတ်အယ်လ်ဘမ်ဖြစ်တဲ့ Scooter Braun ကို မိတ်ဆက်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ မဲအများဆုံး ရရှိခဲ့တာဖြစ်ပါတယ်။

CL ဟာ တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်ခဲ့တဲ့ ဩဇာအာဏာအရှိဆုံး ပုဂ္ဂိုလ် ၁၀၀ မှာပါဝင်ခဲ့တဲ့ ကေပေ့ါရဲ့ အဆိုတော် ရုပ်ရှင်မင်းသားရိန်းနဲ့ PSY တို့နောက် တတိယမြောက်ကျော်ကြားသူတစ်ဦး ဖြစ်ခဲ့ပါတယ်။





## အဒဲလ်နဲ့ လက်တွဲလိုတဲ့ နီယို

Let Me Love You သီချင်းနဲ့ ကျော်ကြားလာခဲ့တဲ့ နီယိုက သူ့အနေနဲ့ ဂရမ်မီဆုပိုင်ရှင်ဖြစ်တဲ့ ဗြိတိသျှအဆိုတော် အဒဲလ်၊ ဆမ်စမစ်တို့နဲ့ လက်တွဲသွားချင်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

"အခုဆိုရင် ဆမ်စမစ်နဲ့လက်တွဲသွားဖို့ စီစဉ်နေပါပြီ။ နောက်ထပ်လည်း အဒဲလ်နဲ့လက်တွဲသွားချင်ပါတယ်။ စတူဒီယိုထဲမှာ အဒဲလ်နဲ့အတူတူ သီဆိုသွားချင်ပါတယ်။ အသံကောင်းလှတဲ့ အဒဲလ်နဲ့ လက်တွဲခွင့်သာရမယ်ဆိုရင်တော့ အတိုင်းမသိ ပျော်မိမှာပါ"လို့ နီယိုက ပြောကြားခဲ့ပါတယ်။

စတူဒီယိုတစ်ခုကို ပိုင်ဆိုင်ထားတဲ့ အဒဲလ်ဟာ ထုတ်လုပ်သူတစ်ဦးဖြစ်သလို ကမ္ဘာကျော်အဆိုတော်တစ်ဦးလည်းဖြစ်နေတာကြောင့် နီယိုက အဒဲလ်နဲ့လက်တွဲချင်နေတာဖြစ်ပါတယ်။

အသက် ၃၅နှစ်အရွယ်ရှိပြီဖြစ်တဲ့ နီယိုဟာလည်း အဆိုတော်တစ်ဦးဖြစ်သလို ထုတ်လုပ်သူတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ မကြာသေးခင်က Non- Fiction ဆိုတဲ့သီချင်းအယ်လ်ဘမ်တစ် ခုကို ထုတ်လုပ်ခဲ့ပါတယ်။

အဲဒီ အယ်လ်ဘမ်မှာ ဘီယွန်နဲ့စ်၊ ရီဟားနားနဲ့ ဆလင်းဒီယွန်တို့လို နာမည်ကျော်အဆိုတော်တွေနဲ့ပူးပေါင်းပြီး ထူးခြားပြောင်မြောက်တဲ့ ဖန်တီးမှုအနုပညာအစီအစဉ်တစ်ရပ်ကို ထည့်သွင်းထားတယ်လို့ ဆိုပါတယ်။

## ဂျနီဖာလိုပက်ဇ်ရဲ့ကားကို ဝင်တိုက်ခဲ့တဲ့ကားဒရိုင်ဘာ ထောင်သုံးနှစ်ကျ



ဂျနီဖာလိုပက်ဇ်ရဲ့ ဇိမ်ခံကားကြီးဖြစ်တဲ့ ရိုးလ်စ်ရွိုက်စ်ကားကြီးကို ဝင်တိုက်ခဲ့တဲ့ ကား ဒရိုင်ဘာကို လော့စ်အိန်ဂျလိစ်နယ်မြေခရိုင် တရားရုံးက ထောင်ဒဏ်သုံးနှစ်ကျခံစေဖို့ အမိန့်ချမှတ်လိုက်ပါတယ်။

အသက် ၅၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရောဘတ်ဂျွန်ရိဇ်လို့ အမည်ရတဲ့ကား ဒရိုင်ဘာဟာ အရက်အလွန်အကျွံသောက်ထားပြီး ဂျနီဖာလိုပက်ဇ်ရဲ့ ရိုးလ်စ်ရွိုက်စ်ကားကြီးကို ဝင်ရောက်တိုက်မိခဲ့တာဖြစ်ပါတယ်။

ကားဒရိုင်ဘာ ရောဘတ်က သူ့အနေနဲ့အရက်သောက်မိတာ မှားပါတယ်လို့ ဝန်ခံခဲ့ပေမယ့် တရားရုံးကတော့ ထောင်ဒဏ်အပြစ်ပေးခဲ့ပါတယ်။ ရောဘတ်ဟာ ထောင်ဒဏ်အပြင် အရက်စွဲတဲ့သူတွေကိုပြုစုကုသတဲ့ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးစခန်းမှာလည်း သွားရောက်နေထိုင်ရဦးမှာ ဖြစ်ပါတယ်။

အဲဒီဖြစ်ရပ်ဟာ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းကဖြစ်ပွားခဲ့တာဖြစ်ပြီးဖြစ်ပွားစဉ်က ရောဘတ်ဟာ သတ်မှတ်ထားတဲ့ အတိုင်းအတာရဲ့ နှစ်ဆမျှကျော်လွန်နေတာကြောင့် ခုလိုပြစ်ဒဏ်ချမှတ်ခံခဲ့ရတာဖြစ်ပါတယ်။

ယာဉ်တိုက်မှုဖြစ်ပွားစဉ်က လိုပက်ဇ်ရဲ့ကားနောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့တာကြောင့် လိုပက်ဇ်ဟာ ကားအသစ်တစ်စီးကို ဝယ်စီးခဲ့ရတယ်လို့ သူ့ရဲ့လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။



## Fifty Shades ဝန်ဆောင်မှုလုပ်ငန်းနဲ့ လမ်းခွဲလိုက်တဲ့ ဆမ်တေလာဂျွန်ဆင်

Fifty Shades of Grey ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ ဆမ်တေလာဂျွန်ဆင်ဟာ Fifty Shades ဝန်ဆောင်မှုလုပ်ငန်းနဲ့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။

အဲဒါကြောင့် Fifty Shades ဝန်ဆောင်မှုလုပ်ငန်းက နောက်ထပ်ရိုက်ကူးမယ့်ဇာတ်လမ်းတွဲတွေမှာ ပါဝင်ရိုက်ကူးတော့မှာ မဟုတ်ဘူးလို့ ဆမ်က တရားဝင် ထုတ်ဖော်ကြေညာလိုက်တာဖြစ်ပါတယ်။

အသက် ၄၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆမ်ဟာ Fifty Shade စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းမှာ ဒါရိုက်တာအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း Fifty Shade of Grey ဇာတ်လမ်းနဲ့ Fifty Shade Darker ဇာတ်လမ်းတွေကို ရိုက်ကူးပေးခဲ့ပါတယ်။

ပထမဆုံး ရိုက်ကူးခဲ့တဲ့ Fifty Shade Darker ဇာတ်ကားမှာတုန်းက အောင်မြင်မှုမရရှိခဲ့ပေမယ့် ဒုတိယမြောက် ဇာတ်ကားဖြစ်တဲ့ Fifty Shade of Grey ဇာတ်ကားမှာတော့ အောင်မြင်မှုသရဖူကို ဆောင်းနိုင်ခဲ့ပါတယ်။

အဲဒီလိုအောင်မြင်ခဲ့ပြီးတဲ့နောက်မှာ ဆမ်နဲ့ ရောင်းအားအကောင်းဆုံး စာရေးဆရာတစ်ဦးဖြစ်တဲ့ အီးအယ်လ်ဂျိမ်းစ်တို့ဟာ သဘောထားတွေ တော်တော်များများ ကွဲလွဲခဲ့ပါတယ်။ လုပ်ငန်းပိုင်းမှာ နေရာယူမှုကအစ ငွေရေးကြေးရေးအဆုံး သဘောထားတွေကွဲလွဲခဲ့တာကြောင့် ခုလို လမ်းခွဲ ခဲ့ရတာပါလို့ သူက ဆိုပါတယ်။

"Fifty Shade of Grey အောင်မြင်ခဲ့တဲ့အတွက် ယူနီဗာဆယ်ရုပ်ရှင် ထုတ်လုပ်ရေးကို ကျေးဇူးတင်ပါတယ်" လို့ ဆမ်က ပြောကြားခဲ့ပါတယ်။



TOKYO PIPE & KYOTO ELECTRONIC
uPVC Pipes အမျိုးမျိုး
ပိုက်ဆက်ပစ္စည်းအမျိုးမျိုး
HDPE Pipe
HDPE Pipe Fitting များ
HDPE Pipe များ
ကြိုးပိုက်၊ ဘာဂျာပိုက်အမျိုးမျိုး
Screen Pipe & Casing Pipe များ
Super Spring Hose
Super Braid Hose & Water Discharge Hose
33 KV, 11 KV, 0.4 KV Wire Cables အမျိုးမျိုး
Electrical Conduits Pipe & Fitting များ
ရေပူ၊ ရေအေးပိုက်& Fitting များ Nickel Coatted Copper
စတီးကြိုး၊ သံကြိုးများ
H-Bean များ
ဘိလပ်မြေများ
သံချောင်းများ(Deformed Bar)
Submersible Pump & Expension Joint များ
Corner ချောင်းများ
ရေကူးကန်နှင့် အဆောက်အဦး PVC မြောင်းဖုံးများ
PVC တံခါး၊ အိမ်သာခွက် နှင့် PVC/HDPE ပိုက်များ
ကော်စေ့များ
PVC Car Pets
Manual/Electric Stacker
Electric Chain Hoist
Hotel နှင့် အိမ်သုံး Kyoto Electronic အမျိုးမျိုး
YAMAHA
လုပ်ငန်းသုံး Inkjet Printer
Imperial Leather Soap & Products
Multi Passenger & Personal Transportation Vehicle
MYANMAR PIPES & ACCESSORIES CO., LTD.
Excel Treasure Tower
Tel : 95-1-559 744, 09-500 1326 Fax: 95-1-558 869

COMMERCE INTERNATIONAL

# ယီမင်တွင် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ရေနံစိမ်းဈေးနှုန်းမြင့်တက်

ဆော်ဒီအာရေဗီးယားနဲ့ ပင်လယ်ကွေ့အာရပ်မဟာမိတ်တို့က ယီမင်နိုင်ငံကို စစ်ရေးအရ အရေးယူမှုများကိုစတင်ဆောင်ရွက်ပြီးနောက်ပိုင်း မတ်လ ၂၅ ရက်မှာ ဘရင့်ရေနံစိမ်းဈေးနှုန်းများက ၆ ရာခိုင်နှုန်းနီးပါးမြင့်တက်လာကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ဒါပေမယ့် ဒီလေကြောင်းတိုက်ခိုက်မှုကြောင့် ရေနံဖြန့်ဖြူးမှုအခြေအနေကိုခြိမ်းခြောက်မှုအနည်းငယ်သာ ရှိလိမ့်မယ်လို့ သွင်းကုန်လုပ်ငန်းရှင်တွေက ခန့်မှန်းထားပါတယ်။

ဆော်ဒီအာရေဗီးယားက ရေနံကြွယ်ဝတဲ့ အရှေ့အလယ်ပိုင်းဒေသကို လေကြောင်း တိုက်ခိုက်တာက အစပြုပြီး ထိန်းမနိုင် သိမ်းမရ ပျံ့နှံ့သွားမယ့် အခြေအနေမျိုးကို ရောက်ရှိသွားနိုင်လို့ စိုးရိမ်မကင်းဖြစ်မိကြောင်း ကုန်သည်တွေနဲ့ သွင်းကုန်လုပ်ငန်းရှင်တွေက သုံးသပ်ခဲ့ကြတဲ့အတွက် ရေနံဈေးနှုန်းတွေတစ်ဟုန်ထိုး မြင့်တက်လာပါတယ်။

ယီမင်မြို့တွင်းက Houthi သူပုန်တွေကို အခုလို လေကြောင်းကနေ တိုက်ခိုက်မှုတွေ ပြုလုပ်လာတာကြောင့် အရှေ့အလယ်ပိုင်းဒေသ ရေနံတင်ပို့မှုရဲ့ လုံခြုံမှုအတွက် စိုးရိမ်စရာတွေဖြစ်ပေါ်လာစေနိုင်ပါတယ်။

ဘရင့်ရေနံစိမ်းရဲ့ ကြိုရောင်းစာချုပ်ဈေးနှုန်းက တစ်စည်ကို ၅၉ ဒသမ ၇၁ ဒေါ်လာနှုန်းအထိ ရောက်ရှိလာခဲ့ရာ မတ်လ ၂၆ ရက်နေ့ နောက်ဆုံးအချိန်ရောက်ရှိခဲ့တဲ့ ဈေးနှုန်းထက် ၆ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပါတယ်။

အမေရိကန် ရေနံစိမ်းဈေးက တစ်စည်ကို ၅၁ ဒသမ ၇၆ ဒေါ်လာနှုန်းကနေ ၂ ဒသမ ၅၅ ဒေါ်လာထပ်မံမြင့်တက်ခဲ့ပါတယ်။

Houthi သူပုန်တွေကို အီရန်နိုင်ငံက ထောက်ပံ့မှုတွေ ပေးထားတဲ့အတွက် ယီမင်မှာဖြစ်ပေါ်နေတဲ့ တိုက်ခိုက်မှုတွေကြောင့် ဖြစ်ပေါ်လာမယ့် ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်တွေက ပိုမိုမြင့်တက်လာနိုင်ပါတယ်။ အဲဒီအခြေအနေတွေကြောင့် အလွန်အမင်းစိုးရိမ်မကင်းဖြစ်မိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ မတ် ၂၆ ရက်က ပြောပါတယ်။

ရေနံစိမ်းအပြင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas -LNG) ကိုအရှေ့အလယ်ပိုင်းဒေသမှ အများဆုံး တင်ပို့လျက်ရှိပေမယ့် လောလောဆယ် စိုးရိမ်စရာမဟုတ်သေးဘူးလို့ သွင်းကုန်လုပ်ငန်းရှင်တွေက ပြောပါတယ်။



# ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းဒေသနဲ့ လာအိုကိုဆက်သွယ်ပေးတဲ့ မဲခေါင်မြစ်ကြောင်းလမ်း ဖွံ့ဖြိုးရေးကို ဆောင်ရွက်မည်

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းဒေသရှိလိုအေးနဲ့ နောင်ခိုင်ဒေသကို လာအိုနိုင်ငံရှိလွမ်ဘရာဘန်နဲ့ ဗီယန်ကျင်းတို့နဲ့ ဆက်သွယ်ပေးမယ့် မဲခေါင်မြစ်ကြောင်းလမ်းဖွံ့ဖြိုးရေးစီမံကိန်းကို ထိုင်းနိုင်ငံအမျိုးသားခရီးသွားလုပ်ငန်းကော်မတီက သဘောတူလက်ခံခဲ့ကြောင်း နေရှင်းသတင်းမှာ ဖော်ပြပါတယ်။

စီမံကိန်း အကောင်အထည်ဖော်ရတဲ့ ရည်ရွယ်ချက်က နယ်စပ်ဖြတ်ကျော်ခရီးသွားလာမှု တိုးတက်စေဖို့ဖြစ်ကြောင်း သီးသန့်နယ်မြေများခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအဖွဲ့ (Dasta) လက်ထောက်ညွှန်ကြားရေးမှူးချုပ် ချူဝမ်မစ်ချော့ကပြောပါတယ်။

ပထမဆုံး ဆောင်ရွက်ရမယ့်လုပ်ငန်းက လိုအေးမှာရှိတဲ့ ချန်ခန်းခရိုင်ရဲ့ မျက်နှာချင်းဆိုင်က မောင်ဆာနာခမ်းမှာ စစ်ဆေးရေးစခန်းတစ်ခုနဲ့ လိုအေးရှိပတ်ချွမ်ရဲ့ မြစ်တစ်ဖက်ကမ်းမှာရှိတဲ့ ဘန်းဝမ်းမှာ စစ်ဆေးရေးစခန်းတစ်ခုကို လာအိုနိုင်ငံက ဖွင့်ပေးဖို့ဖြစ်ကြောင်း မတ်လ ၂၃ ရက်နေ့ကပြောပါတယ်။

ထိုင်းနိုင်ငံကလည်း ချန်ခန်းဒေသမှာ ဂိတ်တစ်ခုဖွင့်လှစ်ဖို့ စိတ်ဝင်စားနေပါတယ်။ "နယ်စပ်ဂိတ်နှစ်ခုကို ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် ထိုင်းခရီးသွားတွေက လိုအေးမှာရှိတဲ့ သာလီခရိုင်က လက်ရှိ ထိုင်းစစ်ဆေးရေးစခန်းတွေကတစ်ဆင့် လာအိုနိုင်ငံထဲကို သွားရောက်နိုင်မှာဖြစ် ပါတယ်" လို့ သူကပြောပါတယ်။

လိုအေး-ဇာယာဘူရီ-လွမ်ဘရာဘန်လမ်း၊ လိုအေး-ဗီယန်ကျင်း-ချန်ခန်း-လွမ်ဘရာဘန်လမ်းနဲ့ ချန်ခန်း-လွမ် ဘရာ ဘန်လမ်းစတဲ့မြစ်ကြောင်းနဲ့ ကုန်းကြောင်းလမ်းတွေကို ထပ်မံတိုးချဲ့ဆက်သွယ်နိုင်အောင် Dasta အနေနဲ့ ပြင်ဆင်ထားဖို့ အမျိုးသားခရီးသွားလုပ်ငန်းကော်မတီက ဆန္ဒရှိနေပါတယ်။

Chiang Khan Position Model ဆိုတဲ့အမည်နဲ့ ပြည်သူလူထုအခြေပြုခရီးသွားလုပ်ငန်း ရှေ့ပြေးစမ်းသပ်ချက်စီမံကိန်းအဖြစ် ဆောင်ရွက်ဖို့ ချန်ခန်းကို ရွေးချယ်ထားပါတယ်။ ဒီစီမံကိန်းအရ မဲခေါင်မြစ်ပေါ်မှာရှိတဲ့ ရှေးဟောင်းမြို့ ချန်ခန်းနဲ့ လာအိုနိုင်ငံထဲမှာရှိတဲ့ မြို့တွေကိုဆက်သွယ်ပေးပြီး နှစ်နိုင်ငံအတွင်းမှာရှိတဲ့ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၀နှစ်အတွင်း လိုအေးကို သွားတဲ့ခရီးသည်တွေ ထူးထူးခြားခြား တိုးတက်လာခဲ့ပါတယ်။ လူဦးရေအနေနဲ့ကြည့်ရင် ၂၀၀၃ ခုနှစ်မှာ ၇၆၀၀၀၀ ရှိရာမှ ၂၀၁၄ ခုနှစ်မှာ ၁ ဒသမ ၉ သန်းထိ ရှိခဲ့ပါတယ်။ ဝင်ငွေအနေနဲ့ ဘတ်သန်း ၈၉၀ ကနေ သုံးဆမြင့်တက်ပြီး ဘတ် ၃ ဒသမ ၁ ဘီလီယံထိ ရရှိခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# စက်မှုဇုန် ၁၃ ခုဖွံ့ဖြိုးရေးအတွက် အင်ဒိုနီးရှားအစိုးရကြိုးပမ်း

ဂျာဗားကျွန်းအပြင်ဘက်ရှိ နယ်မြေများမှာဆောင်ရွက်ထားတဲ့ စက်မှုနယ်မြေ ၁၃ ခုဖွံ့ဖြိုးရေးကိုအထောက် အကူပေးနိုင်ဖို့အတွက် အင်ဒိုနီးရှားအစိုးရက သယ်ယူပို့ဆောင်ရေးအထောက်အကူပြုလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းဘုတ်အဖွဲ့ (Bappenas) ရဲ့ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

"ကျွန်တော်တို့ရဲ့ဦးစားပေးက စက်မှုနယ်မြေတွေကို ပင်လယ်ဆိပ်ကမ်းတွေ၊ ရထားလမ်းတွေနဲ့ ဆက်သွယ်ပေး ဖို့ဖြစ်ပါတယ်"လို့ Bappenas ရဲ့ သယ်ယူပို့ဆောင်ရေးညွှန်ကြားရေးမှူး ဘမ်ဘန်းပရီဟာတိုနိုက မတ်လ ၂၄ ရက်နေ့က ပြောပါတယ်။

ဒီကဏ္ဍနှစ်ခုစလုံးက ဘတ်ဂျက်ဝေစု အများကြီးရရှိမှာဖြစ်ပြီး မီးရထားလမ်းများအတွက် ရူပြား ၁၀ ထရီလီယံ (ဒေါ်လာ ၇၆၈ ဒသမ ၂၉ သန်း) နဲ့ပင်လယ်ဆိပ်ကမ်းစီမံကိန်းတွေအတွက် ရူပြား ၁၇ သန်း ကုန်ကျမှာဖြစ်ကြောင်း ဘမ်ဘန်းကပြောပါတယ်။

ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်မယ့် ပင်လယ်ဆိပ်ကမ်းတွေထဲမှာ မြောက်စုမတြားရှိ ကွာလာတန်ဂျုန်း၊ အရှေ့ဂျာဗားရှိ တန်ဂျုန်းပါရက်၊ အနောက်ကလီမန်တန်ရှိ ပွန်တန်နက်၊ မြောက်စူလာဝေစီရှိ ဘီတန်း၊ တောင်ပိုင်း စူလာဝေစီရှိ မာကာဆာစတဲ့ဒေသတွေပါဝင်ပါတယ်။

ရထားလမ်းစီမံကိန်းတွေက မာနာဒို-ဘီတန်း(မြောက်စူလာဝေစီ) ဆေးမန်းကဲ-ဘန်ဒါ-ကွာလာတန်ဂျုန်း (မြောက်စုမတြား)နဲ့ ပါဆိုဆို-တန်ဂျုန်းပရီရောဲ(ဂျကာတာ)လမ်းတွေဖြစ်ပါ တယ်။

ရထားလမ်းစီမံကိန်းများကို ဒီဇိုင်းရေးဆွဲနေဆဲဖြစ်ပေမယ့် ရထားလမ်း စီမံကိန်းတွေအားလုံးကို ၂၀၁၆ ခုနှစ်ထဲမှာ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ဘမ်ဘန်းကပြောပါတယ်။ ၂၀၁၅-၂၀၁၉ ခုနှစ်ကာလအတွင်း ဒီနယ်မြေတွေမှာ မော်တော်ကားလမ်းနဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေတည်ဆောက်ဖို့ အပါအဝင် အခြေခံအဆောက်အအုံစုစုပေါင်းအတွက် ရူပြား ၅၅ ဒသမ ၄၅ ထရီလီယံသုံးဖို့ အစိုးရကလျာထားကြောင်း သူကပြောပါတယ်။